# NetGuidE

IT, Electronics & Communication Journal

VOL : 3, ISSUE : 1 | 14 SEPTEMBER 2013, SATURDAY


















## IT News of the Week

IFA CONSUMER ELECTRONICS UNLIMITED
The global innovations show.
6-11 September 2013

Latest IT News of Samsung Galaxy Showbiz, Android New OS KitKat, Busy Business week of Microsoft-Nokia Deal & BlackBerry's Future Owner together with IFA 2013 Show and many more . . .

## SPECIAL COLLECTION

LAPTOP, ELECTRONIC, AUDIO, RELATED & MORE

- မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံအချို့သို့ International Roaming ချိတ်ဆက်ရာတွင် နည်း ၂ နည်းဖြင့် ချိတ်ဆက်ထား
- Japan Product Expo 2013 ပြပွဲကို ၄ ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်
- မိုဘိုင်းဖုန်းဖြင့် Flight Schedule များကို သိရှိနိုင်မည့် Mobile Apps ကို အခမဲ့ရယူနိုင်
- JAS Big Smartphone အသစ် ပြည်တွင်းဈေးကွက်တွင် ဝယ်ယူနိုင်
- Sony အမှတ်တံဆိပ် Memory card, External Hard disk, USB Charger များကို မိတ်ဆက်ပြသခဲ့
- LG Electronics Myanmar Branch မှ ရန်ကုန်နည်းပညာတက္ကသိုလ်ကို နည်းပညာပိုင်းအရ ကူညီမည်
- ကံစမ်းမဲဖောက်ပေးနိုင်သော Lucky Draw Application ကို New Worth မှ ဖြန့်ချိပေးလျက်ရှိ
- Surface Pro 2 အသေးစိတ် ထွက်ပေါ်လာခဲ့
- Xiaomi က အဆင့်မြင့် Miphone 3 Smartphone သစ်ကို ကြေညာ
- Galaxy S4 နှင့် S3 ဖုန်းများကို Android 4.3 မြှင့်ပေးမည်




**Article**

ကျောင်းသူကျောင်းသားများနှင့် အီးသင်ရိုးစာအုပ်



**Special Report**

Let's Enjoy
ONLINE SHOPPING


# T-Max Mobile

*Miss T-Max - 2014* ရွေးချယ်ပွဲကြီးကို *2013* ဒီဇင်ဘာလမှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာပြည်အရပ်ရပ်မှ ပြိုင်ပွဲဝင်လိုသူများ *T-Max Mobile* ချစ်သူ မိဘပြည်သူများ အားလုံးပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန်

*T-Max Mobile Facebook Page* တွင်

*Like* အများဆုံးရရှိသူ (၁၂)ဦးကို ပမာဏရွေးချယ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက် ယှဉ်ပြိုင်စေမှာဖြစ်ပါသည်။ အသေးစိတ်အချက်အလက်နှင့် လျှောက်လွှာပုံစံများကို

*T-Max Mobile Facebook Page* တွင် ဝင်ရောက်ကြည့်ရှုယူနိုင်ပါသည်။

ပထမဆု - ဆယ်သိန်းကျပ်
(*T-Max Mobile Brand Ambassador* နှင့် အခြားခံစားခွင့်များ)
ဒုတိယဆု - ငါးသိန်းကျပ်
တတိယဆု - သုံးသိန်းကျပ်

Like us on Facebook
www.facebook.com/T-max mobile

NO.1 BRAND IN THAILAND

1 Year Service Warranty



**A518**

- Supports 2 Sim.
- Operating system Android.
- 3.5-inch touch screen.
- Screen resolution 320 × 480 pixels.
- Wifi/Bluetooth/MP3/MP4/FM Radio.
- Camera front / Back 0.3 / 1.3 megapixels.

Myanmar Font Available

Made in Thailand

Hot Line - 09 440222333

SSCL Company Limited

No. 106, Building(B), Yuzana Lane(2), Highway Complex, Kamaryut Township, Yangon, Republic Of The Union Of Myanmar
Ph : 09-31398777, 09-31397977, 09-31397877

# ASUS®

Inspiring Innovation • Persistent Perfection




## ASUS VivoBook

### Transform your expectations with the world's best-selling touch laptop*

intel inside CORE i7 | Ultrabook™ Inspired by Intel

**$909**

**Vivo Book S550CB-CJ145H**

IntelCorei5-3337U-1.8 GHz | 4GD3/1600 up to 8G | 24G SSD+Sata 750G | Nvidia GT740M(2G)DDR3 | 15.6"HD Color Shine(LED) | DRW

Window 8 | Touch Screen | 4cell Li-ion battery

Instant On | Intuitive Touch | Smart Gesture | SonicMaster | Ultra Slim Stylish Mobility | 32GB 3 years FREE

**K46CB-WX103H** — $ 899

- IntelCorei7-3537U-2.0 GHz
- 4GD3/1600 up to 8G
- Sata 750G(5400rpm)
- Nvidia GT740(2G)DDR3
- DRW, Window 8
- 14"HD Color Shine(LED)
- 4 Cell- Li-ion battery

Color



**X450CC-WX117D** — $ 619

- IntelCorei5-3337U-1.8 GHz
- 4GD3/1600 up to 8G
- Sata 500G(5400rpm)
- Nvidia GT720(2G)DDR3
- DRW
- 14"HD Color Shine(LED)
- 4 Cell- Li-ion battery

Color



**X450CC-WX068D** — $ 539

- IntelCorei3-3217U-1.8 GHz
- 4GD3/1600 up to 8G
- Sata 500G(5400rpm)
- Nvidia GT720(2G)DDR3
- DRW
- 14"HD Color Shine(LED)
- 4 Cell- Li-ion battery

Color



**X450CA-WX014D** — $ 499

- IntelCorei3-3217U-1.8 GHz
- 4GD3/1600 up to 8G
- Sata 500G(5400rpm)
- Intel GMA
- DRW
- 14"HD Color Shine(LED)
- 4 Cell- Li-ion battery

Color



**X450CC-WX069D** — $ 499

- Intel Pentium 2117 1.8 GHz
- 4GD3/1600 up to 8G
- Sata500G(5400rpm)
- Nvidia 720(2G)DDR3
- DRW
- 14"HD(LED)
- 4 Cell- Li-ion battery

Color



**X450CA-WX064D** — $ 389

- Intel 1007 U 1.5 GHz 2M
- 4GD3/1600 up to 8G
- Sata500G(5400rpm)
- Intel GMA
- DRW
- 14"HD(LED)
- 4 Cell- Li-ion battery

Color



Gifts for ASUS Notebook Buyer >>> ASUS Bag, ASUS Mouse

Golden Power Technology
**Golden Power Technology**
Computer Parts & Peripheral Distribution

**YGN Office** : No.4, 13th Street, Lanmadaw Tsp., Yangon, Myanmar.
Tel : (01) 226664, 215815, 215811, 215808, 210943.
sales@gpt-mm.com, support@gpt-mm.com| www.gpt-mm.com

**MDY Office** : B-2, 78th Road, Between 27th-28th Street,
Chan Aye Thar Zan Tsp., Mandalay, Myanmar.
Tel : 09-910-43-803, 0940-260-20-20, 0973-214926

အသေးစိတ် ဖော်ပြချက်အားလုံး အပြောင်းအလဲရှိနိုင်ပါသည်။ ဖြန့်ချိရောင်းချသောသူထံမှ ရရှိနိုင်သော တိကျသည့် အသေးစိတ် ဖော်ပြချက်ကို ကျေးဇူးပြု၍ စစ်ဆေးပါ။ ပစ္စည်း၏ အရောင်နှင့် Software Version များ အပြောင်းအလဲရှိနိုင်ပါသည်။ ဖော်ပြပါတံဆိပ်နှင့် ထုတ်ကုန်ပစ္စည်းအမည်များသည် သက်ဆိုင်ရာ ကုမ္ပဏီများ၏ ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြစ်သည်။ ASUS Notebook များတွင် နိုင်ငံတကာပစ္စည်းနှင့်လက်ခ အခမဲ့ အာမခံ (၂)နှစ် အပြင် ပြည်တွင်းပြင်ဆင်ခြင်းလက်ခမဲ့ (၁)နှစ်ပါရှိသည်ကို သတိပြုပါ။

MRG YANGON
mobile repairing group

# Mobile Repairing Group

GSM, CDMA, ( Software, Hardware ) မိုဘိုင်းဖုန်း အထူးပြုပြင်နည်းသင်တန်း

အမှတ် (၁၅/၁၇,2B ပထမထပ် ), ရန်ကုန်.အင်းစိန်လမ်း၊ လှည်းတန်း မှတ်တိုင်ရှေ့, ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း. 09 5502144 , 09 73211388 , 09 42000 1144 , 09 732 45944

## Software Training Course

### Apple iOS Course

iOS အသုံးပြုထားသော Apple Devices များကို

1.Using iTunes, iTools and iFunbox
2.Games and Application Installation
3.System Backup and Restore
4.Firmware Upgrade and Downgrade
5.System Error Repairing
6.Jailbreaking Techniques
7.Software Installation and Configuration
8.Custom Firmware Installation
9.Network and User Unlocked
10.Apple Account Creating
11.Online/ Offline deb installation

### Android OS Course

Android OS အသုံးပြုထားသော Samsung, Sony, HTC, Huawei, ZTE စသော Smart phone များကို

1.Using Android PC Suites, ADB Command
2.Games and Applications Installation
3.System Backup and Restore
4.Firmware Upgrade and Downgrade
5.System Error Repairing
6.Root for All Devices
7.Custom ROM Installation
8.Network and User Unlocked
9.Bootloader Unlock S ON /OFF
10.Myanmar Font/Keyboard Installation

### Other OS Course

Java,Symbian, Blackberry, Windows 7 အသုံးပြုထားသော Phone များကို

1.Game and Application Installation
2.System Backup and Restore
3.Firmware Upgrade and Downgrade
4.Hacking , Rooting
5.Software Error Repairing
6.Tool Boxs (SE-LG Tool, Turbo Box, Spider
7.Man Box,GPG Dragon,HTC Clip,Unlocking
8.CDMA 450 Firmwar Repairing
9.Firmware Backup and Restore
10.Flashing (without Tool Box)
11.Flashing (using Tool Box)

## Hardware Training Course

GSM, CDMA-800/450 Handset များနှင့် Fixedphone များကို Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းအား

1. Electronic အခြေခံမှစတင်၍ သင်ကြားပေးခြင်း။
2. Analouge, Digital Meter, Soldering, Heat-Gun, Power Supply အသုံးပြုနည်း။
3. IC နှင့်အခြေခံပစ္စည်းများကို Hardware ပိုင်းဆိုင်ရာ ပြစ်ချက် ရှာဖွေခြင်း၊ ဖြုတ်လဲခြင်း။
4. GSM, CDMA-800/450 MHZ Handset and Fixed Phone Schematic Curcit Diagram Reading
5. PCB Board ပြားရှိ IC များအားခွဲခြားနည်း၊ Layout Diagram တွင်ရှာဖွေခြင်း
6. Teradown step by step Video Tutorial များပြသပေးခြင်း။
7. Theory နှင့် Pratical ပိုင်းကိုစာတွေ့လက်တွေ့မျှတအောင် သင်ကြားပေးခြင်း။
8. Theory နှင့် Pratical ပိုင်းဆိုင်ရာကို လက်တွေ့လုပ်ငန်းခွင် ဝင်နိုင်သည့်အထိ သင်ကြားပေးခြင်း။
9. Volt ပိုင်းဆိုင်ရာနှင့် IC များကို Jumper ကျော်ခြင်း။
10. China Handset များရှိ Hardware ပိုင်းဆိုင်ရာ ပြစ်ချက်များကို ရှာဖွေပေးခြင်း၊ ပြန်လည်ပြုပြင်နိုင်စေရန် လွယ်ကူရှင်းလင်းစွာသင်ကြားပေးခြင်း။

## သင်တန်းမှ အပြည့်အဝ ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများ

* သင်တန်းသား တစ်ဦးလျှင် model မြင့် laptop,device တစ်လုံးစီ ဖြင့် စာတွေ့လက်တွေ့သင်ကြားပေးခြင်း။
* သင်တန်းသားတိုင်းကို လိုအပ်သော firmware, games နှင့် applications များကို 700 GB အခမဲ့ ပေးခြင်း။
* သင်တန်းပြီးဆုံးပါက on job training ဆင်းနိုင်ရန် အပြည့်အဝ ကူညီပေးပြီးအလုပ်အကိုင် ရှာဖွေပေးခြင်း။
* Phone ဆိုင်ဖွင့်လိုသူများအတွက် distributer များနှင့် ချိတ်ဆက်ပေးခြင်း။
* သင်တန်းပြီးနောက် Update ဖြစ်သော data များကို သင်တန်းတွင် အခမဲ့လာရောက်ထုတ်ယူခြင်းနှင့် လိုအပ်သည်များကို အသုံးပြုခွင့် ပေးခြင်း။
* နယ်မှသင်တန်းသားများအတွက် ရေ ၊ မီး ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်သော အဆောင်အခမဲ့ စီစဉ်ပေးခြင်း။
* အသစ်-အသစ် ထွက်ရှိနေသော နည်းပညာသစ်များအတွက် စဉ်ဆက်မပြတ် ဆက်လက်ပံ့ပိုးပေးခြင်း။
* မိုဘိုင်းဖုန်းဆိုင်များအတွက် လိုအပ်သော Techanicians ဝန်ထမ်းများကို MRG မှစိတ်တိုင်းကျသည့်အထိ အခမဲ့ဝန်ဆောင်မှုပေးခြင်း။
* Service Techanicians အဖြစ်လုပ်ကိုင်လိုသူများအတွက် Mobile Phone အရောင်းဆိုင်များတွင် အလုပ်သွင်းပေးခြင်း

## 4.10.2013 တွင်သင်တန်းအပတ်စဉ် (39) ဖွင့်မည်...

<<<<<<< သင်တန်းသားများ စတင်လက်ခံနေပါပြီ။ >>>>>>>

2, 9, 2013 မှ 20, 9, 2013 အတွင်းလာရောက်အပ်နှံပါက Software 20 %

Hardware 20 %

### Time Table
Monday To Friday

| Software | Hardware |
|---|---|
| 9:30 - 11:30 | 9:00 - 12:00 |
| 12:30 - 2:30 | 12:30 - 3:30 |
| 4:00 - 6:00 | 4:00 - 7:00 |

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံအချို့တို့ International Roaming ချိတ်ဆက်ရာတွင် နည်းနှစ်နည်းဖြင့် ချိတ်ဆက်ထား

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံအချို့တို့ International Roaming ချိတ်ဆက်ရာ၌ အပြန်အလှန်တိုက်ရိုက် ချိတ်ဆက်ထားသော Bilateral နည်းနှင့်ကြားခံ Hub မှတစ်ဆင့် ချိတ်ဆက်နည်းစသော နည်းနှစ်နည်းဖြင့် ချိတ်ဆက်ထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းသတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း သတင်း ဖော်ပြချက်အရ သိရှိရသည်။ Bilateral နည်းကိုအသုံးပြု၍ တရုတ်နိုင်ငံရှိ China Unicom၊ ဗီယက်နမ်နိုင်ငံရှိ (Vina Phone) and (Viettel Corporation)၊ (Star Hub Mobile) and (Sing Tel Mobile)၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးဒေသရှိ Hutchison (HGC) and (HKT)၊ အင်ဒိုနီးရှားနိုင်ငံရှိ (TELKOSEL)၊ ထိုင်းနိုင်ငံရှိ True Move စသော Operator များနှင့် အပြန်အလှန်ချိတ်ဆက်ထားသည်။

Roaming Hub အနေဖြင့်လက်ရှိ Viettel Hub ကို အသုံးပြုကာ ဘင်္ဂလားဒေ့ရှ်... ဘရူနိုင်းဒါရူဆလမ်နိုင်ငံရှိ (DST Com)၊ ကမ္ဘောဒီးယားနိုင်ငံရှိ (Metfone)၊ လာအိုနိုင်ငံရှိ (Unitel)၊ မလေးရှား နိုင်ငံရှိ (CELCOM)၊ ဖိလစ်ပိုင်နိုင်ငံရှိ (SMART)၊ စင်္ကာပူနိုင်ငံရှိ (M One)၊ တောင်ကိုရီးယားနိုင်ငံရှိ (Korea Telecom)၊ ဂျပန်နိုင်ငံရှိ (Softbank)၊ သီရိလင်္ကာနိုင်ငံရှိ (Korea Telecom)၊ ဂျပန်နိုင်ငံရှိ (softbank)၊ သီရိလင်္ကာနိုင်ငံရှိ (DIACOG) စသော Operator များနှင့် ချိတ်ဆက်ထားသည်။ ထို့အပြင် Orange Hub ကို အသုံးပြုကာ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် စပိန်နိုင်ငံတို့ရှိ Orange Operator၊ တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးဒေသရှိ (CSL)၊ တရုတ်နိုင်ငံ၊ ထိုင်ဝမ်အထူးဒေသရှိ (Taiwan Mobile)၊ မလေးရှားနိုင်ငံရှိ (U Mobile)၊ အိန္ဒိယနိုင်ငံရှိ (Aircel)၊ ကမ္ဘောဒီးယားနိုင်ငံရှိ (latelz-smart)၊ ဘယ်လ်ဂျီယံနိုင်ငံရှိ (Mobi Star)၊ လူဇင်ဘတ်နိုင်ငံရှိ (Orange)၊ အိုက်စ်လန်နိုင်ငံရှိ (NOVA)၊ အိန္ဒိယနိုင်ငံရှိ (Tata)၊ သီရိလင်္ကာနိုင်ငံရှိ (Barthi)၊ ကာတာနိုင်ငံရှိ (Ooredoo)၊ အိန္ဒိယနိုင်ငံရှိ (Barthi Airtel)၊ ပြင်သစ်နိုင်ငံရှိ (Free Mobile)၊ ဘရူနိုင်းနိုင်ငံရှိ (B Mobile)၊ လာအိုနိုင်ငံရှိ (Lao Tel) စသော Operator များနှင့် ချိတ်ဆက်ထားကြောင်း သိရှိရသည်။

နိုင်ငံပေါင်း (23) နိုင်ငံရှိ Operator ပေါင်း (44) ခုနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ၎င်းနိုင်ငံများ၏မိုဘိုင်းသုံးစွဲသူများသည် မြန်မာနိုင်ငံသို့ လာရောက်သုံးစွဲနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းရှိ မိုဘိုင်းဖုန်း သုံးစွဲသူများလည်း အဆိုပါ နိုင်ငံများသို့ သွားရောက်သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# Mobile Repairing Group ပညာဒါန သင်တန်းများဖွင့်လှစ်မည်

Mobile ဖုန်း နည်းပညာကို အမှန်တကယ်စိတ်ဝင်စားပြီး သင်တန်းကြေးအမှန်တကယ် မတတ်နိုင်သူများအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအဖြစ် အဆင်ပြေပြေရပ်တည်နိုင်ရန် ကူညီပံ့ပိုးပေးလိုသော ရည်ရွယ်ချက်ဖြင့် MRG မှ ပညာဒါနသင်တန်းများကို (4.10.2013) နေ့တွင် စတင်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရှိရသည်။

Mobile ဖုန်းနှင့်ပတ်သက်သည့် Software နှင့် Hardware (2) မျိုးစလုံးကို အခြေခံမှစ၍ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ ဘာသာရပ်တစ်ခုစီအတွက် သင်တန်းကာလမှာ (1) လခွဲကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက MRG ၏ မွမ်းမံသင်တန်းတွင် အချိန်မရွေး တစ်သက်တာအခမဲ့ တက်ရောက်နိုင်သည်။ သင်တန်းကာလအတွင်း နေထိုင်ရေးအတွက် အဆောင်ကြေးအခမဲ့စီစဉ်ပေးမည်ဖြစ်ကာ သင်တန်းပြီးဆုံးပြီးနောက် အလုပ်အကိုင် ရရှိသည်အထိ မေတ္တာဖြင့် ဆက်လက်ကူညီပံ့ပိုးပေးမည်။ Computer အခြေခံမရှိသူများအတွက် Computer အခြေခံသင်တန်းကိုလည်း အခမဲ့ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းလျှောက်ထားမည့်သူများသည် (13.9.2013) နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း–09 732 45944 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

*ပြည့်ဖြိုး*

# Intex Aqua i-5 Smartphone ကို ၁၉၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူရရှိနိုင်

India brand တစ်ခုဖြစ်သည့် Intex Aqua i-5 smartphone ကို ဈေးနှုန်း ၁၉၀၀၀၀ ဝန်းကျင်ဖြင့် တစ်နှစ်အာမခံ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ အဆိုပါ smart phone ၏ CPU မှာ Quad-core 1.2 GHz ဖြစ်ပြီး RAM သည် 1GB ပါရှိသည်။ မျက်နှာပြင်အရွယ်အစားမှာ (5.0) လက်မဖြစ်ပြီး Screen Resolution မှာ 540 x 960 pixel ဖြစ်သည်။ 3G ကွန်ရက်တွင် အသုံးပြုနိုင်ပြီး Dual Sim စနစ်ဖြစ်သောကြောင့် GSM နှင့် WCDMA နှစ်မျိုးစလုံးကို အသုံးပြုနိုင်သည်။ Android version မှာ 4.2 (Jelly Bean) ဖြစ်သည်။ Back Camera အရည်အသွေးမှာ 12 mega-pixel ဖြစ်ပြီး Front camera သည် 2 megapixel ဖြစ်သည်။ မြန်မာနိုင်ငံမှ User များအတွက် အကြိုက်တွေ့စေမည့်အချက်သည် Root ဖောက်ကာ အသုံးပြုနိုင်ခြင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါကဖုန်း – 09-4308 5442 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရှိရသည်။ *ဝေမင်းဟန်*



အကောင်းဆုံး အမှတ်တံဆိပ်ကိုသာ ရွေးချယ်သုံးစွဲပါ။

နိုင်မာတိကျသော အာမခံနှင့် ဝန်ဆောင်မှုများအတွက်
ကုမ္ပဏီအမှတ်တံဆိပ် ပါရှိသော အရည်အသွေးစစ်မှန်သည့်
ပစ္စည်းများကို ရွေးချယ်ဝယ်ယူ အသုံးပြုပါ..

**M4 1011TX** 710,000
Intel 3rd Core i5 3305M/2.6GHz
4GB DDR3/1TB(5400RPM)
NVIDIA Geforce HD 730M(2GB)
14.1"HD bright view LED display
DVD RW/Wireless/Bluetooth/Webcam
HDMI/USB 3.0/Cardreader/HD Audio

**G4 B007AU** 360,000
AMD Dual Core 1.4 GHz
4GB DDR3/500GB HDD
ATI Radeon HD 7310M(1GB)
14.1"HD bright view LED display
Wireless/USB 3.0/Webcam
HDMI/Bluetooth/Cardreader/HD Audio

1 Year Fully warranty

(အမြို့မြို့အနယ်နယ်ရှိ Computer အရောင်းဆိုင်ကြီးများတွင်ရရှိနိုင်ပါသည်။)

**A4 1309AU** 370,000
AMD Dual Core 1.9GHz
4GB DDR3/500GB HDD
ATI Radeon Graphic 6480G
14.1"HD bright view LED display
Wireless/Bluetooth/HDMI/USB 3.0
Webcam/Cardreader/DVD RW/HD Audio

**G4 2318TX** 610,000
Intel Core 3rd i5 3230M/2.6GHz
6GB DDR3/500GB HDD
ATI Radeon HD 7310M(1GB)
14.1"HD bright view LED display
Wireless/USB 3.0/Webcam/DVD R/W
HDMI/Bluetooth/Cardreader/HD Audio

**HP 450s** 560,000
Intel Core 3rd i5 3230M 2.6GHz
4GB DDR3/500GB HDD
ATI Radeon HD 7450M(1GB)
14.1"HD bright view LED display
Wireless/Webcam/HDMI/HD Audio
Cardreader/DVD RW/USB 2.0/Bluetooth 4.0

**HP 1403TX** 480,000
Intel Core i3 2348M/2.3GHz
4GB DDR3/HDD 500GB
ATI Radeon HD 7450M(1GB)
14.1" HD bright view LED display
Wireless/USB 2.0/DVD RW/Webcam
HDMI/Cardreader/HD Audio

GPT
**GOLDEN PHOENIX TECHNOLOGY**
Website : www.gpttechnology.com

(YANGON) Head Office
No.206 (B), Bogyoke Aung San road, between Bo Aung Kyaw street and Thein Phyu street, Botahtaung Township,Yangon.
Ph : 392576,09-421112145
Email : market@gpttechnology.com
Website : www.gpttechnology.com

(MAGWAY) Branch Office
No.23/24, Beside of District Stadium, University avenue, Near the football field,Magway Township, Magway division.
Ph : 09-421112149
Email : sales02@gpttechnology.com
service@gpttechnology.com

its COMPUTER SALES & SERVICES

**SPECIAL PROMOTION**
(9.9.2013 to 19.9.2013)

**A4 1309AU** 370,000
AMD Dual Core/ 1.9GHz
4GB DDR3/ 500GB/ 14" LED LCD
ATI Radeon 6480M / Wireless/ Bluetooth

**G4 2318TX** 610,000
Intel Core 3rd i5 3230M/2.6GHz
4GB DDR3/ 1TB/ 14" LED LCD
ATI Radeon 7310M(1GB)/ Wireless/ Bluetooth

**HP 1403TX** 480,000
Intel Core i3 2348M/ 2.3MHz
4GB DDR3/ 500GB/ 14" LED LCD
ATI Radeon 7480M(1GB)/ Wireless/ Bluetooth

**M4 1011TX** 710,000
Intel Core i5 3rd 330MM/2.6GHz
6GB DDR3/ 500GB/ 14" LED LCD
NVIDIA Gefore 730M(2GB)/ Wireless/Bluetooth

အမှတ်(၂၀၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၃၇၁၃၃၃၆၊ ၀၉ ၇၃၁၇၀၇၉၅

OKER® Always Be with you...

နိုင်မာတိကျသော အာမခံနှင့် ဝန်ဆောင်မှုများအတွက် ကုမ္ပဏီအမှတ်တံဆိပ်
ပါရှိသော အရည်အသွေးစစ်မှန်သည့် ပစ္စည်းများကို ရွေးချယ်ဝယ်ယူ အသုံးပြုပါ..

**9000KS**
KB-338
SLIM + DESKTOP
WATERPROOF KEYBOARD
USB MOUSE
PS2 KEYBOARD

**7000KS**
KB-377
SLIM + DESKTOP
WATERPROOF KEYBOARD
USB Cable

**5000KS**
DL-003
1000 dpi
Optical Gaming
Wired Mouse

**5000KS**
3D
800 dpi
Optical Gaming
Wired Mouse

(အမြို့မြို့အနယ်နယ်ရှိ Computer အရောင်းဆိုင်ကြီးများတွင်ရရှိနိုင်ပါသည်။)

GPT
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
**GOLDEN PHOENIX TECHNOLOGY**
Website : www.gpttechnology.com

(YANGON) Head Office
No.206 (B), Bogyoke Aung San road, between Bo Aung Kyaw street and Thein Phyu street, Botahtaung Township,Yangon.
Ph : 392576,09-421112145
Email : market@gpttechnology.com
Website : www.gpttechnology.com

(MAGWAY) Branch Office
No.23/24, Beside of District Stadium, University avenue, Near the football field,Magway Township, Magway division.
Ph : 09-421112149
Email : sales02@gpttechnology.com
service@gpttechnology.com

## How To

# Office 2010 တွင် အရေးကြီးသည့် Documentsများ လုံခြုံအောင်ပြုလုပ်နည်း

အရေးကြီးတဲ့ Documents များကို လုံခြုံစိတ်ချရအောင် ပြုလုပ်ရတတ်ပါတယ်။ အခုတစ်ပတ်မှာတော့ Office 2010 မှာ Documents များကို Password ထည့်သွင်းပြီး Restrict ပြုလုပ်နည်းကိုဖော်ပြပေးမှာဖြစ်ပါတယ်။ ဒီပြုလုပ်နည်းမှာ Word Document ကိုအသုံးပြုပြီး ဖော်ပြပေးထားပေမယ့် Excel မှာလည်း လုပ်ပုံလုပ်နည်းအတူတူပဲဖြစ်ပါတယ်။



Document တွေကို အခြားသူများဝင်ရောက်ပြီး အပြောင်းအလဲမလုပ်စေချင်တဲ့အခါ File ကို Restrict လုပ်ထားလို့ရမှာပါ။ ပထမဆုံးDocument ကိုဖွင့်ပြီးFile tab ထဲက Info မှာ Protect Document ကိုနှိပ်ပါ။ ပြီးရင် Restrict Editing ကိုရွေးချယ်ပါ။



Document ရဲ့ ညာဘက်မှာ Restrict Formatting and Editing box ပေါ်လာမှာဖြစ်ပြီး Limit formatting and selection types ကို ရွေးချယ်ပါ။



Document ထဲမှာ ဘယ်ဟာတွေကို Edit လုပ်နိုင်မလုပ်နိုင်သိဖို့အတွက် Settings ကို နှိပ်ပါ။





ပြီးရင်တော့ ဒီ Document ကို ဘယ်သူတွေဝင်ရောက်ပြင်ဆင်နိုင်သလဲဆိုတာကို ပြုလုပ်ပေးရမှာပါ။ Exceptions ထဲမှာ More Users ကို နှိပ် user name ကိုထည့်သွင်းပြီး OK နှိပ်ပါ။



ပြင်ဆင်ပြီးသွားရင်တော့ *Yes, Start Enforcing Protection*ကို နှိပ်ပေးပါ။



Passwordရိုက်ထည့်ပြီး OK နှိပ်ပါ။ အဲဒါဆိုရင်တော့ Document ဖိုင်ကို ဘယ်သူမှ အလွယ်တကူဝင်ရောက်ပြုပြင်လို့ မရအောင် ကန့်သတ်ထားပြီးသား ဖြစ်သွားမှာ ဖြစ်ပါတယ်။

# Websites

အင်တာနက်ဆိုတာ လူတချို့အတွက် လေ့လာစရာတွေမကုန်ခမ်းနိုင်တဲ့ နည်းပညာပဒေသာပင်ကြီးလို့ ခေါ်ဆိုနိုင်သလို အသုံးမချတတ်တဲ့သူတွေအတွက်တော့ အချိန်တွေသာ ကုန်ဆုံးသွားတယ် ဘာမှမရလိုက်ပါဘူး။ ဒါဟာ အွန်လိုင်းမှာလေ့လာစရာဝက်ဘ်ဆိုက်တွေကို အသေးစိတ်မရှာဖွေနိုင်လို့ပါ။

အင်တာနက်အသုံးပြုတဲ့သူတွေ အကျိုးရှိစွာအသုံးချနိုင်စေဖို့အတွက် ဒီတစ်ပတ်မှာတော့ ကွန်ပျူတာတွေနဲ့ပတ်သက်ပြီး အသေးစိတ်သိရှိလိုတာတွေကို လေ့လာနိုင်မယ့်ဝက်ဘ်ဆိုက်များ၊ ဂီတချစ်သူများအတွက် သီချင်းစာသားတွေကို တစ်စုတစ်စည်းတည်းကြည့်ရှုခွင့်ရမယ့် ဝက်ဘ်ဆိုက်များ၊ ဂိမ်းကစားရတာကိုနှစ်ခြိုက်သူများအတွက် ဂိမ်းဝက်ဘ်ဆိုက်များအပြင် အခြားသောဝက်ဘ်ဆိုက်တွေကို လေ့လာသူတွေအကြိုက် ဖော်ပြပေးလိုက်ပါတယ်။

### http://www.azlyrics.com/



ဂီတကို ချစ်မြတ်နိုးပြီး သီချင်းသီဆိုရတာကို သဘောကျနှစ်ခြိုက်တဲ့လူတွေအတွက် သီချင်းစာသားတွေကို ဖော်ပြပေးနေတဲ့ဝက်ဘ်ဆိုက်ပါ။ ဝက်ဘ်ဆိုက်ရဲ့ပင်မစာမျက်နှာမှာ ဟော့ဖြစ်နေတဲ့သီချင်းစာသားတွေကို တင်ဆက်ပေးထားပြီး မိမိအလိုရှိတဲ့ သီချင်းစာသားကိုလည်း Search Box မှာအလွယ်တကူ ရှာဖွေနိုင်မှာဖြစ်ပါတယ်။ သီချင်းခေါင်းစဉ်မသိခဲ့ရင် သီဆိုသူရဲ့အမည်ကို ရိုက်နှိပ်ပြီး ရှာဖွေနိုင်မှာပါ။ ဒ့ါအပြင် အဆိုတော်နာမည်နဲ့ ရှာဖွေတဲ့နေရာမှာ အဲဒီအဆိုတော်ရဲ့ယခင်ထွက်ရှိပြီးသားသီချင်း Album တွေနဲ့တကွ သီချင်း စာသားတွေကို ဖော်ပြပေးမှာဖြစ်သလို အဲဒီသီချင်းတွေကိုနားဆင်လိုလျှင်လည်း သီချင်းဝက်ဘ်ဆိုက်နဲ့လင့်ချိတ်ပေးထားတာမို့ သီချင်းလဲနားထောင်ရင်း စာသားကိုပါဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ သီချင်းစာသားပေါင်းမြောက်မြားစွာကို ဖော်ပြပေးထားပြီး ရိုးရှင်းတဲ့ဝက်ဘ်ဆိုက်ရဲ့ စာမျက်နှာကြောင့် အသုံးပြုရလွယ်ကူမှာအမှန်ပါပဲ။

### http://www.games.com/



ဂိမ်းကစားရတာကို သဘောကျနှစ်ခြိုက်တဲ့သူတွေအတွက် ကောင်းနိုးရာရာ ဂိမ်းလေးတွေကို စုစည်းတင်ဆက်ထားတဲ့ ဂိမ်းဝက်ဘ်ဆိုက်ပါ။ Action, Puzzle, Sports စတဲ့ ပုံမှန်အွန်လိုင်းဂိမ်းဝက်ဘ်ဆိုက်တွေမှာ ပါလေ့ရှိတဲ့ဂိမ်းတွေအပြင် Word, Card, Casino စတဲ့ ဂိမ်းအမျိုးအစားတွေကိုလည်း စုံလင်နေအောင်ကစားနိုင်ဖို့ စီစဉ်ထားပါတယ်။ ဘယ်ဂိမ်းကသော့ကစားသူအများဆုံးဖြစ်နေတယ်ဆိုတာကိုလည်းဖော်ပြပေးထားပြီး မိမိနှစ်သက်တဲ့ဂိမ်းရှိရင်လည်း လူမှုရေးဝက်ဘ်ဆိုက်တွေကနေ သူငယ်ချင်းတွေကို ပြောပြလို့ရဦးမှာပါ။ ဂိမ်းတစ်ခုချင်းစီမှာ အဆိုပါဂိမ်းနဲ့ပတ်သက်တဲ့ ကစားပုံကစားနည်းတွေကို Game Review အနေနဲ့ဖော်ပြပေးထားသလို အဲဒီဂိမ်းနဲ့ဆက်စပ်နေတဲ့အခြားဂိမ်းတွေကိုပါ သိရှိနိုင်အောင် ဖော်ပြပေးထားပါတယ်။ အကောင့်ဖွင့်ပြီးကစားမယ်ဆိုလို့ရှိရင် အခြားသူတွေရဲ့ စာမျက်နှာတွေကို သွားရောက်လည်ပတ်လို့ရမှာဖြစ်ပြီး မိမိကစားတဲ့ဂိမ်းပေါ်မူတည်ကာ Point တွေရယူနိုင်မှာဖြစ်ပါတယ်။

### http://www.pcworld.com/



အမျိုးအစားစုံလင်လှတဲ့ ကွန်ပျူတာများအကြောင်းကို တစ်နေရာတည်းမှာ စုံစုံလင်လင်နဲ့ အလွယ်တကူလေ့လာသိရှိရမယ့်နေရာတစ်ခုဖြစ်ပါတယ်။ Desktop, Laptop မျိုးစုံကို Brand အလိုက်သာမကဘဲ မိမိအလိုရှိတဲ့ ဈေးနှုန်းအလိုက်ပါရွေးချယ်လေ့လာလို့ရမှာပါ။ ကွန်ပျူတာတစ်လုံးချင်းစီမှာပါဝင်တဲ့ အားနည်းချက်၊ အားသာချက်စတဲ့ အချက်အလက်များကိုလည်း ပြည့်စုံအောင်ဖော်ပြထားပြီး Features များ၊ Specification များကို အသေးစိတ်လေ့လာလို့ရအောင် ဖော်ပြပေးထားပါတယ်။ ဒ့ါအပြင် ကွန်ပျူတာများနဲ့သက်ဆိုင်တဲ့ သတင်းများကိုလည်း ဖတ်ရှုလေ့လာနိုင်မှာပါ။ ကွန်ပျူတာထဲမှာရှိတဲ့ Software, Hardware ပိုင်းနဲ့သက်ဆိုင်တဲ့ အကြောင်းအရာများကိုလည်း အလွယ်တကူ ပြုပြင်ထိန်းသိမ်းနိုင်အောင် အချက်အလက်လေးတွေနဲ့ရေးသားပြထားပါသေးတယ်။ ကွန်ပျူတာအကြောင်းလေ့လာလိုသူများနဲ့ ကွန်ပျူတာဝယ်ဖို့ပြင်ဆင်နေသူများ ကြည့်ရှုသင့်တဲ့ဆိုက်ပါ။

### http://whatismyipaddress.com/



IP Address များနဲ့ပတ်သက်ပြီး လေ့လာသိရှိနိုင်မယ့်ဆိုက်ဖြစ်ပါတယ်။ မိမိလက်ရှိအသုံးပြုနေတဲ့ IP ဟာ ဘယ်ကလဲ၊ ဘာအမျိုးအစားလဲစတာတွေကိုသိရှိနိုင်မှာဖြစ်သလို မိမိဆီပေးပို့လိုက်တဲ့ အီးမေးလ်များဟာ ဘယ် IP ကိုသုံးပြီးပို့တဲ့မေးလ်လဲဆိုတာတွေကို သိရှိနိုင်အောင် ဒီဝက်ဘ်ဆိုက်က အကူအညီပေးနိုင်ပါတယ်။ ဝက်ဘ်ဆိုက်စာမျက်နှာကို ဖွင့်လိုက်တာနဲ့ပဲ မိမိလက်ရှိအသုံးပြုနေတဲ့ IP Address ကိုဖော်ပြပေးမှာဖြစ်သလို ရိုးရှင်းတဲ့ စာမျက်နှာကြောင့် သုံးစွဲရလွယ်ကူစေမှာပါ။ IP Address ဆိုတာဘာလဲ၊ IP Blacklist ဖြစ်နေသလားဆိုတာ Check လုပ်နည်း၊ IP ပြောင်းလဲနည်း၊ Trace Email စတဲ့ ကဏ္ဍများကို လေ့လာနိုင်မှာပါ။ အသေးစိတ်အချက်အလက်များနဲ့ အကြောင်းအရာတစ်ခုချင်းစီကို ရေးသားဖော်ပြထားတာကြောင့် တစ်ခုခုကိုစမ်းသပ်ပြုလုပ်လိုတဲ့အခါမှာလည်း ညွှန်ကြားချက် များကို သေသေချာချာဖတ်ရှုပြီး အလွယ်တကူပဲပြုလုပ်နိုင်မှာဖြစ်ပါတယ်။

### http://www.poemhunter.com/



နာမည်ကျော်ကဗျာဆရာတွေရဲ့ ကဗျာတွေကို စုံလင်စွာဖတ်ရှုလေ့လာခွင့်ရမယ့် ဝက်ဘ်ဆိုက်ဖြစ်ပါတယ်။ ကဗျာတွေကိုအကြောင်းအရာအလိုက်ရော ကဗျာဆရာနာမည်တွေအလိုက်ပါ ဖတ်ရှုနိုင်မှာဖြစ်သလိုကဗျာစာအုပ်E-books တွေကိုလည်း ဒေါင်းလုတ်ရယူနိုင်မှာဖြစ်ပါတယ်။ ထိပ်တန်းကဗျာတွေကို စာမျက်နှာမှာဖော်ပြထားပြီး နာမည်ကြီးကဗျာဆရာတွေရဲ့ကိုယ်ရေးရာဇဝင်တွေကို လေ့လာနိုင်ဦးမှာပါ။ဘဝနဲ့ပတ်သက်တဲ့ ကဗျာတွေ၊ အလှအပနဲ့ပတ်သက်တဲ့ ကဗျာတွေ၊ မွေးဖွားခြင်း၊သေဆုံးခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းစတဲ့စိတ်ခံစားချက်မျိုးစုံအတွက် ရသမတူတဲ့ကဗျာပေါင်းများစွာကိုဖတ်ရှုခွင့်ရမှာပါ။ဒ့ါအပြင် အဆိုအမိန့်တွေကိုပါ ဖော်ပြပေးထားပြီး ရေးသားသူရဲ့အမည်ကိုပါ ပူးတွဲဖော်ပြထားပါတယ်။ ကဗျာတွေကိုနှစ်သက်မြတ်နိုးတဲ့သူတွေ ဝင်ရောက်လေ့လာပြီး ခံစားဖတ်ရှုဖို့ သင့်တော်တဲ့ဆိုက်တစ်ခုပါ။

# 1-TOUCH
## MOBILE TRAINING CENTER

အမှတ်(၀၀၄) A-2 မြေညီထပ်၊ ဗညားဒလလမ်း၊ (ကျောက်မြောင်း၊ အောင်မင်္ဂလာကားမှတ်တိုင်အနီး)၊ ရန်ကုန်မြို့။
Tel : 09-73094477, 09-5044269, 09-450062363
Email : aung.anw@gmail.com

## MOBILE PHONE SOFTWARE / HARDWARE ပြုပြင်ခြင်းဆိုင်ရာ သင်တန်းကျောင်း

ယနေ့ Mobile Phone သင်ကြားရေးနယ်ပယ်တွင် မှိုလိုပေါက်နေသောသင်တန်းများမှ သင်တန်းဆရာများ Mobile ဆိုတာ ဘာမှန်း မသိသေးသည့် အချိန်ကတည်းမှ 1 Touch Technician Group သည် ခေတ်ဦးပိုင်း Software များ ဖြစ်သော Nokia, DCT3, DCTL, DCT4, WD2 ဖုန်းများ Flashing ပြုလုပ်ခြင်း၊ Nokia SL2 ဖုန်းများအား Network Unlock ပြုလုပ်ရာတွင် TP Unlocking Method ဖြင့် Unlock ပြုလုပ်ပေးခြင်း၊ Sony ဖုန်းများတွင် GDFS Error များအား Fix လုပ်ပေးခြင်း၊ IMEI Cloning, ESN Changing ခေတ်တည်းက Customer များအား အောင်မြင်စွာဝန်ဆောင်မှုပေးပြီး Professional အဖြစ် ရပ်တည်ခဲ့သော Group ဖြစ်ပါသည်။ ထိုအချိန်တည်းက အောင်မြင်စွာရပ်တည်လာသော 1 Touch Technician Group သည် ကျွန်ုပ်တို့ နှစ်ပေါင်းများစွာ ကြုံတွေ့လာရသော အတွေ့အကြုံများအရ မည်သည့် System၊ မည်သည့် Error ကိုမဆို လွယ်ကူစွာ ဖြေရှင်းနိုင်သောကြောင့် သင်တန်းသားများကိုလည်း ကျွန်ုပ်တို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများမှ ရရှိလာသော လွယ်ကူ လျင်မြန်ဆုံးသော နည်းပညာများကိုသာ သင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်းကာလ (၃)လဆိုသော အချိန်ကာလသည် Technician ကောင်းတစ်ယောက်ဖြစ်ဖို့ရာ လုံလောက်သည် ဆိုရုံမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် Mobile Service နယ်ပယ်တွင် အမှန်တကယ် အသုံးမဝင်သော နည်းပညာများဖြင့် ကျွန်ုပ်တို့ သင်တန်းသားများအား ရှုပ်ထွေးမနေစေဘဲ လွယ်ကူ လျင်မြန်ဆုံး နည်းလမ်းများကို တတ်မြောက်စေရန် အဓိကထား သင်ကြားပေးပါသည်။

**Mobile ဖုန်း Service Field သည် Customer များအား ဝန်ဆောင်မှု ပေး၍ ဝန်ဆောင်ခ ရယူသော လုပ်ငန်းဖြစ်ပါသည်။ Customer များအား ဝန်ဆောင်မှု ပေးရာတွင် အဓိက မေးခွန်းဖြစ်သော ဘယ်လောက်ကြာမလဲဆိုသည့် မေးခွန်းအား လွယ်ကူစွာ ဖြေကြားနိုင်ရန်အတွက် 1 Touch သင်တန်းသားများသည် ဖုန်း၏ ရောဂါ လက္ခဏာကို ကြည့်၍ မည်သည့် Tool Box, မည်သည့် Software ဖြင့် ပြုပြင်ရမည်ကို ချက်ခြင်းလက်ငင်း သိရှိနိုင်ပြီး လျင်မြန်စွာ ပြုပြင်နိုင်ရန်အတွက် အပြည့်အ၀ တာဝန်ယူ သင်ကြားပေးမည်ဖြစ်ပါသည်။**

## SOFTWARE COURSE

- Introduction to **Mobile Platforms**
- OS Restoring, Upgrading to **Any Mobile Platforms**
- Error Free **Downgrading Methods**
- iOS **Jailbreaking** Ways
- Understanding Android **Kernel, BootRom & Rooting**
- Basic & Advance **Hacking** Technique
- Mobile Phone Sim Locking Technologies & **Unlocking**
- Building **Custom Firmwares** on iOS & Android Platforms
- Data Backup, Hard & Soft Reset Ways for **Troubleshooting**
- Bootloader Unlocking, S On / S Off Techniques for Getting **Root Access**
- Knowing Device **Symptoms** & Diagnostic Ways
- Quick and Easy Repairing Any Android **DeadBoot** Problems Using Tool Box

CDMA 450MHz & China Phone များအတွက် Backup, Restore, Repairing, Configuration

## HARDWARE COURSE

- Basic Electronic
- Layout Diagram
- Schematic Diagram
- PCB Board
- Jumpered
- Soldering/Desoldering
- IC Replacing
- Crystal IC Position
- BGA IC Reballing
- PM (Power Management)
- Mainboard Tracing & Trouble Shooting
- Joniing Ways



## SPECIAL September

16-9-2013 နှင့် 23-9-2013 တန်းခွဲသစ်အတွက် ပထမဦးဆုံးလာရောက်အပ်နှံသူ(10) ဦးအား
Software Class + Hardware Class ~~60,0000 Ks~~ 30%OFF 42,0000 ks ဖြင့်ဆောင်ရွက်ပေးပါမည်။

- Mobile Service နှင့် Unlocking နယ်ပယ်တွင် (၁၀)နှစ်ကျော် အတွေ့အကြုံရှိသော ဆရာများမှ စနစ်တကျ သင်ကြားပေးပါသည်။
- သင်တန်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ နှင့် Model မြင့် Handset များအပြင် သင်ထောက်ကူ ပစ္စည်းစုံလင်စွာဖြင့် သင်ကြားပေးပါသည်။
- သင်တန်းသားများအတွက် Mobile နည်းပညာရပ်များအား အလွယ်တကူ သင်ယူ တတ်မြောက်စေရန် လွယ်ကူရိုးရှင်း၍ ပြီးပြည့်စုံသော သင်ရိုးညွှန်းတမ်းစာအုပ်များဖြင့် စနစ်တကျ သင်ကြားပေးပါသည်။
- Computer အခြေခံမရှိသော သူများအား Computer Basic သင်ကြားပေးပါသည်။
- Website များ လေ့လာရာတွင် English စာ အားနည်းခြင်းကြောင့် ကျွမ်းကျင်စွာ မဖတ်နိုင်သော သူများအား Computer အတွင်း၌ Dictionary Software များ ထည့်သွင်း အသုံးပြု၍ လေ့လာနိုင်အောင် သင်ကြားပေးပါသည်။
- သင်တန်းပြီးဆုံးပါက စဉ်ဆက်မပြတ် အသစ်ထွက်ရှိနေသော နည်းပညာများအား အခမဲ့ ပံ့ပိုးပေးပါသည်။
- မြန်နှုန်းမြင့် Internet လိုင်းများ အသုံးပြု၍ သင်ယူလေ့လာနိုင်ရန် စီစဉ်ပေးပါသည်။
- Mobile နည်းပညာနှင့် လုံးဝအကျွမ်းတဝင်မရှိသော သင်တန်းသားများကိုလည်း စိတ်ရှည်စွာဖြင့် ကျွမ်းကျင်သည်အထိ တာဝန်ယူ သင်ကြားပေးပါသည်။
- နယ်မှလာ၍ တက်ရောက်လိုသော သင်တန်းသားများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လေအေးပေးစက်နှင့် မြန်နှုန်းမြင့် Internet လိုင်းတပ်ဆင်ထားသော အဆောင်များ (အခမဲ့) စီစဉ်ပေးပါသည်။
- တက်ရောက်လိုသည့် သင်တန်းချိန်ကိုလည်း ညှိနှိုင်းပေးခြင်း / မအားလပ်သူများနှင့် ရုံးဝန်ထမ်းများ အတွက် စနေ/တနင်္ဂနွေ တန်းခွဲများ ဖွင့်လှစ်ထားရှိပါသည်။
- သင်တန်းပြီးမြောက်သွားလျှင် Data Firmware အပြည့်အ၀ ရရှိစေမည်ဖြစ်၍ On Job Training ဆင်းလိုပါက စီစဉ်ဆောင်ရွက်ပေးပါသည်။

သင်ရိုးညွှန်းတမ်း







## ORIGINAL SOFTWARE TOOLBOX



**1 Touch Technician Group သည် မည်သူ့အကူအညီမှ ရယူခြင်းမရှိဘဲ Mobile Service Field ထဲတွင် မိမိ ကိုယ်ပိုင် အရည်အချင်းများဖြင့် ခိုင်မာစွာ ရပ်တည်နေပြီး 1 Touch သင်တန်းကျောင်းသည်လည်း မိမိတို့ သင်တန်းသားများအား ရှုပ်ထွေး အသုံးမဝင်သော နည်းပညာများထက် Mobile Service Technicain ကောင်းတစ်ယောက်ဖြစ်ရန် လွယ်ကူ လျင်မြန်ဆုံးသော နည်းပညာများကိုသာ သင်ကြားပေးမည် ဖြစ်ပါသည်။**




# Japan Products Expo 2013 ပြပွဲကို လေးရက်တိုင်တိုင် ကျင်းပပြုလုပ်မည်




Myanmar Professional Services Co., Ltd. မှ ကြီးမှူး၍ Japan Products Expo 2013 (ဂျပန်ပစ္စည်းသီးသန့် ကုန်စည်ပြပွဲ) ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ (၁၉) မှ စက်တင်ဘာ (၂၂) ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဂျပန်နိုင်ငံတရားဝင်အသိအမှတ်ပြု ကိုယ်စားလှယ်ကုမ္ပဏီကြီးများ၏ အရည်အသွေးမြင့် ဂျပန်ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက်သို့ တွင်ကျယ်စွာ ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ အဆိုပါပြပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း Myanmar Professional Services Co., Ltd. ၏ Managing Director ဒေါက်တာဇာနည်မောင်မောင်ကပြောကြားခဲ့ပါသည်။

၄င်းပြပွဲတွင် ကုမ္ပဏီပေါင်း (၅၀) ကျော်ပါဝင်မည်ဖြစ်ပြီး ပြခန်းပေါင်း (၁၅၀) ခန့် ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်သည်။ ပါဝင်သည့် ကုမ္ပဏီကြီးများမှ Special Discount များ၊ Lucky Draw အစီအစဉ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Main Sponsor အဖြစ် Gandamar, Diamond Sponsor အဖြစ် Panasonic Co., Ltd., Co. sponsor များအဖြစ် Myanmar Music Trading Co., Ltd., Canon, Hitachi နှင့် Media partner အဖြစ် Netguide journal တို့မှ အသီးသီးကူညီပံ့ပိုးပေးထားကြောင်း သိရှိရသည်။

*ပြည့်ဖြိုး*













CTM Computer Sale & Service
Special Discount for This Week
Apple
iPad mini
16GB Wi-Fi
PRICE 3xx,xxx
iPhone 5
16GB
PRICE 6xx,xxx
Mac book Air
MD760
Core i5 1.3GHz,4GB DDR3,
128GB SSD, 13.3" LED Back lit
PRICE 11xx,xxx
Tablet
ONDA
lenovo
HUAWEI
acer
Momo Tablet
ONDA Tablet
Acer iconia
Lenovo A2
Samsung Tab3
Galaxy Note 8.0
SAMSUNG
SONY
Sony Ericsson
GSM Phone Sales
Galaxy S4 Ks-5xx,000
Galaxy S3 Ks- 4xx,000
Galaxy Mega Ks- 3xx,000
Galaxy Grand Ks- 3xx,000
Galaxy SII + Ks- 3xx,000
Galaxy Core Ks-2xx,000
Galaxy Express Ks- 2xx,000
Galaxy Ace Ks- 1xx,000
Galaxy Y Ks- 9x,000
Sony Xperia Z Ks- 4xx,000
Sony Xperia P Ks- 2xx,000
Sony Xperia SP Ks- 3xx,000
Sony Xperia L Ks- 2xx,000
Sony Xperia J Ks- 1xx,000
Sony Xperia M Ks- 2xx,000
HUAWEI
Ascend P6 Ks- 3xx,000
Ascend G700 Ks- 2xx,000
P1-U9200 Ks- 2xx,000
G-610 Ks- 1xx,000
G-510 Ks- 1xx,000
G-520 Ks- 1xx,000
Y-220 Ks- 5x,000
CDMA 800
Samsung Grand Ks-2xx,xxx
Amazing Ks- 1xx,000
HTC VC Ks- 1xx,000
Ascend P6 Ks- 3xx,000
C-8813 Ks- 1xx,000
C-610 Ks- 1xx,000
Y300C Ks- 9x,000
SAMSUNG
Samsung Note 2
16 GB
PRICE 4xx,xxx
အမှတ်(၁၉၆)၊အနော်ရထာလမ်း၊ ၁၃လမ်းထိပ်၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ PH. 224 502 , 01-2300477 Email-ctmart@yangon.net.mm


FAST
professional mobile phone service center
Hardware & Software
Professional Technician & Advanced Tools
Original Accessory & Fair Charges
Fast Service & Satisfied the needs of customers
ကျွန်တော်တို့ Service Center မှပြုပြင်ပေးခဲ့သော
ချို့ယွင်းချက်များ၊ရက်(၃၀)အတွင်း ထိုချို့ယွင်းချက်
(User Fault ကြောင့်မဟုတ်)ထပ်မံဖြစ်ပေါ်ပါက
အခမဲ့ ပြန်လည်ပြုပြင်ပေးပါသည်။
SAMSUNG
lenovo FOR THOSE WHO DO.
HUAWEI
SONY
NOKIA
ZTE
Room.(402-403), No.(173-175), 5th Flr., Pansodan St., (Middle Block), Kyauktada Tsp., Yangon. Ph : 09-31069109, 31054030


Welcome to
ALPHA 7
mobile phone sales & service.
SAMSUNG
HUAWEI
SONY
XPERIA
htc
quietly brilliant
LG
Life's Good
ELECOM
Japan Design
ALCATEL
ELECOM ဂျပန်အမှတ်တံဆိပ် အရည်အသွေးမြင့် ဖုန်းအပိုပစ္စည်းများ နှင့် အခြားဖုန်းအပိုပစ္စည်းများ။
* ဂိမ်းထည့်သွင်းခြင်း အခမဲ့၊
* မြန်မာစာထည့်သွင်းခြင်း အခမဲ့၊
* အသုံးဝင်သော Apps များထည့်သွင်းခြင်း အခမဲ့၊
* ဝယ်ယူပြီး Handset များအတွက် Software ဝန်ဆောင်မှု အခမဲ့ နှင့်
* လက်ဆောင် ပစ္စည်းများ။
Samsung, Huawei, Sony, LG, HTC, Alcatel, Landrover နှင့် အခြား Smart Phone, Keypad Phone ပေါင်းများစွာ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ပါပြီ။
# 97, 37th Street, Between 76th & 77th Street, Mahar Aung Myae Township, Mandalay.
Phone : 09-91052363, 09-402610962.


PHYO IT PLAZA
MOBILE . CAMERA . GAME
Big Sale on Big 3
(Nintendo. 3DS, Microsoft XBOX 360E, Sony PSP)
Original ဂိမ်းခွေ အသုံးပြုရန်မလို။
Micro SD card အတွင်း Game သွင်း အသုံးပြုနိုင်။
3DS ဂိမ်းအမျိုး ၁၀၀ ကျော်ကို အသုံးပြုနိုင်။
System 16203
ဂိမ်းခွေ & HDD နှစ်ရပ်လုံး အသုံးပြုနိုင်။
5 Exclusive Game Free
System 6.60
5 Exclusive Game Free
Address : No. (331), 82nd st, BET 29_30nd st, Chan Aye Thar Zan, Mandalay.
HotLine : 02-33431, 09-2005535, 09-2032584
Email : phyosonygame@gmail.com
Website : http://phyosonygame.blogspot.com


THE NEW
aqua i-s
INTEX
2000 mAh Battery
THIS OR NOTHING
5 LENS CAMERA (12 MP)
BLACK OR WHITE COLOUR
FREE FLIP COVER
JELLY BEAN 4.2.1
1 YEAR WARRANTY
အိန္ဒိယနိုင်ငံ၏ အရည်အသွေးမြင့်မားသော Mobile Phone များဖြစ်ပါသည်။
TKS Co., Ltd.
Building No.59, Room No.27, Kabaraye Pagoda Rd., Mayangone, Yangon.
Tel/Fax : +95-1-660 202
Mobile : +95-9-430 85442, +95-9-448007653
Email : koye@tkscompany.com / koye1970@gmail.com
Website : www.intextechnologies.com/www.intexmobile.in


Related Products
Keyboard, Mouse
Speaker, Tablet, Headset
Web-cam & Gaming
Genius
HS 200C
Headset
(Headphone & Microphone)
G-08X2
Game Pad
(USB Basic Gamepad)
SP U110
Speaker
(with Volume Control)
HS 300A
Headset
(Rear-band headset)
Slim Star 120
USB
Keyboard
KB M200
USB Keyboard
DX 220
USB Mouse
(BlueEye Tracking, 1200dpi)
တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ အတွက်အထူး Promotion အစီအစဉ်များရှိပါသည်။
Distributed By :
MICRO COMPUTER CO., LTD.
No.143-GF, 46th Street (Upper), Botahtaung Tsp., Yangon.
Ph : 294 503, 202 453, 398 866, 398 867
E-Mail : sales@micromyanmar.com Website : www.micromyanmar.com
MICRO SINCE 1998
Find us on: facebook.
http://www.facebook.com/micromyanmar
One Year
Warranty


KING EMPIRE
www.gat.com.mm
www.kecomputer.com.mm
Computer Sales & Services
Laptop ဝယ်ယူသူတိုင်းအတွက်လက်ဆောင်(၁၀)မျိုး နှင့် Desktop ဝယ်ယူသူတိုင်းအတွက်လက်ဆောင်(၅)မျိုး
Your One-Stop IT Provider
စံမှန်သောပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။
lenovo G-480 G-409 Pentium B960 RAM 2GB HDD 500GB
lenovo G-405 G-359 CPU AMD RAM 2GB HDD 320GB
lenovo Z-400 G-729 Core i5 RAM 4GB HDD 1TB
acer Aspire E1-431 G-399 Pentium 2020 RAM 2GB HDD 500GB
acer Aspire E1-472G G-575 Corei3 (4th Gen:) RAM 4GB HDD 500GB
lenovo A-3000 182,000 Quad Core RAM 1GB Storage 4GB
lenovo A-1010 144,000 Dual Core RAM 1GB Storage 16GB
GIGABYTE 200,000 G41M Combo DVD R/W ASUS Keybord+Mouse (Forev) Dual Core RAM 2GB 160GB (SATA)
GIGABYTE 575,000 P61A-D3 Graphic 2GB (GT630) DVD R/W Hp+K/M (Forev) Core i7 3.4GHz RAM 4GB HDD 1TB
ASUS 230,000 H61M-E DVD R/W Liteon Pentium 2.9GHz RAM 2GB HDD 500GB
အမှတ်(၁၆၇-၁၇၃)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၁ ၃၈၆၉၂၅၊ ၃၉၈၁၂၉
KING EMPIRE (Yangon) Ph: 01-386 925 398 129
KING EMPIRE (Mandalay) Ph: 09 9100 3706
KING EMPIRE (Taunggyi) Ph: 081-206 523
TOP POWER Ph: 01-398 331
GAT 37th Street Ph: 01-376 745 Mobile Promotion
GAT Seikkanthar Ph: 01-379 197
GAT Service Center Ph: 09 730 98898
GAT by lenovo Ph: 01-376 979
GAT by TOSHIBA Ph: 01-246 343
GAT by ASUS Ph: 01-246 566

ရွှေဝန်းရံ Mobile Service & Training Center
Huawei, Samsung ဟန်းဆက်များအထူးပြုပြင်ရေးစင်တာ
လူကြီးမင်းတို့၏ တန်ဖိုးထား၊ အားထားနေရသော ဟန်းဆက်များ ပျက်စီးသွားလို့ ဘယ်မှာပြင်ရမှန်းမသိ ဖြစ်နေပါသလား ?
Huawei, Samsung, HTC, iPhone, Sony, Nokia နောက်ဆုံးထွက်ရှိသော ဟန်းဆက်များထိ ဖြစ်ပေါ်နေသော မည်သည့်ပြဿနာကိုမဆို အခမဲ့စစ်ဆေးပေးပြီး အမြန်စောင့်ယူစနစ်ဖြင့် ပြုပြင်ပေးနေပါပြီ။
Samsung Galaxy SIII, Note II များတွင် ဖြစ်ပေါ်နေသော ပါဝါသေခြင်း၊ Flash IC သေခြင်း၊ Product Name ပျောက်ခြင်း၊ Logo ပေါ်ပြီး Software ရေးမရခြင်း စသော ပြဿနာများအား အမြန်စနစ်ဖြင့် ပြုပြင်ပေးနေပါပြီ။
SIII, Note II, Flash IC များအား ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးနေပါပြီ။
ဆိုင်သမားများအတွက် သက်သာသောနှုန်းများဖြင့် ပြုပြင်ပေးနေပါသည်။
"ဟန်းဆက်မရောင်း၊ ဟန်းဆက်များသာ အဓိကပြုပြင်ရေးဆိုင် / ဟန်းဆက်များ ပျက်သွားပြီဆိုရင်တော့ ရွှေဝန်းရံကို သတိရလိုက်ပါ။"
သင်တန်းသားလက်ခံသည်
အမှတ် (၈၀)၊ မြေညီထပ်၊ ၂၂လမ်း (အောက်)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ : 09-5167466, 09-448040403, 09-31325946 ☎ : 01-376740






# မိုဘိုင်းဖုန်းဖြင့် Flight Schedule များကိုသိရှိနိုင်မည့် Mobile App ကို အခမဲ့ရယူနိုင်

မိမိတို့၏ မိုဘိုင်းဖုန်းများဖြင့် Flight Schedule များကို သိရှိနိုင်မည့် Columbus Travels and Tours Mobile App ကို www.travelmyanmar.com တွင် အခမဲ့ ရယူနိုင်ပြီဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ Mobile Application တွင် မြန်မာနိုင်ငံမှ ပြည်ပသို့တိုက်ရိုက်ထွက်ခွာသည့် လေကြောင်းလိုင်းများနှင့် ပြည်ပမှ မြန်မာနိုင်ငံသို့တိုက်ရိုက်ဆိုက်ရောက်သည့် လေကြောင်းလိုင်းများ၏ အချိန်၊ နေ့ရက်၊ နာရီများကို ဖော်ပြပေးမည်ဖြစ်သည်။

''အခုဒီ Mobile Applicationကို ကျွန်တော်တို့ Columbus Travels and Tours ကနေ လေယာဉ်စီးတဲ့ ခရီးသည်တွေအတွက်အဆင်ပြေအောင်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒီ Application ကနေ ကျွန်တော်တို့ရဲ့ Promotion အစီအစဉ်တွေကိုသိရှိနိုင်မှာပါ။ နောက်ပြီးတော့ ဒီ Application ကနေပဲလေယာဉ်လက်မှတ်တွေကို ကြိုတင်ဝယ်ယူနိုင်မှာဖြစ်ပါတယ်''ဟု Columbus Travels and Tours ၏ Marketing Manager ကိုလှမျိုးကပြောကြားခဲ့သည်။

ထို့အပြင် ပြည်တွင်းရှိ Airlines Office များ၏ ဖုန်းနံပါတ်များကိုလည်း ၎င်း Application ၌ ဖော်ပြပေးထားကြောင်း တွေ့ရသည်။ Android Version (2.1) နှင့်အထက်ရှိသော မည်သည့် Android Devices တွင်မဆို install ပြုလုပ်နိုင်ကာ File Size မှာ (5.51) MB ဖြစ်သည်။

ပြည်တွင်းရှိနာမည်ကြီးဖုန်းဆိုင်များတွင်လည်း အခမဲ့ install ပြုလုပ်နိုင်သည်။ iOS Version တွင်လည်းမကြာမီအသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

P.P

# Database Design and Development သင်တန်းကို Gusto တွင် ဖွင့်လှစ်မည်

Database Design တစ်ခုကို စနစ်တကျ တည်ဆောက်နိုင်စေရန်နှင့် ထို Database Design ကို SQL Server 2008 ကို အသုံးပြုပြီး Development လုပ်နိုင်စေရန်အတွက် " Database Design and Development " သင်တန်းအား Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အကောင်းဆုံး Database Design တစ်ခုထွက်ပေါ်လာစေရန် အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့် (Conceptual Design, Logical Design နှင့် Physical Design) စသည်တို့ကို လက်တွေ့ Project ပြုလုပ်၍ သင်ကြားပေးမည်ဖြစ်ပြီး ထွက်ပေါ်လာသော Data base Design ကို Performance, Data Integrity, Security ပိုင်းများတွင် ပိုမိုကောင်းမွန်စေရန် Development လုပ်သင့်သည့် နည်းစနစ်များကို ထပ်မံသင်ကြားပေးမည်ဖြစ်ပါသည်။

သင်တန်းကာလမှာ (၂)လခွဲ မျှကြာမြင့်မည်ဖြစ်ပြီး စက်တင်ဘာ (၂၀) ရက်နေ့တွင် စတင်သင်ကြားမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပြီး စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် (၂၆)၊ (၁၄) လမ်း (အောက်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁-၂၂၄၄၉၆ နှင့် ၀၉-၇၃၀၃၁၃၀၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

စန္ဒာ

# မန္တလေးနည်းပညာတက္ကသိုလ်တွင်ပါရဂူဘွဲ့သင်တန်းများဖွင့်လှစ်ရန်ရှိ

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်ရန်ရှိကြောင်းသိရပါသည်။ ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ(၇) ရက်မှစတင်၍ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နဲ့ ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်မှာဖြစ်ပါသည်။ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နဲ့ ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများမှာ-(၁) မြို့ပြအင်ဂျင်နီယာ(Str-uctural Eng:/ Water Resources Engg:)၊ (၂)စက်မှုအင်ဂျင်နီယာ၊ (၃)လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ (၄)အီလက်ထရောနစ်အင်ဂျင်နီယာ၊ (၅)သုတနည်းပညာအင်ဂျင်နီယာ၊ (၆)မက္ကာထရောနစ်အင်ဂျင်နီယာ၊ (၇)ဓာတုအင်ဂျင်နီယာ၊ (၈)ဈူကလီးယားအင်ဂျင်နီယာ၊ (၉)ဗိသုကာနဲ့(၁၀)ဇီဝနည်းပညာတို့ဖြစ်ပါသည်။ ဒီသင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး စုစုပေါင်း(၃)နှစ်သင်တန်းဖြစ်ပါသည်။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃မှစပြီး မန္တလေးနည်းပညာတက္ကသိုလ်တွင်ရယူနိုင်ပြီး ၂၀-၉-၂၀၁၃ နောက်ဆုံးထားပြီး ကိုယ်တိုင်လျှောက်ထားရမှာဖြစ်ပါသည်။ လျှောက်လွှာပါအချက်များမှန်ကန်ပါက ၂၄-၉-၂၀၁၃တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၂-၅၇၃၆၃၊ ၀၉-၂၀၁၆၅၀၉သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများမှသိရှိရသည်။

စန္ဒာ

# အဆောက်အဦများဆောက်လုပ်ရာတွင် HIGH IMPACT STRENGTH ABS PLASTIC FORMWORKS များအသုံးပြုလာ

နည်းပညာအသစ်များ တိုးတက်လာသည့်အလျောက် ယခုဆိုလျှင်အဆောက်အဦဆောက်ရာတွင် သစ်အသုံးပြုမှုနည်းလာပြီး ခေတ်မီသည့် High Impact Strength ABS Plastic Formworks များအားအသုံးပြုလာသည်ကို တွေ့ရှိရပါသည်။

High Impact Strength ABS Plastic Formworks သည် (Column) ကျောက်ပုံး၊ ကျောက်ခွက်များ၊ နံရံ(Wall)များ၊ ကြမ်းခင်း (Slab)များနှင့် Skyrail (Multi Slab type) ပုံစံအမျိုးမျိုးတို့ကိုလွယ်ကူမြန်ဆန်စွာဆောက်လုပ်နိုင်ပြီး အကြိမ်(၁၅၀)မှ (၂၀၀)အထိ အရည်အသွေးမချို့ယွင်းဘဲ အသုံးပြုနိုင်၍သစ်သားနှင့် Steel Formworks များထက်ဈေးနှုန်းသက်သာကြောင်းသိရသည်။

၎င်းနည်းပညာအသစ်ဖြင့် ပြုလုပ်ထားသော Formworks များသည် ၁၀ပေအမြင့် တိုင်တစ်လုံးအတွက်တပ်ဆင်ချိန် မိနစ်၂၀၊ ဖြုတ်သိမ်းချိန် ၅မိနစ်ခန့်မျှသာအချိန်ကုန်ခြင်း၊ Concerete ၏ Working Stress အပြည့်အဝရရှိခြင်း၊ Concerete လောင်းနေစဉ် Formwork ပြင်ပသို့ ဘိလပ်မြေယိုစိမ့်မှုလုံးဝမရှိခြင်း၊ သစ်သား Formwork ရိုက်ရခြင်းနှင့် အချောကိုင်လုပ်ငန်းဆိုင်ရာ ပန်းရံလုပ်ငန်းများလျှော့ချနိုင်ခြင်း၊ ရေဖြင့်သန့်ရှင်းရုံဖြင့် Formworks ပေါ်မှဘိလပ်မြေများအလွယ်တကူသန့်ရှင်းစေခြင်း၊ သိမ်းဆည်းရာတွင် မည်သည့်အကူပစ္စည်းမှမလိုအပ်ဘဲ လွယ်ကူစွာထားသိုနိုင်ခြင်းစသည့် ပုံမှန်သစ်သား Formworks များထက် အချိန်ကုန်သက်သာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နှင့်ပါ ကိုက်ညီကြောင်းသိရှိရပါသည်။

ခေတ်မီနည်းပညာများနှင့် ပြုလုပ်ထားသော High Impact Strength ABS Plastic Formworks များကိုအီတလီနိုင်ငံ Geoplast Construction ကုမ္ပဏီမှထုတ်လုပ်ပြီး မြန်မာနိုင်ငံ Eco Plus Trading Co.,Ltdမှ တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းသိရှိရသည်။ ၎င်း Formworks များအား ၂၀၁၀-၂၀၁၁ ခုနှစ်လောက်က စတင် တင်သွင်းတာဖြစ်ပြီး ယခုအချိန်တွင် ဆိုဒ်၃၅ဆိုဒ်ခန့်အသုံးပြုနေပြီဖြစ်ကြောင်း သိရှိရသည်။

''တစ်ခုနဲ့တစ်ခုဖြုတ်ရတပ်ရတာလွယ်ကူတယ်။ တစ်ပေပတ်လည်ဆယ်ပေအမြင့်ကို သည်ပစ္စည်းနဲ့လုပ်ရင် ငါးမိနစ်ပဲကြာမှာဖြစ်တဲ့အတွက်အချိန်ကုန်သက်သာတယ်။

ကျွန်တော်တို့အနေနဲ့လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နဲ့ကိုက်ညီတဲ့ ပစ္စည်းတွေကိုပဲတင်သွင်းပါတယ်''လို့ Eco Plus Trading Co.,Ltd မှ Executive Director ကိုနေလင်းထိုက်ကပြောကြားပါသည်။

စန္ဒာ


မြန်မာဇော်ထူး
ရေသန့်ပစ္စည်းရောင်းဝယ်ရေး
INTERNATIONAL AWARD FOR COMMERCIAL PRESTIGE MADRID, SPAIN JULY 2010
GOLD MEDAL FOR BUSINESS EXCELLENCE MADRID, SPAIN JULY 2010
QUALITY LIFE FROM QUALITY WATER
QUALITY WATER FROM MYANMAR ZAW HTOO
၁နှစ်အာမခံ
PR-SET (7)
PR-SET (3)
GR-SET (1)
T-SET (7)
T-SET (3)
T-SET (1)
AQUA WINNER
PRO 10010
PRO 5010
တနင်္ဂနွေနေ့တိုင်း ဆိုင်ဖွင့်သည်။
"ရန်ကုန်မြို့တွင်း" အခမဲ့တပ်ဆင်ပေးပါသည်။
စက်ခြင်းယှဉ်လျှင် အဆင်းလည်းမတူ အရည်အချင်းလည်းမတူသလို ရရှိလာသောရေ၏အဆင့်အတန်းလည်း လုံးဝ လုံးဝ မတူညီနိုင်ပါ။
100% MADE IN TAIWAN 100% MADE IN TAIWAN 100% MADE IN TAIWAN
အမှတ် (၃၂၅)၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း-အထက်လမ်း (ယခင်မောင်ထော်လေးလမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(ဆိုင်)၀၁-၃၈၃၈၄၂၊ ၀၁-၃၈၃၈၇၆ ၊ ၀၁ ၃၇၇၉၂၀ (Mobile) ၀၉ ၅၁၃၈၇၈၆ ၊ ၀၉ ၇၃၃၃၈၇၈၆၊ ၀၉ ၅၁၄၈၇၈၆၊ ၀၉ ၇၃၃၄၈၇၈၆
(ဖက်စ်) ၀၁-၂၄၃၆၈၀ web : www.myanmarzawhtoo.com / www.mzhwatertreatment.com




# 3K Battery ၏ (၁၀)ကြိမ်မြောက် နောက်ဆုံးအကြိမ် သိန်း ၃၀၀ ကံထူးရှင်ကို မဲနှိုက်ရွေးချယ်ပွဲပြုလုပ်

၁ပတ်လျှင် သိန်း ၃၀ ကံထူးရှင်တစ်ဦး ပုံမှန်ရွေးချယ်ချီးမြှင့်နေသည့် 3K Battery ၏ (၁၀) ကြိမ်မြောက်နောက်ဆုံးအကြိမ်အဖြစ် သိန်း(၃၀)ကံထူးရှင်မဲနှိုက်ရွေးချယ်ပွဲအခမ်းအနားကို (၃၁–၈–၂၀၁၃)ရက်နေ့တွင် Park Royal Hotel ၌ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်းသိရှိရသည်။




အဆိုပါအစီအစဉ်တွင်သိန်း(၃၀)ကံထူးရှင်ကို Lucky Man အရောင်းဆိုင်မှ ဦးမောင်မောင်ဦးမှ မဲနှိုက်ရွေးချယ်ပေးခဲ့ပြီး ဆက်သွယ်မှုမရခဲ့ပါကလျာထားကံထူးရှင်နှစ်ဦးကို ဦးမြင့်လွင်အရောင်းဆိုင်မှ ဒေါ်စန်းစန္ဒာလွင်နှင့် Myo Battery အရောင်းဆိုင်မှ ဦးလှအောင်မှ မဲနှိုက်ရွေးချယ်ပေးခဲ့ကြောင်းသိရသည်။ ''3K Battery ၏သိန်း(၃၀)ကံထူးရှင်ကိုတစ်ဦးသာရွေးချယ်ချီးမြှင့်ပေးမှာဖြစ်ပြီး တစ်ပတ်အတွင်းဆက်သွယ်လို့မရခဲ့ရင် နောက်ထပ်လျာထားကံထူးရှင်နှစ်ဦးကိုအဆင့်ဆင့်ရွေးချယ်ချီးမြှင့်ပေးမှာဖြစ်တယ်''ဟု ၎င်း 3K Battery ၏ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရသိရှိရသည်။

ကံစမ်းမဲအစီအစဉ်ကို ဇွန်လ(၂၉)ရက်နေ့ကစပြီး ဩဂုတ်လ(၂၄)ရက်နေ့အထိ ကူပွန်ပေါင်း(၇၀၀၀)ထောင်ကျော်မှ သိန်း(၃၀)ကံထူးရှင်ကိုးဦးကို Yangon Trading Company တွင် စာနယ်ဇင်းများရှေ့မှောက်၌ ရွေးချယ်ချီးမြှောက်ခဲ့ပြီး ရန်ကုန်တိုင်းမှ (၁)ဦး၊ မန္တလေးတိုင်းမှ(၃)ဦး၊ ဧရာဝတီတိုင်းမှ (၁)ဦး၊ မွန်ပြည်နယ်မှ(၁)ဦး၊ စစ်ကိုင်းတိုင်းမှ(၂)ဦးနှင့် ရှမ်းပြည်နယ်မှ(၁)ဦးစသည့်ကံထူးရှင်များထွက်ပေါ်ခဲ့ပြီး၊ အထက်မြန်မာပြည်အတွက် မန္တလေးမြို့မှာ ချီးမြှင့်ခဲ့ပြီး အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့မှာချီးမြှင့်ခဲ့သည်။

ကံစမ်းမဲကူပွန်များတွင်မထင်မရှားစုတ်ပြဲနေသောကူပွန်များကို ပယ်မဲအဖြစ်သတ်မှတ်ပြီး စည်းကမ်းချက်နှင့်ကိုက်ညီသော ကူပွန်များထဲမှ ကံထူးရှင်ကို ရွေးချယ်ပေးအပ်မှာဖြစ်ကြောင်းသတင်းရရှိသည်။

*တင်မျိုးသွင်*

# Mobile King မှဆိုင်ခွဲသစ်များ ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် Samsung Handsets အလုံး ၁၀၀ ကံစမ်းမဲဖောက်ပေးခဲ့

Mobile King Trading Co., Ltd. ၏ မင်္ဂလာဈေး၊ ဇဝန၊ အင်းစိန်နှင့် (Samsung Showroom Zawana) ဆိုင်သစ်များဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့် ကျပ်သိန်းတစ်ရာတန်ဖိုးရှိ Samsung Handset အလုံး ၁၀၀ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို (၃၁–၈–၂၀၁၃)တွင် Central Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသတင်းရရှိသည်။

၎င်းကံစမ်းမဲအစီအစဉ်မှာ (9.6.2012) မှ (9.8.2013) နေ့အထိဖြစ်ပြီး ငွေကျပ် ၂၀၀၀၀နှင့် အထက်ဝယ်ယူအားပေးသူမည်သူမဆို ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းနိုင်ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် Mobile King Trading Co., Ltd. ၏ Managing Director ဦးစိုးမိုးမှကံစမ်းမဲအစီအစဉ်ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး Samsung Galaxy E 1205 (၈၅)လုံး၊ Samsung Galaxy Y (၉)လုံး၊ Samsung Galaxy Note 8.0 (၂)လုံး၊ Samsung Galaxy Note 10.1 (၂)လုံး၊ Samsung Galaxy Note (၁)လုံး၊ Samsung Galaxy SIV (၁)လုံးစသည်တို့ကိုသက်ဆိုင်ရာဆိုင်ခွဲကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များမှ မဲနှိုက်ရွေးချယ်ပေးခဲ့သည်။

ကံထူးရှင်များ၏အမည်စာရင်းအား Mobile King ဆိုင်ခွဲများနှင့် Journalများထဲ တွင်ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

*ပြည့်ဖြိုးပိုင်၊ ဝေမင်းဟန်*

# LG Electronics(Myanmar Branch)ကုမ္ပဏီမှ ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)ကို နည်းပညာပိုင်းအရကူညီမည်ဟုဆို

LG Electronics (Myanmar Branch) ကုမ္ပဏီမှ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)ကို နည်းပညာပိုင်းအရ ကူညီပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်ရှိကျောင်းသား၊ ကျောင်းသူများကို LG Smart phones များ၏ Hardware နှင့် Software များအကြောင်းကို အဓိကထားသင်ကြားပေးသွားမည်ဖြစ်ပြီးနောက်ပိုင်းတွင်လည်း နည်းပညာကျောင်းသူ၊ ကျောင်းသားများအတွက် internship program များ လုပ်ဆောင်ပေးဖွယ်ရှိသည်။

LG Electronics (Myanmar Branch)၏ Managing Director Mr.MinPark က ပြောကြားရာတွင် ''ကျွန်တော်တို့ LG ကနေ ကျောင်းသား၊ ကျောင်းသူတွေအတွက် နည်းပညာနဲ့ ပတ်သက်တဲ့အရာအားလုံးကို အကူအညီပေးဖို့ ဆောင်ရွက်သွားမှာပါ။ LG ကုမ္ပဏီကနေ ဖြန့်ချိမယ့် ဖုန်းတွေရဲ့ နည်းပညာကိုလည်း ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့အတူတကွ စမ်းသပ်ပြုလုပ်သွားမှာဖြစ်ပါတယ်။ LG ကုမ္ပဏီကလက်ရှိပြည်တွင်းဖုန်းတင်သွင်းရောင်းချမှုတွေ ပြုလုပ်လျက်ရှိပြီးနောင်နှစ်များမှာလည်း ယခုထက်ပိုမိုရောင်းအားမြင့်တက်လာအောင် ဆောင်ရွက်သွားပါမယ်'' ဟု ပြောကြားခဲ့သည်။

ထို့အပြင် ပြည်တွင်းဈေးကွက်ထဲသို့ LG ၏ New Product G-2 Smartphone ကို အောက်တိုဘာလအတွင်း တင်သွင်းဖြန့်ချိပေးသွားရန် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် အဆင်ပြေစေရန်အတွက် မြန်မာဘာသာကို ထည့်သွင်းပေးမည်ဖြစ်ကြောင်းသိရှိရသည်။

*ပြည့်ဖြိုး*

# ကံစမ်းမဲဖောက်ပေးနိုင်သော Lucky Draw Application ကို NEW Worth Company မှ ဖြန့်ချိပေးလျက်ရှိ

Android မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်သော ကံစမ်းမဲဖောက်ပေးသည့် Lucky Draw Application ကို ဩဂုတ်လ ဒုတိယပတ်မှစတင်ကာ NEW Worth Company မှ ဈေးကွက်အတွင်းသို့ ဖြန့်ချိပေးလျက်ရှိကြောင်းသိရှိရသည်။

၎င်း application ကို ကံစမ်းမဲအစီအစဉ်များပြုလုပ်သည့် Sale Centre များ၊ Showroom များ Mini market များတွင်အသုံးပြုနိုင်သည်။ ဗလာမဲပါဝင်သောမဲဖောက်ခြင်းသော်လည်းကောင်း၊ ဗလာမပါကံစမ်းမဲသော်လည်းကောင်း ပြုလုပ်နိုင်သည့် Application တစ်ခုဖြစ်ပြီး မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် မဲဖောက်သည့်ပစ္စည်းနှင့် ဗလာမဲများကို မိမိစိတ်ကြိုက်အရေအတွက် အတိုင်းထည့်သွင်းနိုင်ကာ ပေါက်မဲ၏ပုံကိုလည်း ဓာတ်ပုံရိုက်၍သော်လည်းကောင်း၊ Gallery အတွင်းမှရယူလည်းကောင်းထည့်သွင်းအသုံးပြုနိုင်သည်။ ပေါက်မဲစာရင်း၊ လက်ကျန်စာရင်း၊ စာရင်းစုစုပေါင်းများကိုလည်း ပြန်လည်ကြည့်ရှုနိုင်ပြီး မိမိတို့၏အထက်လူကြီးထံသို့လည်း SMS ဖြင့်ပေးပို့နိုင်သည်။

မဲဖောက်ပေးသည့်ပွဲစဉ်တစ်ခုပြီးလျှင်လည်း Data များအားလုံးကို ဖျက်သိမ်းနိုင်ကာ နောက်ပွဲစဉ်တစ်ခုတွင် Data အသစ်ထည့်သွင်း၍ထပ်မံအသုံးပြုနိုင်မည်ဖြစ်သည်။ www.newworth.asia တွင် Download ဆွဲ၍ Free Version ကို အခမဲ့ရယူနိုင်ကာ Paid Version ကို သက်ဆိုင်ရာ Reseller ဆိုင်များတွင် activate လုပ်ပေးရမည်။

Free Version နှင့် Paid Version တို့၏ကွာခြားချက်မှာ Free Version တွင် ကံစမ်းမဲအစီအစဉ်အမျိုးအစား ၅မျိုးသာပြုလုပ်နိုင်ပြီး Paid Version တွင် အကန့်အသတ်မရှိပြုနိုင်သည်။

Paid Version ၏ရောင်းဈေးမှာ ၆၀၀၀ကျပ်ဖြစ်သည်။ Android Version 2.2 နှင့်အထက်ရှိသောမည်သည့် Andriod Devices တွင်မဆို ထည့်သွင်းအသုံးပြုနိုင်ကြောင်းသိရှိရသည်။

*ပြည့်ဖြိုး*

# JAS Big Smart phone အသစ်ပြည်တွင်း ဈေးကွက်တွင် ဝယ်ယူနိုင်

ယခုအခါ JAS မြန်မာမှ ထုတ်လုပ်သည့် JAS Big Smart phone အသစ်ကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

၎င်း Handset တွင် GSM, WCDMA, CDMA 800 MHz SIM Card များထည့်သွင်းအသုံးပြုနိုင်သည်။ (1.2)GHz CPU ကိုအသုံးပြုထားပြီး internal memory (4)GB ဖြစ်သည်။ မျက်နှာပြင်အရွယ်အစား (5.0)လက်မရှိကာ Capacitive Touchscreen အမျိုးအစားဖြစ်သည်။

အရှေ့ကင်မရာ(0.3) Mega-pixels နှင့် အနောက်ကင်မရာ(5.0) Megapixels ရှိသောကင်မရာများပါရှိသည်။ Operating System မှာ Android Version (4.0) I.C.S ကို အသုံးပြုထားသည်။ OS Platform တွင် JAS Myanmar feel software ကိုအသုံးပြုထားခြင်းကြောင့် ဖုန်းအတွင်းရှိ application များကို မြန်မာဘာသာဖြင့် ဖတ်ရှုအသုံးပြုနိုင်မည်ဖြစ်သည်။

ဈေးနှုန်းမှာ (125,000)ကျပ်ဖြစ်ပြီး (1)year warranty ပေးထားသည်။ အသေးစိတ်သိရှိလိုပါလျှင် ဖုန်း 09-4302338, 01-243086, 01-373214 သို့ ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။

*P.P*

# I-Vogue အမှတ်တံဆိပ် Mobile Handsets များကိုဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကားဝယ်ယူရရှိနိုင်

I-Vogue အမှတ်တံဆိပ် Mobile Handsets များကို ပြည်တွင်းဈေးကွက်ထဲတွင်ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကားဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်းသိရှိရသည်။ I-Vogue Handset တစ်လုံးဝယ်ယူသည့် မည်သူမဆို ဗလာမပါ အထူးလက်ဆောင်များရရှိမည်ဖြစ်သည်။ Smartphone များနှင့် Keypad Phone များကိုလည်း အထူး Discount များဖြင့်ရောင်းချပေးလျက်ရှိသည်။ ၎င်း I - Vogue အမှတ်တံဆိပ် Handset များကို Model အမျိုးအစား(၁၅)မျိုးခန့် ရွေးချယ်ဝယ်ယူနိုင်ကာ တရုတ်နိုင်ငံမှထုတ်လုပ်ထားသော Handset များဖြစ်သည်။ မြန်မာစာ Font ထည့်သွင်းအသုံးပြုနိုင်ပြီး Internet connection ကိုလည်း အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း – 01-224922, 09-421732888 သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

*P.P*


xenovia
Co.,Ltd
System : Android version 4.0
Sound : SRS WOWHD surround sound
■Camera
8 Mega Pixel ကင်မရာဖြစ်ပြီး
Dual LED Flash ပါဝင်သည်။
Geo-tagging, Touch Focus,
Face Detection, Image Stabilization
စသည်များလည်း ပါဝင်သည်။
■Display
S-LCD Capacitive Touchscreen အမျိုးအစားဖြစ်ပြီး
16 M Colors အထိ Display လုပ်နိုင်သည်။
Screen အကျယ် ၄ လက်မရှိသည်။
■Network
GSM, WCDMA နှင့်
CDMA 800MHz (၁၅၀၀တန် Sim Card) တို့တွင်
အသုံးပြုနိုင်သည်။
■Memory
Micro SD အမျိုးအစားဖြစ်ပြီး Built-in 768 MB
ပါဝင်သည်။ External Memory ကို
32GB အထိထပ်တိုးနိုင်သည်။
■Battery
Li-Ion 1450 mAh Battery ဖြစ်ပြီး
Standby ထားပါက ၃၆၁ နာရီအသုံးပြုနိုင်ပြီး
Talk - Mode တွင် ၆ နာရီခွဲအသုံးပြုနိုင်သည်။
ဈေးနှုန်းချိုသာပြီး စွမ်းဆောင်ရည်မြင့်မားမှုကြောင့်
ဈေးကွက်အတွင်း လူကြိုက်များလျက်ရှိသော
HTC Droid Incredible 2
xenovia တွင် ရရှိနိုင်ပါပြီ..
USA
Used Phone ဖြစ်ပြီး
130000 ကျပ်မှ
150000 ကျပ်အတွင်း
ဝယ်ယူရရှိနိုင်ပါသည်။
Special Feature:
Phone ဖြင့်
Internet အသုံးပြုရာတွင်
ပိုမိုလျင်မြန်သော
Speed ရှိခြင်း။
USA Second Hand iPhone
iPhone 3GS 16GB (Black) - 180,000 kyats
Condition - Good
Phone Only
iPhone 3GS 32GB (Black) - 200,000 kyats
Condition - Very Good
Phone Only
iPhone 4 16GB (Black) - 290,000 kyats
Condition - Very Good
A/C Charger
iPhone 4 16GB (White) - 300,000 kyats
Condition - Excellent
Box, A/C Charger
iPhone 4 32GB (White) - 320,000 kyats
Condition - Very Good
A/C Charger
iPhone 4 32GB (Black) - 320,000 kyats
Condition - Excellent
Box, A/C Charger
iPhone 4S 16GB (White) - 430,000 kyats
Condition - Very Good
A/C Charger
iPhone 4S 64GB (black) - 480,000 kyats
Condition - Very Good
Box and all accessories
iPhone 5 16GB (White) - 550,000 kyats
Condition - Excellent
Phone Only
iPhone 5 16GB (Black) - 550,000 kyats
Condition - Excellent
Box and A/C Charger
iPhone 5 64GB (White) - 700,000 kyats
Condition - Like New
Box and all accessories
iPhone 5 64GB (Black) - 650,000 kyats
Condition - Like New
Box and all accessories
** All Phones are unlocked phone and application and games already installed **
Sim Locked iPhone များကို
official unlock ပြုလုပ်နိုင်ပြီ။
USA AT&T - 30,000 kyats
Australia - 40,000 kyats
Korea (Normal) - 50,000 kyats
Korea (Blacklist) - 100,000 kyats
Japan softbank - 155,000 kyats
(Only iPhone 4 8GB, 4s 8GB & 16GB)
UK Orange - 175,000 kyats
(Only iPhone 3Gs, 4, 4s)
Canada, UK နှင့် အခြားသော
နိုင်ငံဖုန်းများလည်း လုပ်နိုင်ပါပြီ။
■iPhone iPad repair service
Reliable Software and Hardware Service for iPhone and iPad
- Jailbreak ပြုလုပ်ခြင်း။ Software, Game များ ထည့်သွင်းခြင်း။Version မြှင့်ခြင်း
- Software error များ။ Jailbreak error များကြောင့် အသုံးပြု၍မရတော့သော iPhone iPad များ ပြုပြင်ခြင်း
- Good Quality အပိုပစ္စည်းများ ကိုယ်တိုင်တင်သွင်း၍ မှန်ကွဲခြင်း၊ ခလုတ်မမိခြင်းမှအစ Hardware error များကို ပြုပြင်ပေးခြင်း
- မြန်မာနိုင်ငံတွင် ပြုပြင်မရသောဖုန်းများအား နိုင်ငံခြားသို့ပို့၍ ပြုပြင်ပေးခြင်း။
- ပျက်စီးသွားသော်လဲ Warranty မရှိတော့သော၊ Warranty အကြုံးမဝင်သော USA AT&T ဖုန်းများအားကုမ္ပဏီသို့ပြန်ပို့ကာ ထိုက်သင့်သောဈေးနှုန်းဖြင့် အစားထိုးလဲလှယ်ပေးခြင်း အစရှိသော ဝန်ဆောင်မှုများကို မှန်ကန်စွာ ပြုလုပ်ပေးနေပါသည်။
Phone - 0973233331
0973233339
Xenovia Co.,Ltd. (Head Office) - အမှတ် ၁၀၇-၁၀၉ ၊ ဒုတိယထပ်၊ WWW Tower၊ အနော်ရထာလမ်း (စဥ့်အိုးတန်းလမ်းထောင့်)၊ လသာမြို့နယ်။
Xenovia iMobile (ကြည့်မြင်တိုင်) - အမှတ် ၅၃၀ ၊ အောက်ကြည့်မြင်တိုင်လမ်း (ပန်းလှိုင်လမ်းထောင့်)၊ ဟုမ်းလမ်းမှတ်တိုင်၊ ကြည့်မြင်တိုင်မြို့နယ်။
E-mail:cyber.kingdom.xenovia@gmail.com
Facebook Page : Xenovia Cyber Kingdom


xenovia
Co.,Ltd
Amazon.com, eBay.com, Bestbuy.com နှင့်
အခြားသော Online Store များမှမိမိ အလိုရှိသောပစ္စည်းများကို
မြန်မာနိုင်ငံအရောက် တိကျသော ဈေးနှုန်း၊
မှန်ကန်သော အာမခံဖြင့် မှာယူပေးနေပါပြီ။
Payment Option
Website များ။ Game များ။ Premium Account များနှင့် အခြားသောနိုင်ငံခြားသို့
ငွေပေးချေမှုများအား အောက်ပါနည်းလမ်းများအသုံးပြုပြီး ဆောင်ရွက်ပေးနေပါပြီ။
(Paypal, Click and buy, Moneybookers, VISA, Master, Bank transfer)
■iPhone iPad repair service
Reliable Software and Hardware Service for iPhone and iPad
- Jailbreak ပြုလုပ်ခြင်း။ Software, Game များ ထည့်သွင်းခြင်း။Version မြှင့်ခြင်း
- Software error များ။ Jailbreak error များကြောင့် အသုံးပြု၍မရတော့သော iPhone iPad များ ပြုပြင်ခြင်း
- Good Quality အပိုပစ္စည်းများ ကိုယ်တိုင်တင်သွင်း၍ မှန်ကွဲခြင်း၊ ခလုတ်မမိခြင်းမှအစ Hardware error များကို ပြုပြင်ပေးခြင်း
- မြန်မာနိုင်ငံတွင် ပြုပြင်မရသောဖုန်းများအား နိုင်ငံခြားသို့ပို့၍ ပြုပြင်ပေးခြင်း။
- ပျက်စီးသွားသော်လဲ Warranty မရှိတော့သော၊ Warranty အကြုံးမဝင်သော USA AT&T ဖုန်းများအားကုမ္ပဏီသို့ပြန်ပို့ကာ ထိုက်သင့်သောဈေးနှုန်းဖြင့် အစားထိုးလဲလှယ်ပေးခြင်း အစရှိသော ဝန်ဆောင်မှုများကို မှန်ကန်စွာ ပြုလုပ်ပေးနေပါသည်။
Sim Locked iPhone များကို
official unlock ပြုလုပ်နိုင်ပြီ။
USA AT&T - 30,000 kyats
Australia - 40,000 kyats
Korea (Normal) - 50,000 kyats
Korea (Blacklist) - 110,000 kyats
Japan softbank - 140,000 kyats
(Only iPhone 4 8GB, 4s 8GB & 16GB)
Japan softbank - 170,000 kyats
(Only iPhone 4s 32GB)
Canada, UK နှင့် အခြားသော
နိုင်ငံဖုန်းများလည်း လုပ်နိုင်ပါပြီ။
iTune Gift Cards and
Google Play Store Gift Card
Xenovia Co.,Ltd. (Head Office) - အမှတ် ၁၀၇-၁၀၉ ၊ ဒုတိယထပ်၊ WWW Tower၊ အနော်ရထာလမ်း (စဥ့်အိုးတန်းလမ်းထောင့်)၊ လသာမြို့နယ်။
Xenovia iMobile (ကြည့်မြင်တိုင်) - အမှတ် ၅၃၀ ၊ အောက်ကြည့်မြင်တိုင်လမ်း (ပန်းလှိုင်လမ်းထောင့်)၊ ဟုမ်းလမ်းမှတ်တိုင်၊ ကြည့်မြင်တိုင်မြို့နယ်။
E-mail:cyber.kingdom.xenovia@gmail.com
Facebook Page : Xenovia Cyber Kingdom
Phone - 01-245168
Phone - 0973233331,
0973233339

# A.K Mobile

**Ko Myo San**

*Find us on www.facebook.com/akmobile2013*

ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။

Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei
Nokia(Only Window 8 Phones)
Used All in one PC / Notebook / Netbook / UtlarBook / Laptop /
Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)

## အထူးဈေးကောင်းပေးဝယ်လိုသည်။

iPhone5. 4S. 4, iPod 5, 4, iPad 4,3,2 Mini Wifi & Wifi 3G & More
Samsung S2, S3, S4, Grand, Mega Note 1, Note 2, Note 8.0 Any Samsung Tablet & More
Sony Xperiz Z, T, TX, Ion, S, SL, Acro S, J, P, U, E, V, Sola & More
HTC Butterfly, One, One X, One X Plus, XL, XE, Desire VC & More
HUAWEI Ascend P1, P6, D2, Mate
Macbook Pro, Macbook Air, iMac, Any Laptop & More

**For Sale PH : 09 4500 39844**

အသစ်နီးပါးကောင်းမွန်သော iPad နှင့် Laptopsများရောင်းရန်ရှိသည်။

99% New Lenovo Yoga 13" Intel Core i5 Ram 4GB S.S.D 128GB
Multi Touch Screen (10 Month Warranty) Price : 820000

99% New Samsung Series 5 Ultrabook 13" Intel Core i5 Ram 8GB
H.D.D 500GB + S.S.DWindow 8 License (1+6 Month Warranty) Price : 650000

Ausu N 538L- Intel Core i7 Ram 8GB H.D.D 750 GB Graphic 2GB Price : 560000

95% New iPad Mini 16/32 Wifi +4G (Black) 7 Month Warranty Price : 16GB 375000, 32GB 425000
New iPad 16GB Wifi (White) Price : 335000 Apple TV Price : 120000
Bandnew iPad 2 16GB Wifi Black (Packing) 1 Year Apple Warranty Price : 300000

**Apple** ပစ္စည်းများ သီးသန့် အထူးဈေးကောင်းပေးဝယ်လိုသည်။

**For Buy PH : 09 312 88077**

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



## Mobile Phone Service Technician တစ်ယောက်ဖြစ်စေရန်

# သင့်တင့်မျှတသောသင်တန်းကြေး

စက်တင်ဘာ တန်းခွဲသစ် (16)ရက်နေ့စမည်။

### သင်တန်းစောစောစရင်းသွင်းထားမှစိတ်ချရမည်။ ###

တစ်တန်းလျှင် *၅* ဦးသာ။

# တတ်ကျွမ်းနားလည်သည်အထိ

# HARDWARE + SOFTWARE

## Job Training

***Android OS & iOS သုံးဖုန်းများအတွက် Game & App, Jailbreakပြုလုပ်ခြင်း၊Phone Internet Setting ထိုင်ခြင်း၊Phone ဖြင့် PC တွင် Internet အသုံးပြုခြင်း၊Contacts , Massage &App , Pattern lock , User Password , Back-up & Restore , Version Upgrade & Downgrade.Dead Boot ဖြစ်နေသော Phone များနှင့် Firmware မှားသွင်းသောPhone များအား Software ပြန်သွင်းပြီးပြန်လည်အသုံးပြုနိုင်စေရန်ပြုလုပ်ခြင်း၊Root ဖောက်ခြင်း၊မြန်မာစာထည့်သွင်းခြင်း၊Android Phone များတွင် Root ဖောက်ရန်မလိုပဲမြန်မာစာအသုံးပြုခြင်း၊စသည်ဖြင့် သင်တန်းသားတစ်ဦးလျှင်ဖုန်းတစ်လုံးနှင့် စုံလင်စွာ၊မတတ်မချင်းသင်ကြားပေးပါမည်...

- (မတတ်သေး၊မကျွမ်းကျင်သေး)ပါကအခမဲ့ပြန်သင်ပေးမည်။
  စာတွေလက်တွေ့ဖြေဆိုအောင်မြင်ပြီးမှအောင်လက်မှတ်ရရှိမည်။
- လိုအပ်သော Data,Firmware,Tools..etc 1000GB နှင့်ဆိုင်ဖွင့်လိုသူများအတွက် Distributer များနှင့်ဆက်သွယ်ပေးခြင်းစသည့်လိုအပ်သောအကူညီများပေးမည်

-------------အလုပ်လုပ်ချင်သူများလဲအလုပ်ရရှိရန်အာမခံသည်။-------------

## သင်တန်းကာလ-၃လ၊သင်တန်းကြေး-တစ်သိန်း(တစ်လ)

**A-One Computer & Mobile**-09420075862,09-444003673
**No.240,39 Street Upper.Kyauktada Tsp.Yangon**



Myanmar SoftCom Technology

## ပြည်တွင်းပြည်ပ Professional Hardware Technician တစ်ယောက်အဖြစ်ရပ်တည်လိုသူများအတွက်

September လအထူးအစီစဉ်အနေဖြင့် Software & Hardware နှစ်မျိုးစလုံးကိုပထမဆုံးတပြိုင်နက်အပ်နှံသူ ၁၀ ဦးအား Phone Toolbox တစ်လုံးစီရယူနိုင်မည်ဖြစ်သည်။
Special Promotion [Software+Hardware=350,000]

Start date
09.9.2013,
16.9.2013,14.9.2013

# Professional Hardware Technician Course

Fees 200,000

လက်တွေ့ စက်ပြင်နေသောအတွေ့ အကြုံရှိ Mobile Phone Hardware ပညာရှင်ကိုယ်တိုင်စနစ်တကျသင်ကြားမည်

## Course Contents

*Special Promotion (Software + Hardware =350,000)*

- Basic Electronics
- Indentification of IC,Resistor,Capacitor,Transistor
- Introduction of Components & Testing
- Using Multimeter,Digitalmeter
- Soldering /Desoldering
- Using Soldering Machine
- Layout & Schematic Diagram
- PCB Board,Jumpered & Power Management System
- Power Supply and Heat Gun
- Fault Finding on PCB Board
- IC & Parts Testing,Replacing
- Component Parts Replacing & Problem Solving
- Mainboard Tracing & Troubleshooting

- ကျွမ်းကျင်သော Hardware Technician တစ်ယောက်ဖြစ်ချင်သူများ။
- သင်တန်းတက်ပြီးမကျွမ်းကျင်သူများ ၊ သင်တန်းအမည်အမျိုးမျိုးပြောင်းပြီးဖွင့်သည့်သင်တန်းတက်ပြီးစိတ်ညစ်နေသူများ၊ သင်တန်းကြေးမြောက်များစွာပေးရပြီး ဘာဆိုဘာမှ မတတ်သူများ အတွက် အထူးရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။
- Mobile Service နှင့် Network Unlocking နယ်ပယ်တွင် (စနစ်ကျော်) အတွေ့ အကြုံရှိသော ဆရာများမှစနစ်တကျ သင်ကြားပေးပါသည်။
- အမျိုးမျိုးသော Hardware Error များကို လွယ်ကူရိုးရှင်းသော နည်းလမ်းသစ်များဖြင့် သင်ကြားပေးပါသည်။
- Electronic အခြေခံမှစ၍ Schematic Diagram ၊ Logic Board များအား Repairing ၊ Modifying ၊ Replacing နည်းလမ်းများကို စနစ်တကျ သင်ကြားပေးပါသည်။
- Hardware Related Techniques ဖြစ်သော DeadBoot Repairing ကို Riff Box ၊ Jtag Pro ၊ Volcano တို့ဖြင့် စနစ်တကျ လက်တွေ့ပိုင်းကို အထူးဦးစားပေးသင်ကြားပေးပါသည်။

Phone:09-5401040,09-428130197,09-450058374. Address:Building 6 /Room 65 /Hlaing Yadanar Housing /Hlaing Township/Yangon myanmarsoftcomtechnology@gmail.com

HC HIGH CLASS
HC Computer Training Center

စင်ကာပူ နိုင်ငံတွင် လုပ်ငန်း အတွေ့အကြုံ ၁၀ နှစ်ကျော်ရှိသော ဦးဝင်းမော်လွင် နှင့် ယခင် Quick Computer Center တွင် AutoCAD နှင့် 3DsMax Course များကိုဦးဆောင်သင်ကြားခဲ့သောဒေါ်ဆွေဇင်ထွန်းတို့ဦးစီးသည့် သင်တန်း။

ပြည်တွင်း ပြည်ပတွင် Draftsman , Design Engineer အဖြစ်
လုပ်ငန်းခွင် ဝင်လိုသူများအတွက်

**AutoCAD**
Intermediate Course
Advanced Course
Working Drawing Course

ပြည်တွင်း ပြည်ပတွင် Building Design, Bed Room Design, Living Room Design, Kitchen Design အစရှိသော Interior / Exterior Design များကို Quality ကောင်း မွန်စွာ အချောသတ် ပုံထုတ် နိုင်သော Design Engineer အဖြစ်လုပ်ကိုင်လို သူများ အတွက်

**3Ds Max Course**
3D Modeling ,Rendering & Animation

ပြည်တွင်း ပြည်ပတွင် Building များ၏ Plan, Section, Elevation, Detail, View များနှင့် 3D Model များကို အမြန်နှုန်းဖြင့် Design လုပ်လိုသော Draftsman များ Design Engineer များ အတွက်

**Revit (Architecture) Course**
2D, 3D Modeling & Rendering

**Google Sketch up Course**
3D Modeling ,Rendering & Animation

ဆက်သွယ်ရန် Mobile : 01-378748/09-5184485/09-73168462
Address:No.178,38 Street(Middle Block),Kyauktada Township.

i Touch Mobile

Good Second Hand Phone & Laptops များကို
ရောင်းသည်၊ ဝယ်သည်၊ အလဲအထပ်လုပ်ပေးသည်။

iphone, ipod, ipad, SAMSUNG, Sony, HTC & HUAWEI, Macbook Pro, Mac Air, Dell, ASUS & Acer Handsets နှင့် Laptops ပစ္စည်းသန့်များကို အထူးဈေးကောင်းပေးဝယ်သည်။
Apple & Android Handsets များကို အထူး Change down ပြုလုပ်ပေးသည်။
Quality ပြည့်ဝသော Handset များကို ဈေးနှုန်းချိုသာစွာရောင်းချပေးနေပါသည်။
GSM, CDMA, WCDMA and MEC Sim Card များကို အထူးဈေးကောင်းပေးဝယ်လိုသည်။

For Sale APPLE Device

- iPhone 5G 32GB Black & White Official Unlock Prize: 5xxxxx
- iPhone 5G 16GB Black & White Official Unlock Prize: 5xxxxx
- iPhone 4S 64GB Black & White Official Unlock Prize: 4xxxxx
- iPhone 4S 32GB Black & White Official Unlock Prize: 3xxxxx
- iPhone 4S 16GB Black & White Official Unlock Prize: 3xxxxx
- iPhone 4G 32GB Black & White Official Unlock Prize: 2xxxxx
- iPhone 4G 16GB Black & White Official Unlock Prize: 2xxxxx

For Buy: 09 448 002 976

For Sale SAMSUNG GALAXY Series

- SAMSUNG GALAXY Note2 Gray & White Colour Prize: 3xxxxx
- SAMSUNG GALAXY S4 White & Blue Colour Prize: 4xxxxx
- SAMSUNG GALAXY S3 White & Blue Colour Prize: 2xxxxx
- SAMSUNG GALAXY S2 White & Blue Colour Prize: 1xxxxx
- SAMSUNG GALAXY Note10.1 Blue Colour Prize: 3xxxxx
- SAMSUNG GALAXY Tab2 10.1 3G+Wifi Black Colour Prize: 2xxxxx
- SAMSUNG GALAXY Tab2 7.0 3G+Wifi White Colour Prize: 1xxxxx

For Sale: 09 430 56517

Best Quality, Low Price ပစ္စည်းသန့်လျှင် ဈေးအကောင်းဆုံးပေးဝယ်မည်။
Add: No.178, 1st Floor, Between of 33th Street, Anawyahta Road, Kyauktada Tsp.

CS CYBER SPACE - LCD-Repair-Service
No, 181. 38th Street,Middle Block Kyauktada Township, Yangon, Ph: 09.73120504, 09.73216534

LCD TV Special Repair Service

LCD TV, LED TV, LCD Monitor အမျိုးမျိုးကို အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာများ၊ အပိုပစ္စည်း စုံလင်စွာနှင့်အထူးအမြန် ပြုပြင်ပေးနေပါသည်။

LCD TV, LED TV
22",24",26",32",40",46",51",55"

Panel မှန်ချပ် ပျက်စီးခြင်းများကိုအဆင့်မြင့် နည်းပညာသုံးစက်ကိရိယာများနှင့်အထူးအမြန် ပြုပြင်ပေးနေပါသည်။



LCD TV Panel Repair Machine

## Myanmar WWW Institute (M3WI) သင်တန်းကျောင်းတွင် ဒီဇိုင်း သင်တန်းသစ် ဖွင့်လှစ်မည်

Professional Multi ~ Designer အဖြစ် ရပ်တည်လိုသူများအတွက် Myanmar WWW Institute (M3WI) သင်တန်းကျောင်းတွင် ဒီဇိုင်း သင်တန်းသစ်အမှတ်စဉ် (၃၃) ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်တန်းတွင် Vector Graphic နှင့် Logo Design များ ဖန်တီးရေးဆွဲခြင်းအတွက် Adobe Illustraton အရည်အသွေးမြင့် Computer Graphic ( CG ) များဖန်တီးခြင်း၊ ဓါတ်ပုံပြုပြင်ခြင်း၊ Vinyl, Billboard, Poster များ ဖန်တီးရေးဆွဲခြင်းအတွက် Adobe Photoshop၊ သုံးဖက်မြင်ရုခင်းများ၊ ရုပ်ပုံဖန်တီးရေးဆွဲခြင်းအတွက် Bryce၊ လှုပ်ရှားမှုပုံရိပ် (Animation) များ၊ Game များ ဖန်တီးရေးဆွဲခြင်းအတွက် Adobe Flash၊ အသံပိုင်းဆိုင်ရာ တည်းဖြတ်မှုများ အတွက် Sony ACID ၊ ဂျာနယ်၊ မဂ္ဂဇင်း Layout Design တည်ဆောက်မှုများ အတွက်Adobe InDesign၊ Electronic Publishing လုပ်ငန်းများအတွက် Adobe Acrobat စသည့် ဘာသာရပ်များကိုလေ့လာသင်ယူရမည်ဖြစ်သည်။ဒီဇိုင်းပညာရှင်တစ်ဦးအဖြစ် ရပ်တည်ရန်အတွက် လိုအပ်သော အရုပ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာ ပညာရပ်များ၊ ဟာမိုနီကာလာများ အကြောင်း၊ အလင်းအမှောင်နှင့် ဒီဇိုင်းအနေအထားတို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်ခန်း စာများကို ကျွမ်းကျင်သူများမှ ကိုယ်တိုင်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ (၃) လခန့် ကြာမြင့်မည်ဖြစ်ပြီး (တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာ) (နေ့လည် ၁၂း၄၅ မှ ၃း၄၅) ထိတက်ရောက်ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက M3WI၊ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊ ဖုန်း – ၆၅၂၂၈၈၊ ၅၂၁၁၂၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စန္ဒာ

## LG Optimus G Pro ကို ငါးသောင်းကျပ် Discount ဖြင့် ရောင်းချပေးခဲ့

LG Optimus G Pro Road Show တွင် LG Optimus G Pro Handset အား ပထမဆုံးလာရောက်ဝယ်ယူသည့်အယောက် ၂၀ကို မူရင်းဈေးနှုန်း ၆၂၉,၀၀၀ကျပ်မှ ၅၇၉,၀၀၀ ကျပ်ဖြင့် ဈေးလျှော့ရောင်းချပေးခဲ့ကြောင်းသိရှိရသည်။ ထို့အပြင် USD 49.99 တန်ဖိုးရှိ Quick Cover ကိုပါ မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ အဆိုပါ LG Optimus G Pro Road Show ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၆ရက်နေ့တွင် Junction Square ၌ကျင်းပခဲ့သည်။

၎င်း Handset တွင် မြန်မာစာစနစ်အသင့်ပါရှိပြီး တစ်နှစ်အာမခံပေးထားသည်။ Qualcomm Snapdragon (1.7)GHz, Quad-core Processor ပါရှိကာ RAM(2)GB ဖြစ်သည်။ မျက်နှာပြင်အရွယ်အစား 5.5 လက်မရှိပြီး Full HD IPS Screen ဖြစ်သည်။ Primary Camera (13.0)Megapixels နှင့် Secondary Camera (2.1) Megapixel တို့ပါရှိကာ Dual Camera, VR Panorama, Tracking Focus, Dual Recording နှင့် ဗီဒီယိုအပိုင်းများကို ဗီဒီယိုတစ်ခုတည်းအဖြစ်ကြည့်နိုင်သော Pause and Resume Recording, Smart Video Mode စသည့် Function များပါဝင်သည်။ Android Version(4.1.2)Jelly Bean OS ကိုအသုံးပြုထားသည်။ LG Handset များ အသုံးပြုနေစဉ် Error များဖြစ်ပေါ်လာပါက LG Service Call Center ဖုန်း–၀၁၈၆၀၃၄၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရှိရသည်။

ပြည့်ဖြိုး

## စတော့ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ သင်တန်းကို TIPTOP မှ ပထမဆုံးအကြိမ် ဖွင့်လှစ်မည်

နိုင်ငံတကာစတော့ဈေးကွက်သို့ဝင်ရောက်လိုသူများ၊ စတော့ရှယ်ယာဝယ်ရောင်းလုပ်လိုသော စီးပွားရေးလုပ်ငန်းရှင်များနှင့်စတော့ပွဲစားလုပ်လိုသောအကျိုးဆောင်များ အတွက် စတော့ရှယ်ယာဈေးကွက်နှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများသင်တန်းကို ယခုလ ၁၄ ရက်နေ့တွင် Capacity Development Institute of Myanmar (TIPTOP) မှစတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကာလမှာ(၅) ပတ်ကြာမြင့်မည်ဖြစ်ပြီး ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသီကောင်းစရာများ၊ ငွေကြေးသက်သေခံလက်မှတ်များ၊ နိုင်ငံတကာ စတော့ရှယ်ယာဈေးကွက်အကြောင်းများ၊ အရင်းအနှီးဈေးကွက်ဆိုင်ရာဥပဒေများ၊ကုမ္ပဏီအက်ဥပဒေအကြောင်းဗဟုသုတများကို လေ့လာခွင့်ရရှိမည်ဖြစ်သည်။ သင်တန်းချိန်ကို နေ့လည် ၂ နာရီမှ ၄ နာရီအထိသတ်မှတ်ထားပြီး ဥပဒေပညာရှင်ကြီးများ၊ စီးပွားရေးအတိုင်ပင်ခံတို့မှစာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဟုသိရသည်။

တန်းခွဲတစ်ခုလျှင် သင်တန်းသား (၁၁) ဦးသာလက်ခံ မည်ဖြစ်ပါ၍ အဆိုပါသင်တန်းသို့ တက်ရောက်လိုသော ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် TipTop: CDIM (ရန်ကုန်)၊ အမှတ် ၁၃၃၊ ဒု–ထပ်၊ လမ်း ၃၀ (အလယ်)၊ ဖုန်း ၀၁ ၂၅၄၈၈၉၊ ၀၉ ၇၃၀၅၀၃၇၀၊ (မန္တလေး)၊ အမှတ် ၁၇၅၊ ပ–ထပ်၊ ၂၆ ဘီလမ်း၊ ၈၀ နှင့် ၈၁ လမ်းကြား၊ ဖုန်း ၀၉ ၉၁၀၀၁၈၁၈ ၊ Hot Line ၀၉ ၅၁၆၂၀၆၂ သို့ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။

...

# Windows 8 ၏ အားနည်းချက်များကို ပြင်ဆင်ခြင်း




ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

Windows 8 က Windows 7 ထက် အဆင်အပြင်မှာကော အဝင် အထွက်မှာပါ ကွဲပြားမှုတွေရှိလာပါသည်။ Windows XP နဲ့ အသားကျ တုန်းက Windows 7 ကို လက်ခံဖို့ ကျွန်တော်တို့အနေနဲ့ ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ Windows XP service pack 3 လောက်ထိ သုံးခဲ့ကြတဲ့ လူတွေက တော့ Windows 7 ကို လက်ခံနိုင်ပါသေးတယ်။ Windows 8 ရဲ့ အဆင် အပြင်ကတော့ ချက်ခြင်းလက်ခံဖို့ တော်တော်ခဲယဉ်းသွားပါပြီ။

လူဆိုတာကလည်း အခက်သားလား။ ကိုယ်ယဉ်ပါးနေတဲ့ မြင်ကွင်း၊ ကိုယ်ကျင်လည်တဲ့ ပတ်ဝန်းကျင်ကို ရုတ်တရက် စွန့်လွှတ်ဖို့ ဝန်လေးတတ် ကြတယ်။ ဒါကြောင့် ကိုယ်နဲ့ယဉ်ပါးခဲ့တဲ့ Windows 7 ပုံစံမျိုး နီးစပ်အောင် Windows 8 ကို ပြုပြင်ယူကြပါမယ်။ အဓိကပြုပြင်မယ့် နေရာတွေကတော့ Lock screen, Passwrod screen နဲ့ password နေရာတွေဖြစ်ပါတယ်။ Windows 8 မှာမပါတဲ့ shutdown button ပြန်ထည့်ပေးမှာ ဖြစ်သလို hibernation mode သုံးလို့ရအောင်လည်း ပြုလုပ်ပေးဦးမှာဖြစ်ပါတယ်။

Lock screen ဆိုတာက တစ်နည်းပြောရရင် user account တွေ ပြရာ screen ဆီ မရောက်မီမှာ နောက်ခံအလှအပ တန်ဆာဆင်ထားတဲ့ screen တစ်ခုဖြစ်ပါတယ်။ သူ့ကိုဖြုတ်လိုက်ရင် Windows တက်တာ နည်းနည်း ပိုမြန်လာပါမယ်။ Touch screen တွေမှာတော့ လက်နဲ့ပွတ်ဆွဲ ပြီး အသာဖယ်နိုင်တော့ ကိစ္စမရှိလှဘူး။ Mouse နဲ့ keyboard ကိုပဲ အား ထားပြီး သုံးနေရသေးတဲ့ desktop ကွန်ပျူတာတွေမှာ Lock screen ရှိတော့ ဘာထူးတာမှတ်လို့၊ သိပ်ပြီးအသုံးဝင်တာမှ မဟုတ်ပဲ။ ဒီတော့သူ့ကို desktop ကွန်ပျူတာ တွေမှာ ပိတ်ထားရပါမယ်။ သူ့ကို ပိတ်ဖို့အတွက် Windows logo နဲ့ R ကို ကီးဘုတ်ပေါ်မှာ ရှာပြီးနှိပ်ပါ။ Run dialogue box ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာမြင်နေရတဲ့ ကွက်လပ်ထဲမှာ gpedit.msl ကို ထည့်ရိုက်ပြီး Enter ခလုတ် ကို နှိပ်ချင်နှိပ်ပါ။ OK ကို နှိပ်ချင်နှိပ်ပါ။

Local group policy editor ထဲ ရောက်လာပါလိမ့်မယ်။ ဘယ်ဘက် အကွက်ထဲမှာရှိတဲ့ navigation menu ကနေပြီး computer configuration > Administrative template > control panel > personalization ကို ရွေးနိုင်ပါတယ်။ ဖြတ်လမ်းနည်းအနေနဲ့ control panel က တစ်ဆင့် personalization ဆီကို လည်းသွားနိုင်ပါတယ်။ personalization menu ပွင့်လာပြီဆိုရင် Do not Display the lock screen ကို ဘယ်ကလစ်နှစ်ချက်နှိပ်ပါ။ ပြီးရင် ပေါ်လာတဲ့အထဲက Enabled ဆိုတဲ့ button ကိုရွေးပါ။ OK နှိပ်ပါ။ နောင်ဆိုရင် Lock screen မြင်စရာအကြောင်း မရှိတော့ပါဘူး။

password screen ကတော့ user account တွေ အသီးသီး အသုံးပြု ထားမယ်ဆိုရင် တွေ့ရမဲ့နေရာဖြစ်ပါတယ်။ user တွေ အများကြီးထားပြီး သုံးမယ်ဆိုရင် ဒါကမဖြစ်မနေလိုပါတယ်။ အင်တာနက်ချိတ်တဲ့ ကွန်ပျူတာ ဆိုရင်လည်း Standard user account ထားပြီး အဲဒီကနေ ဝင်သုံးတာက အန္တရာယ် ပိုကင်းပါတယ်။ အင်တာနက်တင်မကဘူး USB stick အတွက်ပါ အန္တရာယ် နည်းသွားမှာပါ။

တစ်ယောက်တည်းပဲ ကွန်ပျူတာသုံးမယ်၊ အင်တာနက် မချိတ်ဘူး ဆိုရင် password screen မလိုတော့ပါဘူး။ password screen ဖြုတ်ဖို့ ပထမ ဆုံး ကိုယ့် Account နဲ့ (Login ဝင်ပါ။ ပြီးရင် Windows logo နဲ့ X ကို တွဲ နှိပ်ပါ။ Quick Link menu ကြီး ပေါ်လာပါလိမ့်မယ်။ အဲဒီ menu ကတစ်ဆင့် cmd ( Command prompt ) ကို ရွေးပါ။ ပေါ်လာတဲ့ Text field မှာ control user password 2 ရိုက်ထည့်ပြီး Enter ခေါက်ပါ။ (Admin ဖြစ်ရပါမယ်)

user account menu ပေါ်လာပါမယ်။ အဲဒီမှာတွေ့ရတဲ့ users must enter a user name and password to use this setting ကိုရွေးပါ။ ပြီးရင် ပေါ်လာတဲ့ အကွက်ထဲမှာ picture password ကို ရိုက်ထည့်ပါ။ ပေါ်လာတဲ့ ရွေးချယ်ပိုင် ခွင့်ထဲမှာ change to create picture password ကိုရွေးပါ။ ဒါက Account ရှိပြီး သူတွေအတွက်ပါ။ picture password wizard ပွင့်လာပြီး create picture password ကို တွေ့ရပါမယ်။

နောက်တစ်နည်းက users ကိုရွေးပြီး user setting ကတစ်ဆင့် create a picture password ကို ရွေးနိုင်ပါတယ်။ ပထမသတ်မှတ်ခဲ့တဲ့ password တွေကို Windows ရိုက်ထည့်ခိုင်းပါလိမ့်မယ်။ မှန်တယ်ဆိုရင် ပုံတစ်ခုကို သူက ရွေးခိုင်းပါမယ်။ ပုံပေါ်မှာ Gesture (၃) မျိုးကို လုပ်ခိုင်းပါမယ်။ စက်ဝိုင်းပုံ၊ လေးထောင့်ပုံ၊ မျဉ်းကြောင်းစသည်ဖြင့် သုံးမျိုး ရေးဆွဲပြီး password အနေနဲ့ မှတ်သားရပါတယ်။

(ကိုယ်ရွေးတဲ့ပုံနဲ့ ကိုယ်ဆွဲခဲ့တဲ့ Gesture (၃) မျိုးကို မှတ်သားရပါမယ်။ picture password ကို သုံးခဲ့ရင် အဲဒါတွေမှန်အောင် ပြန်ဖြည့်ပေးမှသာ lock screen ပွင့်မယ်) ပြီးပြီဆိုရင် Congratulation ဆိုတဲ့ စာတမ်းတက်လာ ပါမယ်။ finish ဆိုတဲ့နေရာကို နှိပ်လိုက်ပါ။ Windows ပြန်တက်လာရင် jpicture password နဲ့ တက်လာပါမယ်။

Windows 8 ရဲ့ အားနည်းချက်က Shutdown နဲ့ hibernation mode တွေ တိုက်ရိုက်ထည့်မပေးထားတာပဲ ဖြစ်ပါတယ်။ တစ်ဆင့်စီ သွားရင်တော့ ရပါတယ်။ ဒါပေမဲ့ shutdown Icon ကို ကိုယ့်ဘာသာဖန်တီးပြီး ထည့်ပေး လို့ ရပါတယ်။ ပထမဆုံး Windows 8 ရဲ့ desktop ပေါ်ကိုသွားပါ။ နေရာ လွတ်တစ်ခုမှာ ညာကလစ်ထောက်ပါ။ ပေါ်လာတဲ့အကွက်ထဲက New နေရာကို သွားပါ။ သူ့ဘေးမှာ တွဲလျက်ပေါ်လာတဲ့ အကွက်ထဲက Shortcut ကို ရွေးပေးပါ။

Dialogue box တစ်ခုကျလာပါမယ်။ အဲဒီထဲမှာ shutdown (space) / s / t (space) zero ဂဏန်းကို ရိုက်ထည့်ပါ။ ပြီးရင်အောက်က next ကို နှိပ်ပါ။ နောက်ထပ် dialogue box တစ်ခု ထပ်ကျလာပါမယ်။ Type a name for the shortcut အကွက်ထဲမှာ ကိုယ်ကြိုက်ရာ စာသားတစ်ခုခု (ဥပမာ – shutdown) ကို ရိုက်ထည့်ပါ။ ပြီးရင် အောက်ဖက်မှာရှိတဲ့ finish ကို နှိပ်ပါ။

desktop ပေါ်မှာ Icon တစ်ခုပေါ်လာတာ တွေ့ရပါမယ်။ ဒါပေမဲ့ ကိုယ်စားပြုရုပ်ပုံက နေရာသိပ်မကျပါဘူး။ အဲဒီ icon ပေါ်မှာ ညာကလစ် နှိပ်ပြီး properties ကို ရွေးပါမယ်။ Box အသစ်တစ်ခုပေါ်လာပါမယ်။ အဲဒီ ထဲက shortcut နေရာကို နှိပ်ပါ။ အောက်ဘက်မှာ တွေ့နေရတဲ့ Change Icon ကို ရွေးပါ။ သူ့အတွက် Icon သီးခြားမရှိတဲ့အကြောင်း Icon list ထဲက တစ်ခုခုကိုရွေးစေချင်တဲ့အကြောင်း သတိပေးချက် တက်လာပါမယ်။ ပြီးရင် Icon ပေါင်းစုံ ပြထားတဲ့ ဇယားကွက်တစ်ခု ပေါ်လာပါမယ်။ နှစ်သက်ရာ တစ်ခုကိုရွေးပြီး ok နှိပ်လိုက်ပါ။

Windows 8 မှာ hibernation mode ကလည်း အလွယ်တကူ ခေါ်သုံးနိုင် တဲ့အဆင့်မရှိပါဘူး။ ဒီ mode က အသုံးနည်းတယ်ဆိုပေမဲ့ လုပ်လက်စ အလုပ်တွေကို ခဏရပ်ထားမယ်၊ နောင်မှ ကွန်ပျူတာဖွင့်ပြီး ပြန်သုံးမယ် ဆိုရင် သိပ်ပြီးအသုံးတည့်ပါတယ်။ မူလအလုပ် လုပ်လက်စနေရာကို တန်းရောက်လို့ပါ။ စွမ်းအင်သုံးစွဲတာကိုလည်း ချွေတာနိုင်ပါတယ်၊ ဒါပေမဲ့ Windows ပြန်တက်တာ နည်းနည်းတော့ပိုကြာမယ်။ သည်းခံရပါမယ်။

ဒီ mode ကို သုံးဖို့အတွက် Windows 8 ထဲမှာ ဖုံးကွယ်ပြီးရှိနေတဲ့ hibernation ကို သွားပြီး ဖွင့်ပေးပါမယ်။ Windows ရဲ့ Teskbar ဘယ်ဘက် ထောင့် အရင်က Windows logo ရှိတဲ့နေရာမှာ ညာကလစ်နှိပ်ပါ။ ဇယား ကွက်တစ်ခု ပေါ်လာပါမယ်။ အဲဒီထဲက power option ကို ရွေးပါ။ power setting ထဲ ရောက်သွားပါမယ်။

ဘယ်ဘက်အကွက်မှာ တွေ့နေရတဲ့ Change what power button do ကို ရွေးပါ။ change settings that are currently unavailable စာသားကို ရှာပြီး ရွေးပေးပါ။ shutdown section ရောက်တဲ့အထိ အောက်ကို ဆင်းသွားပါ။ Hibernate ဆိုတာကို တွေ့ပါလိမ့်မယ်။ သူ့ဘေးက လေးထောင့်ကွက်ထဲ မှာ အမှန်ခြစ်ပေါ်အောင် ဘယ်ကလစ်နှိပ်ပါ။ ပြီးရင် save changes နေရာ မှာ ဘယ်ကလစ်နှိပ်ပါ။ Hibernate ကို ရွေးလိုက်ကတည်းက show in power menu ဆိုတာ သတ်မှတ်ပေးပြီးသားမို့ power menu ကို ခေါ်လိုက်ရင် Hibernate ပါလာပါလိမ့်မယ်။

Future Engineer Generation Training School
ဒုတိယထပ်၊ ၃၈ လမ်းဈေးပလာဇာ(စည်ပင် ၉ ထပ်ရုံး)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ☎ ၀၉၇၃၂၅၇၃၉၊ ၀၁-၀၃၀၀၀၅၁၇
Email: fegtrainingschool@gmail.com www.fegtrainingschool.blogspot.com

- M&E Working Drawing
- M&E Electrical Design
- M&E Mechanical Design
- Revit MEP
- MicroStation
- PLC
- Motor Control
- လျှပ်စစ်ဓါတ်ယာဉ်ရင်းလုပ်ငန်းခွင်ဝင်သင်တန်း
- အသုံးချအီလက်ထရောနစ်သင်တန်း
- ဂဟေဆက်ကျွမ်းကျင်သင်တန်း
- ပိုက်ဝစ်တာသင်တန်း
- ဓာတ်ဝစ်တာသင်တန်း
- အဲယားကွန်း၊ ရေခဲသေတ္တာကျွမ်းကျင်သင်တန်း
- မော်တော်ကားနည်းပညာအခြေခံသင်တန်း
- ကွန်ပျူတာအသုံးချ မော်တော်ကားနည်းပညာအဆင့်မြင့်သင်တန်း
- CCTV အဆင့်မြင့်လုံခြုံရေးသင်တန်း

FEG ၏ အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်သော သင်တန်းကြေးအသက်သာဆုံးနှင့် တတ်မြောက်ရန် တာဝန်ယူသင်ကြားပေးလျက်ရှိသည့် အောက်ပါသင်တန်းများကို တက်ရောက်ရန် ဖိတ်ခေါ်ပါသည်။

Internet & Email (4500-ks)
1.10.13 Tue to Fri (5:30~7:30) PM
6days
DTP (PageMaker, InDesign CS5) (10000-ks)
PhotoShop Basic (10000-ks)

Graphic Design (25000-ks)
(PhotoShop, Illustrator, InDesign) CS 5
ဓာတ်ပုံအမျိုးမျိုးပြုပြင်ခြင်း၊ ဒီဇိုင်းအမျိုးမျိုးရေးဆွဲခြင်း၊ ပုံတူကူးဆွဲခြင်း ပုံနှိပ်လုပ်ငန်းအတွက် ပြင်ဆင်ပေးခြင်း
5.10.13 Sat, Sun (9:30~12:30) PM
8-weeks

Computer Basic (5000-ks)
(Window OS, Word, Excel, PowerPoint)
ကွန်ပျူတာတစ်လုံး၏ အခြေခံတည်ဆောက်ပုံမှစ၍ စာစီစာရိုက်၊ စာရင်းဇယား၊ Presentation ပြုလုပ်ခြင်းများ
17.9.13 Tue, Wed (7:00~9:00) AM
6-weeks

3D Studio Max (25000-ks)
Interior, Exterior Design များကို 3D Final Image များဆွဲလိုသော Engineer များအတွက်
3D Modeling and Rendering
10.9.13 Tue to Fri (7:00~9:00) AM
4-weeks

AutoCAD (Basic) (15000-ks)
17.9.13 Tue to Fri (3:00-5:00) PM 6-weeks
21.9.13 Sat, Sun (5:30-7:30)PM 12-weeks
AutoCAD (Advanced) (25000-ks)
28.9.13 Sat, Sun (12:30-2:30)PM 12-weeks
Drawing အမျိုးမျိုးဆွဲတတ်စေရန်နှင့် Version အားလုံးသုံးတတ်စေရန်သင်ကြားပေးမည်။





# ကျောင်းသူ၊ ကျောင်းသားများနှင့် အီးသင်ရိုးစာအုပ်

ဆောင်းပါးရှင် – စောလျှ

သင်ရိုးစာအုပ်ဆိုတာ ကျောင်းသူ၊ ကျောင်းသားများနှင့်ခွဲ၍မရ။ ကျောင်းသူ၊ ကျောင်းသားများအတွက် စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ဖြစ်နေရမည့်ကိစ္စတစ်ခုပင်။ သို့သော် ကျောင်းသူ၊ ကျောင်းသားတွေမှာ ညဉ့်ဆိုးလေးတွေရှိတတ်သည်။ ဒါက ဘာလဲဆိုတော့ သင်ရိုးစာအုပ်ကို ကျောင်းသူ၊ ကျောင်းသားတွေက ဖတ်ရကောင်းမှန်မသိ။ ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟု သဘောမထား။ ကိုယ်နှင့်လားလားမှမဆိုင်သလို ကင်းကွာနေခြင်းဖြစ်ပါသတည်း။

ယခုတော့ နည်းပညာခေတ်တွင် ဒီကိစ္စကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဖို့ ကြိုးစားလာကြတာတွေ့ရသည်။ ကျောင်းသူ၊ ကျောင်းသားများက သင်ရိုးစာအုပ်ကို စာမျက်နှာများကျော်ဖတ်ကြသလား။ အရေးပါသည့်စာပိုဒ်တွေကို အမှတ်အသားများပြုလုပ်ထားကြရဲ့လား။ မှတ်စုထုတ်ကြရဲ့လား။ သင်ရိုးစာအုပ်ကို ဖွင့်ကြည့်ရော ကြည့်ဖြစ်ရဲ့လား။ ဒါတွေကို သိအောင်လုပ်နိုင်ပြီဟု အမေရိကန်ပါမောက္ခများကဆိုသည်။

ဒီလိုလုပ်နိုင်တယ်ဆိုတာ အကြားအမြင်ရနေလို့မဟုတ်။ ကျောင်းသူ၊ ကျောင်းသားတွေ နောက်ကတကောက်ကောက်လိုက်ပြီး စောင့်ကြည့်ကြတာလည်းမဟုတ်။ Course Smart ဆိုသည့် စီလီကွန်တောင်ကြားကုမ္ပဏီတစ်ခုကတီထွင်သည့်နည်းပညာကိုအသုံးချကာ ပြုလုပ်ကြခြင်းဖြစ်သည်။ ထိုနည်းပညာက ဒစ်ဂျစ်တယ်သင်ရိုးစာအုပ်များနှင့် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရည်တိုးတက်မှုကို အကဲဖြတ်နိုင်အောင် ဆောင်ရွက်ပေးလေသည်။

တက္ကသိုလ်ကောလိပ် သင်ရိုးစာအုပ်ထုတ်ဝေသူကုမ္ပဏီကြီးတွေက ကျောင်းသူ၊ ကျောင်းသားသန်းပေါင်းများစွာဆီမှ သင်ရိုးစာအုပ်ဘယ်လိုအသုံးပြုကြသလဲဆိုသည့်ကိစ္စကို အချက်အလက်များစုဆောင်းကောက်ယူနေခဲ့ကြတာကြာပါပြီ။ သူတို့အထဲမှာ Course Smart က တစ်မျိုးထူးခြားအောင်လုပ်လိုက်တာပဲဖြစ်၏။ ပါမောက္ခတစ်ဦးစီအတွက် စာသင်ခန်းတစ်ခုစီရှိ ကျောင်းသူ၊ ကျောင်းသားများ၏ သတင်းအချက်အလက်များကို သီးသန့်စုစည်းပေးလိုက်သည်။ သင်ကြားသူ ဆရာ၊ ဆရာမတွေက သင်ကြားပုံကိုရော၊ အသင်ခံကျောင်းသူ၊ ကျောင်းသားများ၏ လိုက်နာပုံကိုရောရိုက်ခတ်ဦးမည့် ဆောင်ရွက်ချက်တစ်ခုပင်။

ဝေဖန်သူတွေက ထိုဆောင်ရွက်ချက်က လေ့လာသင်ကြားမှုအား ဘယ်လောက်ကောင်းကောင်း တိုင်းတာနိုင်မှာလဲဆိုပြီး မေးခွန်းထုတ်နေကြသည်။ သို့သော် ထိုနည်းပညာကတော့ ဘာပဲဖြစ်ဖြစ် စတင်ဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်နေလေသည်။ Course Smart ၏ နည်းပညာတွင် ကျောင်းသူကျောင်းသားများ၏ လုပ်ဆောင်ချက်ကို တိုင်းတာသည့် ညွှန်းကိန်းတစ်ခုကိုလည်း စီစဉ်ထားရှိကာ သူတို့၏လေ့လာသင်ကြားမှု အခြေအနေအား တိုင်းတာလေသည်။ သို့သော် လုပ်ဆောင်ချက်ညွှန်းကိန်းအရ ကောင်းခြင်း၊ မကောင်းခြင်းက သင်ရိုးစာအုပ်ကျေညက်ခြင်းနှင့် မဆိုင်ပေ။ ကျောင်းသူကျောင်းသားအချို့က စာမေးပွဲနီးကာမှ သင်ရိုးစာအုပ်ကောက်လှန်ပြီး အမှတ်ကောင်းတွေရရှိကာ ညွှန်းကိန်း ကောင်းချင်ကောင်းနေတတ်တာကြောင့်ပင်။ မည်သို့ဆိုစေ Course Smart ၏ နည်းပညာအရ ကျောင်းသူကျောင်းသားတွေက သင်ရိုးစာအုပ် ဖတ်၊ မဖတ် သိရှိနိုင်သဖြင့် ကျောင်းသူကျောင်းသားများ၏လေ့လာမှုပုံစံကို ဆရာ၊ ဆရာမများက တည့်မတ်နိုင်သည်။

Course Smart ကို Pearson, McGraw-Hill နှင့် အခြားစာအုပ်ထုတ်ဝေသူကုမ္ပဏီကြီးများက ပိုင်ဆိုင်လေသည်။ ထိုကုမ္ပဏီကြီးတွေ Course Smart ကိုစီစဉ်ရသည့်အကြောင်းကတော့ ဒစ်ဂျစ်တယ်သင်ရိုးစာအုပ်လောကတွင်လည်း သူတို့ကုမ္ပဏီတွေ၏ကျော်ကြားမှုကို မြဲမြံစေချင်တာကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများ၏လေ့လာမှုပုံစံ သတင်းအချက်အလက်တွေကို ကျောင်းအုပ်ချုပ်ရေးပိုင်းမှပုဂ္ဂိုလ်များ၊ သင်ကြားရေးတာဝန်ခံပါမောက္ခများကို ချူပြီးခပ်ပြီး အသင့်ဖြစ်နေအောင် စီမံခြင်းဖြင့် သူတို့ဖြစ်ချင်ရာကို အထမြောက်အောင် ဆောင်ရွက်ကြခြင်းဖြစ်သည်။

အရင်တုန်းကလည်း အမှန်တော့ ကျောင်းသူ၊ ကျောင်းသားတစ်ယောက် ကျောင်းစာ နားလည်တယ်၊ နားမလည်ဘူးဆိုတာ သိနိုင်သည့်နည်းရှိပါသည်။ ထိုကျောင်းသူ၊ ကျောင်းသားများ၏ မျက်နှာရိပ်၊ မျက်နှာကဲကို ကြည့်လိုက်လျှင် သိနိုင်တာပါပဲ။ ယခုတော့ ထိုကိစ္စက ကွန်ပျူတာပေါ်သို့ ရောက်ရှိလာလေပြီ။ ကွန်ပျူတာပေါ် ရောက်ရှိလာရုံမက ကျောင်းသူကျောင်းသားများ၏ လုပ်ဆောင်ချက်ကို ကြိုတင်သတင်းရရှိသဖြင့် ကျောင်းစာ လိုက်နိုင်၊ မလိုက်နိုင် သိရပြီဖြစ်သောကြောင့် အခြေမနေမကောင်းသဖြင့် ကျောင်းထွက်ရမလို ဖြစ်နေသူ ကျောင်းသူ၊ ကျောင်းသားများကို ကယ်တင်နိုင်တော့မည်ဖြစ်သည်။

နည်းပညာကြောင့် ထိုသို့ ကျောင်းသူ ကျောင်းသားတွေအတွက် အကျိုးရှိနိုင်တာအပြင် စာအုပ်ထုတ်ဝေသူ ကုမ္ပဏီကြီးတွေဘက်မှာလည်း အထောက်အကူပြုသည့် အချက်လည်းရှိသည်။ အဆိုပါ ကျောင်းသူကျောင်းသားများ၏ လေ့လာမှုသတင်းအချက်အလက်များသည် တစ်နည်းအားဖြင့် စာအုပ်ထုတ်ဝေရေးကုမ္ပဏီကြီးများအတွက် အလွန်တန်ဖိုးရှိသော သတင်းအချက်အလက်များ ဖြစ်နေသောကြောင့်ပင်။ စာအုပ်ထုတ်ဝေသူတွေအတွက် စာဖတ်သူများ၏သဘောထားက အလွန်အရေးကြီးလှသည်။ ထို့ကြောင့် ဒါကိုသိရှိဖို့ စာအုပ်ထုတ်ဝေသူတွေက ငမ်းငမ်းတက် မက်မောကြသည်။ Amazon ကုမ္ပဏီနှင့် Barne & Noble ကုမ္ပဏီဆိုသည့် စာအုပ်ထုတ်ဝေသူကုမ္ပဏီများဆိုလျှင် ထိုကဲ့သို့သော သတင်းအချက်အလက်များက ကောက်ယူသုံးစွဲလာကြတာကြာပြီ။ သို့သော်လည်း သူတို့က ထိုကိစ္စနှင့်ပတ်သက်၍ တစ်ခွန်းမျှမဟကြပေ။

ဆိုပါတော့ ဒစ်ဂျစ်တယ်ခေတ်မတိုင်ခင်က စာအုပ်တစ်အုပ်ကို ရေးသူရေး၍ ထုတ်သူကထုတ်လိုက်သည်။ ထိုစာအုပ်အကြောင်းကို စာဖတ်သူများ၏ခံစားချက်ကို ပြန်လည်သိနိုင်ဖို့ဝေးလှသဖြင့် တော်တော်စွန့်စားရသည်ဟုပြောရမှာပင်။ ‘‘အရင်တုန်းကဆိုရင် ပါဘလစ်ရှာက သူထုတ်လိုက်တဲ့စာအုပ်ကို လူတွေဖတ်၊ မဖတ် သိနိုင်တာမဟုတ်ဘူး’’ဟု Course Smart အမှုဆောင်ချုပ်ကပြောသည်။

လက်ရှိတွင် Course Smart သင်ရိုးစာအုပ်များကို ကျောင်းသူ၊ ကျောင်းသားများနှင့် သင်ကြားရေးတာဝန်ခံ ၃ ဒသမ ၅ သန်းကျော်က အသုံးပြုနေကြလေသည်။ ထိုသင်ရိုးစာအုပ်အသုံးပြုကြသည့် ကျောင်းတွေထဲတွင် Clemson, Central Carolina Technical College, Stony Brook University နှင့် Taxes A&M-San Antonio တို့ ပါဝင်သည်။

Taxes A&M က ပြည်နယ်အတွင်းမှာ လေးနှစ်တက် ဘွဲ့သင်တန်းအောင်ချက်ကောင်းကောင်း ကျောင်းတွေထဲကမှ တစ်ခုဖြစ်သည်။ သို့သော် ကျောင်းသူ၊ ကျောင်းသားထက်ဝက်ကသာ Course Smart နည်းပညာကို အသုံးပြုနိုင်ကြသေးသည်။ ‘‘တကယ်လို့ ကျောင်းသူ၊ ကျောင်းသားအားလုံး အသုံးပြုနိုင်အောင် Course Smart က လုပ်ပေးမယ်ဆိုရင်လည်း ကျွန်တော်တို့က ကြိုဆိုရမှာပေါ့ဗျာ’’ဟု Taxes A&M တက္ကသိုလ် မဟာဌာနမှူးကပြောသည်။

Taxes A&M တွင် နည်းပြဆရာက ကျောင်းသူ၊ ကျောင်းသားများ၏ လေ့လာမှုကို ဆန်းစစ်ကာ ထိုဆန်းစစ်ချက်ကို ကျောင်းသူ၊ ကျောင်းသားများထံသို့ အီးမေးလ်ပို့ပေးရသည်။ ထို့နောက်တွင်မှ ပြန်လည်ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးကြရင်း နည်းပညာ၏အားနည်းချက်၊ အားသာချက်များကို တွေ့ရှိကြရသည်။ ဒါပေမယ့် အများအားဖြင့် တွေ့ကြရတာက ကျောင်းသူ၊ ကျောင်းသားများဘက်မှ ငြီးငြူသံများပင်။

နည်းပညာက သူတို့၏ Privacy ကိုထိခိုက်စေသည်ဟု ကျောင်းသူ၊ ကျောင်းသားများကဆိုကြသည်။ ‘‘အိမ်ကအမေထက်တောင် သူကပိုသိနေသေးတယ်’’ဟု ကျောင်းသူတစ်ဦးကပြောသည်။ ကျောင်းသားတစ်ယောက်က ‘‘Big Brother’’(အများအကျိုးကိုဘမ်းပြကာ ဖိနှိပ်ရန်ကြံသူ)ဟု နာမည်ပေးသည်။ ရယ်စရာအဖြစ်ပြောတာပင်။ ဒီအခါ ကျန်ကျောင်းသူကျောင်းသားများက ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။

*Ref : Teacher Knows If You've Done the E-Reading*

*by DAVID STREITFELD*

**NAWARAT** **Computer Networking Service & Training Center** *Since 2004*

No.135, Bogalay Zay St., Botahtaung Tsp., Yangon. Tel : 01-392047, 0973032333

**Lecturer >>>> U Min Thu Han (MCSE +S +M, MCITP Enterprise/ Server Admin, CCNA, IADCS), U Naing Win**

**Network Technician Special Training Camp No.13** **Network Technician အလုပ်သင်ဝန်ထမ်းသင်တန်း အပါတ်စဉ်-၁၃**

( ဆားဗစ်အလုပ်ခွင်+ Network & Server သင်တန်းပေါင်းစပ်သင်ကြားမှု )



၁။ အဆင့်မြင့်ကွန်ပျူတာပြုပြင်ခြင်းနည်းစနစ်များ မွမ်းမံသင်တန်းပေးခြင်း။ **( Advanced A+ )**

၂။ Service လုပ်ငန်းခွင်သို့ နေ့စဉ်ဝင်ရောက်လုပ်ကိုင်ရမည်။ (အနည်းဆုံးတစ်ပါတ်လျှင် - (၃)ရက် )
ကုမ္ပဏီ၊ ဌာနဆိုင်ရာ၊ တက္ကသိုလ်ကွန်ပျူတာဆားဗစ်များသွားရောက်ပြုပြင်ခြင်း။
( အုပ်စု(၃)စု၊ အဖွဲ့အစည်းစိတ်ဓါတ်ဖြင့် ယှဉ်ပြိုင်လုပ်ကိုင်ရမည် )( ဝတ်စုံ-၃စုံ၊ + Tools )

၃။ **Network & Enterprise Server Engineering** တက်ရောက်ခြင်း။ (တစ်ပါတ်လျှင် - (၂)ရက် )
Network အခြေခံမှစ၍ Server 2003, DHCP, IIS, DNS, IPSEC, Certificate Server, VPN, ISA, Exchange Server, POP3 Server, VPOP3 Server, Active Directory Installation, DFS, FTP Server, etc.,လုပ်ငန်းခွင်အတွင်း Long Distance Wireless Network Setup up to 10Miles, PoE, WiFi Hot Spot, Wireless Router, IP Camera & CCTV Installation, Internet Cafe & Net game Management,

နေ့စဉ် မနက် ၉း၃၀ မှ ညနေ ၅း၃၀ တစ်ပါတ် ၅ ရက်၊ ၆လသင်တန်း၊ ၃ လလျှင် ၁ ကြိမ်သာဖွင့်လှစ်သည် အလုပ်ခန့်အပ်ရန် ပြည်တွင်းကုမ္ပဏီများမှ ဆက်သွယ်ခေါ်ယူလျက်ရှိသည်





# ONLINE ပေါ်က DATA လုံခြုံရေးနှင့် VPN

ဆောင်းပါးရှင် – မိုးမခ

ဒီကနေ့ ကမ္ဘာ့မီဒီယာလောကကြီးကို ပြန်လည်သုံးသပ်ကြည့်လိုက်တဲ့အခါ လုံခြုံမှုဆိုင်ရာ အခြေအနေတွေဟာ ပိုမိုအာရုံစိုက်လာဖွယ်ရာအနေအထားကိုရောက်ရှိလာသလို ယခုရာစုနှစ်ကာလကြီးအတွင်းမှာလည်း ပြောစမှတ်ဖြစ်လောက်တဲ့အထိ ရှေ့တန်းကိုရောက်လာနိုင်တဲ့ ပြဿနာကြီး တစ်ရပ်အဖြစ်ရှုမြင်လာကြပြီဖြစ်ပါသည်။

အထူးသဖြင့်တော့ အစိုးရတွေရဲ့လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုကွန်ရက်တွေကို အနှောင့်အယှက်ပေးနိုင်တဲ့ HACKERS တွေဟာ ပိုမိုများပြားလာသလို ၎င်းတို့ရဲ့အမျိုးမျိုးသော နှောင့်ယှက်တိုက်ခိုက်မှုတွေဟာလည်း နည်းပညာအမျိုးမျိုးတွေကြွယ်ဝလာသလို ဆန်းပြားစုံလင်လာ ကြပြီဖြစ်ပါသည်။

ဒီနေ့လူသားတို့ရဲ့ဘဝဟာ DIGITAL ပိုက်ကွန်တွင်းမှာမိနေတဲ့ ငါးလိုပါပဲ။ လုံခြုံမှုအတွက် ရင်ဆိုင်ရမည့် အခက်အခဲတွေကအများကြီးပါပဲ။ အတိုင်းအဆအနေနဲ့တောင်ပြသလို့မရနိုင်ပါဘူး။ ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားတွေထက်ပင်ဆန်းပြားလှတဲ့ ဒီနေ့ DIGITAL လူသားတို့ဘဝဟာ ဆက်သွယ်မှုဆိုင်ရာ အမျိုးမျိုးသောထိုးဖောက်ဝင်ရောက်နှောင့်ယှက်မှုတွေကြားမှာ တုံ့ပြန်ဆန့်ကျင်နိုင်ရန် ကြိုးပမ်းရုန်းကန်နေရတဲ့ အနေအထားမျိုးသာဖြစ်ပါသည်။

အမှန်အားဖြင့်တော့ မိမိတို့ရဲ့ DIGITAL လူသားဘဝဟာ နိုင်ငံရေးသဘောထားတွေ၊ လူမှုကျင့်ဝတ်ဆိုင်ရာကိစ္စတွေနဲ့ ဆက်နွယ်နေတာမှန်သော်လည်း ဒီအကြောင်းတွေကို ဆွေးနွေးငြင်းခုန်ဖို့ရာရည်ရွယ်ချက်မရှိပါဘူး။ ဒါကြောင့်လည်း နိုင်ငံအစိုးရအဖွဲ့အစည်းများနဲ့လူမှုရေးဆိုင်ရာအဖွဲ့အစည်းများဟာ မိမိတို့ရဲ့ အင်တာနက်လောကကြီးကို တစ်စုံတရာအနှောင့်အယှက်ပေးဖွယ်ရာမရှိပါဘူး။ ဒါ့ကြောင့်မို့ DIGITAL လောကကြီးမှာ ONLINE ပေါ်ကနေ ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်ရမယ့်လုပ်ငန်းပေါင်းများစွာဟာ ရှေ့မှာဆည်းကြိုနေပြီဖြစ်ပါတယ်။

ဒီနေရာမှာ ပြောစရာတစ်ခုတော့ရှိပါတယ်။ ONLINE မီဒီယာလုပ်ငန်းများဟာ အားလုံးပင်ပွင့်လင်းမြင်သာစွာ လုပ်ကိုင်နိုင်တာမှန်ပေမယ့် ဥပဒေဘောင်အတွင်းကပဲဖြစ်ဖို့ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး GOOGLE ရဲ့ CEO ကြီးပြောဆိုတဲ့ စကားတစ်ခွန်းရှိပါတယ်။ သူ့ရဲ့ပြောဆိုပုံက “ ခင်ဗျားမှာတခြားသူတွေမသိစေလိုတဲ့အကြောင်း တစ်ခုခုရှိတယ်ဆိုပါတော့၊ ဒါဆိုဒီကိစ္စကို ခင်ဗျားရဲ့ပဏာမဦးစားပေးကိစ္စနေရာမှာ မထားမိဖို့လိုပါတယ် ”ဟူ၍ပြောဆိုခဲ့တာဖြစ်ပါတယ်။

သူ့ရဲ့ပြောဆိုချက်အဓိပ္ပါယ်ကတော့ မိမိရဲ့လျှို့ဝှက်ထားရမယ့် ကိစ္စတစ်ရပ်ကို ရှေ့တန်းတင်လုပ်နေတာမျိုး မဖြစ်အောင်သတိထားဖို့ သတိပေးတိုက်တွန်းပြောဆိုတာပဲဖြစ်ပါတယ်။ ဒါ့ပြင် GOOGLE ရဲ့ CEO ကြီး အဲရစ်ရှမစ်က သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်တွေနဲ့ ပတ်သက်ပြီး ပြောဆိုသွားတဲ့အထဲမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်တွေအားလုံးကို အစိုးရအဖွဲ့စည်းများအနေနဲ့ အကုန်လုံးသိမ်းကျုံးရယူထားဖို့ရာမဖြစ်နိုင်ကြောင်း၊ မိမိအနေနဲ့တစ်စုံတရာကို ဖုံးကွယ်ထားတယ်ဆိုတဲ့အမြင်မျိုးနဲ့ဝေဖန်ခံရမှာကို မလိုလားသော်လည်း ပုဂ္ဂိုလ်ရေးအရ အခြားလူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိကလွတ်လပ်ခွင့်ကိုတော့ လေးစားရမှာဖြစ်ကြောင်း ၎င်း၏သဘောထားကိုပြောဆိုသွားခဲ့တာဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ အင်တာနက်သုံးစွဲသူပေါင်းဟာ ၂.၄ ဘီလီယံခန့်ရှိပါတယ်။ တစ်နေ့တာအဖို့ ပေးပို့နေတဲ့ E - MAILS ဟာ ၁၄၄ ဘီလီယံအထိ ရှိနေတဲ့အတွက် DIGITAL သတင်းအချက်အလက်တွေဟာ ပျံ့နှံ့ချင်သလို ပျံ့နှံ့နေတာဖြစ်ပါတယ်။ ဒါတွေကို လေ့လာသုတေသနပြုရသူတွေအဖို့လည်း ခက်ခက်ခဲခဲလုပ်ကိုင်ကြရမှာဖြစ်သလို တချို့သော အစိုးရဆိုင်ရာလုပ်ငန်းများနဲ့ ဆက်နွယ်နေတဲ့သတင်းအချက်အလက်တွေဆိုရင် ထိန်းချုပ်ဖုံးကွယ်ထားတဲ့အတွက် မသိနိုင်သေးတဲ့ သတင်းအချက်အလက်များစွာလည်း ရှိနေတာဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကမ္ဘာနှင့်အဝှမ်းမှာ ဖြစ်ပေါ်နေတဲ့ သတင်းအချက်များ လုံခြုံမှုဆိုင်ရာ ပြဿနာတွေဟာ ပုံမှန်ဖြေရှင်း ဆောင်ရွက်ပေးရတဲ့ကိစ္စတစ်ရပ်ဖြစ်သလို တချို့သောဒေသဆိုင်ရာ လုံခြုံမှုအတွက် ပြုပြင်ပြောင်းလဲပေးရတဲ့ အင်တာနက်ချိတ်ဆက်မှုဆိုင်ရာ လျှို့ဝှက်နည်းပညာများဟာလည်း ပိုမိုအရေးပါလာတဲ့အနေအထားကို ရောက်ရှိလာတယ်လို့ဆိုရမှာဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးတွေကြားမှာ ချောင်းမြောင်းနေလေ့ရှိတဲ့ HACKERS တွေရဲ့ရန်ကလည်း ရှိနေသေးတဲ့အတွက် မိမိတို့ရဲ့သတင်းအချက်များလုံခြုံမှုကိုလည်း သတိပြုဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါတင်မက ONLINE DATA တွေကိုလည်း သင့်လျော်မယ့်နည်းလမ်းများကို အသုံးပြုပြီး ထိန်းသိမ်းကြပ်မတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်ထပ်သတိပြုရမယ့်အရာတွေလည်း ရှိပါသေးတယ်။ တရားမဝင်တဲ့အမည်ခံအဖွဲ့အစည်းတွေက အင်တာနက်အသုံးပြုနေသူတွေရဲ့ ACCOUNTS ထဲကိုဝင်ပြီး ONLINE ပေါ်မှာရှိနေတဲ့ သတင်းအချက်အလက်တွေကို ပိရိလိမ္မာစွာနဲ့ နည်းလမ်းမျိုးစုံကို အသုံးပြုပြီး သတင်းနှိုက်ယူသွားနိုင်တဲ့ အန္တရာယ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အင်တာနက်သုံးစွဲသူတွေအနေနဲ့ ONLINE ကိုဝင်နေချိန်မှာ သတိရှိရှိနဲ့ ဆောင်ရွက်လုပ်ကိုင်ကြဖို့လိုအပ်မှာဖြစ်ကြောင်း INTERNET WEBSITE အတော်များများက ဝေဖန်ပြောဆိုခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မိမိတို့မျှော်မှန်းသိရှိခွင့်မရသေးတဲ့ INTERNET လောကကြီးရဲ့ ဖုံးကွယ်နေတဲ့ ONLINE ပေါ်ကပြဿနာမျိုးစုံကို အခြေခံပြီး ဦးနှောက်ဖောက်စားဖို့ကြံရွယ်နေသူများကို သတိပြုရှောင်ရှားနိုင်ကြရေးနဲ့ဖြစ်နိုင်သမျှ ကိုယ်ပိုင်အစီအမံများနဲ့ ကာကွယ်စောင့်ရှောက်သွားကြဖို့ကတော့ မိမိတို့ကိုယ်စီကိုယ်ငှရဲ့တာဝန်သာဖြစ်ပါတယ်။

PRIVATE BROWSERS တွေအဖို့ ပိုမိုအသုံးတည့်ပြီး အဆင်ပြေချောမွေ့နိုင်တဲ့ MODE ကို ပြောင်းလဲသုံးစွဲကြည့်ခြင်းဖြင့် FACEBOOK, TWITTER သို့မဟုတ် ONLINE MAIL ACCOUNTS တွေကို စစ်ဆေးကြည့်နိုင်ပါတယ်၊ ဒီလိုစစ်ဆေးရာမှာလည်း အများသုံးကွန်ပျူတာများ အပါအဝင် မိမိနဲ့ နီးစပ်ရာ ကွန်ပျူတာ အမျိုးအစားအားလုံးကို စစ်ဆေးကြည့်ဖို့လိုအပ်မှာဖြစ်ပါတယ်။

BROWSER တစ်ဦးအနေနဲ့ အခြေခံ SITE တစ်ခုကနေ ဖြတ်သန်းကြည့်ရှုတဲ့အခါ MODE တွေရဲ့ အပြောင်းအလဲကို အကဲခတ်ခွင့်ရသလို DNS LISTS ကိုလည်း လေ့လာသုံးသပ်ခွင့်ရမှာဖြစ်ပါတယ်။

ဒီနေရာမှာ စဉ်းစားစရာတစ်ခုလည်း ရှိပါသေးတယ်။ မိမိရဲ့ E - MAIL လိပ်စာကို FACEBOOK, TWITTER နဲ့ eBAY တို့လို SITES ကြီးတွေနဲ့ အခြားသော ONLINE GAME လိုနေရာတွေမှာအသုံးပြုနေခြင်းဖြင့် HACKER တွေကိုထိုးဖောက်ဝင်ရောက်ရတာလွယ်ကူတဲ့သဘောရှိပါတယ်၊ ဒါ့ကြောင့် စောစောကတင်ပြခဲ့တဲ့ ရုပ်ပြောင်းရုပ်လွှဲတစ်ခုခုကို တည်ဆောက်အသုံးချရတော့မှာဖြစ်ပါတယ်။ ဒါမှလည်းပဲ မိမိတို့ရဲ့ ONLINE ပေါ်ကလူပ်ရှားမှုမှန်သမျှကို အကာအကွယ်ပေးနိုင်သလို E-MAIL ADDRESS တွေကိုလည်း WEBSITES ကြီးတွေက စနစ်တကျထိန်းသိမ်းပေးထားနိုင်တာဖြစ်ပါတယ်။

FAKE NAME GENERATOR တို့ကို အတုအယောင်ဖန်တီးတတ်တဲ့ SITE မျိုးတွေမှာ လိုအပ်သလို DATA များစွာကို ဖော်ထုတ်ရယူပြီး ကိုယ်ပိုင် FAKE အဖြစ်လည်း တီထွင်ဖန်တီးနိုင်တာဖြစ်ပါတယ်၊ ဒါ့ကြောင့်လည်း အတုအယောင်လို့ထင်ရတဲ့ CREDIT CARD တွေပင် အသုံးတွင်ကျယ်လာတာဖြစ်ပါတယ်။ ဒီ CARD တွေမှာဆိုရင် CARD နံပါတ်ကအစ၊ မိခင်အမည်၊ ယာဉ်အမျိုးအစား၊ သွေးအုပ်စု၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ QR CODE စတဲ့အချက်အလက်တွေ အပြည့်အစုံပါဝင်ပြီး CARD အစစ်သဖွယ် အသုံးပြုနိုင်တာဖြစ်ပါတယ်။ ဒီလိုသုံးစွဲမှုဟာ E-MAIL SYSTEM ကို အခမဲ့သုံးစွဲတယ်ဆိုတဲ့ အနေအထားမျိုးပဲဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဒီလိုစနစ်မျိုးကို ဘယ်သူကတာဝန်ယူလက်ခံမယ်ဆိုတဲ့ အခြေအနေမျိုးနဲ့ တစ်ခြား WEBSITES တွေရဲ့ တောင်းဆိုမှုအရ ဆက်သွယ်ဆက်ဆံရမယ့် အကြောင်းကိစ္စတွေပေါ်လာရင် ဘယ်လိုတာဝန်ယူဆောင်ရွက်လုပ်ကိုင်မယ်ဆိုတဲ့အချက်ကိုတော့ စဉ်းစားထားရမှာဖြစ်ပါတယ်။

ONLINE ဆက်သွယ်မှုတွေအရ ပိုမိုသက်တမ်းကြာရင့်နေပြီဖြစ်တဲ့ TOR NETWORK အကြောင်းကို နည်းနည်းပါးပါးလေ့လာထားသင့်ပါတယ်။ ခုလိုပဲ ONLINE ပေါ်မှာ ချိတ်ဆက်မှုတွေ များပြားရှုပ်ထွေးလာပြီဆိုရင် TOR ရဲ့ ကမ္ဘာနဲ့အဝှမ်းက စေတနာ့ဝန်ထမ်းဝန်ဆောင်မှုတွေကို လက်တွေ့ကျကျလေ့လာပြီး အကျပ်အတည်းအခက်အခဲဖြစ်နေတဲ့ SITES တွေရဲ့ အနေအထားကို သိရှိမှတ်သားပြီး TOR ရဲ့ METHOD ကို စမ်းသပ်သုံးစွဲကြည့်ဖို့လိုအပ်မှာဖြစ်ပါတယ်။

TOR ရဲ့ NETWORK တစ်ခုဖြစ်တဲ့ TOR BROWSER BUILDING ဟာ WINDOWS, MAC, LINUX တို့နဲ့ အလိုအလျောက်ဆက်သွယ်နိုင်ပြီး TOR ရဲ့ MODIFIED VERSION ဖြစ်တဲ့ FIREFOX နဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ TOR အနေနဲ့ ချိတ်ဆက်ထားတဲ့ ONLINE CONTENT တွေအားလုံးကို CODE အဖြစ်ပြောင်းလဲပြီး ရှေ့မှာတွေ့ကြုံရမယ့်အခြေအနေတွေကိုလည်း ပြင်ဆင်မှုတွေကြိုတင်ပြုလုပ်ထားပြီး ဖြစ်ပါတယ်။



တစ်နည်းအားဖြင့်ပြောရရင် TOR ဟာ ဘယ်လို TCP APPS တွေကိုမဆို အကျိုးရလဒ်ကောင်းတွေ ထွက်ပေါ်လာအောင် ပေးနိုင်တာဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ TOR နဲ့ တေးဂီတတွေ၊ ရုပ်ရှင်တွေကိုခိုးယူပြီး DOWNLOAD လုပ်ထားရင်ဖြစ်နိုင်ပေမယ့်တရားမဝင်နည်းလမ်းဖြစ်နေတဲ့အတွက် ပြဿနာတက်နိုင်ပါတယ်။ ပဋိညာဉ်ခံထားရတဲ့အတွက် P2P SITES တွေအနေနဲ့ IP တွေကို မကြာခဏစူးစမ်းလေ့လာမှုတွေ ပြုလုပ်တတ်ပါတယ်။ ဒီအခါမှာ IP ရဲ့ ADDRESS ဟာ ပြန်ပေါ်လာတတ်တဲ့အတွက်သတိပြုဖို့လိုအပ်ပါတယ်။ မည်သို့ပင်ဆိုစေ TOR ဟာ FIREFOX VERSION အပါအဝင်လုပ်ဆောင်မှုအမျိုးမျိုးကို သီးသန့်လုံခြုံမှုရအောင် ဖန်တီးပေးနိုင်တဲ့အတွက် အသုံးပြုလိုသူတွေရဲ့ PLATFORM မှာတော့ထောက်ခံမှုတွေရရှိနေတာဖြစ်ပါတယ်။

ရှေ့အပတ်ဆက်လက်ဖော်ပြပါမည် ▶

NETGUIDE'S SPECIAL

# Phone Guide

Mobile Collection    Mobile Comparison    Mobile Update Prices & Gadgets

OUR SELECTED MARKET COLLECTIONS



### Multi-Function Digital Mobile Phone Strap

1900/-

Design လေးကဆန်းလွန်းလို့ဖုန်း Charging သွင်းဖို့နဲ့ card reader ပါလို့ ပြောရင်တောင် ယုံဖို့ခက်ပါလိမ့်မယ်။ အသုံးများတဲ့ USB 5pin နဲ့ဖြစ်တာမို့ Samsung, sony, Huawei, HTC, Nokia etc...မျိုးစုံသော ဖုန်းများနဲ့ တွဲဖက်သုံးစွဲနိုင်မှာဖြစ်ပါတယ်။ဖုန်းကို Data/ charger နှစ်မျိုးလုံးအတွက် အသုံးပြုနိုင်ပြီး Micro SD card ထည့်သွင်းကာ USB port ပါတဲ့Laptop, Desktop, အခြား device များမှာလည်း Card Reader အဖြစ်နဲ့ အသုံးဝင်စေမှာပဲဖြစ်ပါတယ်။ ချစ်စရာကောင်းတဲ့ Colour လေးတွေနဲ့ ရောစပ်ထားတာဖြစ်လို့ အမြင်ဆန်းစေပြီး အသုံးပြုချင်စရာကောင်းတဲ့ Product တွေထဲမှာ တစ်ခုအပါဝင်ဖြစ်မှာတော့ သေချာပါတယ်။

F@X | 01-389357,02-69389



### ELECOM Mobile Battery MODEL: DE-M01L-1110GN

32,400/-

ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး၊ Japan နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသော ဂျပန်အရည်အသွေးဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားသော ELECOM အမှတ်တံဆိပ် Mobile Battery လေးဖြစ်ပါတယ်။

ဒီmobile battery လေးကတော့ Smart phone အတွက်ဖြစ်ပြီး 7V/3000mAh သိုလှောင်ထားနိုင်ပြီးဖုန်းတစ်လုံးကို (၁)ကြိမ်ခွဲခန့် ပြန်လည်အားသွင်းနိုင်မှာဖြစ်ပါတယ်။ Battery ရဲ့ အဝင်ဗို့၊ အထွက်ဗို့အားက (5V)ဖြစ်ပြီး အလွယ်တကူ မိမိဖုန်းကိုအားပြန်သွင်းပေးနိုင်မည့် battery လေးဖြစ်ပါတယ်။ အရောင်အနေဖြင့် ပန်းရောင်၊ အနက်ရောင်၊ အစိမ်းရောင်ဆိုပြီး (၃)ရောင်ရှိမှာဖြစ်ပါတယ်။

CYBER PLUS | 01-227593 , 01-221792 , 09-73056483 , 09-91016645

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more

### ELECOM Earphone only Model : EHP - IN 20 series

7,200/-



ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားပြီး၊ Japan နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသော ဂျပန်အရည်အသွေးဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားသည့် ELECOM အမှတ် တံဆိပ် ear phone လေးဖြစ်ပါတယ်။

အသံကြည်လင်ပြီး နူးညံ့တဲ့ Sillicon ရာဘာအစွပ်လေးများပါတဲ့အတွက် နားကို နာကျင်ထိခိုက်ခြင်းမရှိအောင် နားနှင့် Fit ဖြစ်အောင် ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်၊ သီချင်းသီးသန့်အသုံးပြုချင်သူများအနေဖြင့် သေးငယ်ပြီးအသံပိုင်းကောင်းမွန်တဲ့ နားကြပ်လေးဖြစ်ပါတယ်။ Ear Shape Type ဒီဇိုင်းပုံစံလေးပြုလုပ်ထားပါတယ်။

CYBER PLUS | 01-227593 , 01-221792 , 09-73056483 , 09-91016645




### iphone 5 Dock

3900/-

အရည်အသွေးမြင့် ဖုန်းတစ်လုံးကို အသုံးပြုထားပြီဆိုရင်တော့ သေချာလေးထိန်းသိမ်းကာကွယ်ဖို့ဆိုတာလည်း လိုအပ်ပါတယ်။ အခု ဒီ Dock လေးကတော့ ဖုန်းကို charging သွင်းနေတဲ့အချိန်မှာ ထိခိုက်ခြင်းအမျိုးမျိုးမှ လွတ်ကင်းဖို့ အသုံးပြုနိုင်မှာပါ။ iphone 5 အသုံးပြုသူများအတွက် ရည်ရွယ်ပြီး သီးသန့်ထုတ်လုပ်ပေးထားတာပါ။ ဖုန်းကို အသုံးမပြုလိုတဲ့အခါမျိုးမှာလည်း Dock ကို stand တစ်ခုအနေနဲ့ အသုံးပြုနိုင်တာဖြစ်လို့ အဆင်ပြေစေနိုင်မှာပဲ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ရုံးခန်း၊ အိမ်တွင်း၊ ကားထဲစတဲ့နေရာမျိုးစုံမှာ စမတ်ကျကျလေးနဲ့ အမြင်တင့်တယ်စွာ အသုံးပြုနိုင်ဖို့ အတွက်တော့ ဆောင်ထားသင့်တဲ့ New product လေးတစ်ခုပါဘဲ။

F@X | 01-389357, 02-69389



### Mobile Charger Power Bank 2600mAh

7,500/-



ခရီးဆောင်မိုဘိုင်းအားသွင်းစက်များကို အလွယ်တကူ သယ်ဆောင်သွားနိုင်ပြီး Phone များ၊ Tablet များကို အချိန်မရွေး၊ နေရာမရွေး အားသွင်း အသုံးပြုနိုင်ပါသည်။ လျှပ်စစ်အားပမာဏ2600 mAh အထိ သိုလှောင်နိုင်ပြီး 2နာရီကြာအားသွင်းပေးရပါသည်။ Power Bankကို အားသွင်းပေးသောအပေါက်နှင့် Power Bank မှအားကို ပြန်ထုတ်သောအပေါက် (၂) ပေါက်ပါပြီး အပေါက်(၂)ပေါက်လုံးနှင့်အသုံးပြုနိုင်ရန် ကြိုး(၁) ချောင်းပါထည့်သွင်းပေးထားပါသည်။ LED Indicator ပါပြီး Charging သွင်းပြီးနောက် အားပြည့်ကြောင်းကို အချက်ပြပေးသောစနစ်ပါဝင်ပါသည်။ Lithium Ion Battery ကိုအသုံးပြုထားပါသည်။ ကိုယ်ထည်ကို အလူမီနီယံဖြင့် ပြုလုပ်ထားပြီး အနီရောင်၊ ပန်းရောင်၊ ရွှေရောင်၊ အပြာရောင်၊ အနက်ရောင်၊ မီးခိုးရောင်တို့ဖြင့် လှပစွာထုတ်လုပ်ထားသည်။

MY DATA | 09-5046085, 09-5196724

### iPhone 5 Telescope 8x

25,000/-

iPhone 5 တွင် တပ်ဆင်အသုံးပြုနိုင်သော Telescope တစ်ခုဖြစ်ပါတယ်။ Zoom ကို 8ဆအထိ ဆွဲကြည့်နိုင်ပါတယ်။ မိမိ iPhone 5ဖြင့် Photo, Movie များကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ပုံရိပ်များကို အနီးကပ်ထင်ရှားပြတ်သားစွာ ရိုက်ကူးနိုင်မှာဖြစ်ပြီး Zoom ကိုလည်း Adjustment ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးမှုဝါသနာပါရှိသူများ မရှိမဖြစ်ဆောင်ထားသင့်တဲ့ Gadget လေးတစ်ခုဖြစ်ပါတယ်။ Professional Camera ဖြင့် မရိုက်ကူးဘဲ iPhone ဖြင့် ဓာတ်ပုံရိုက်တတ်သည့်သူငယ်များ နှစ်သက်မှာဖြစ်ပါတယ်။

MY DATA | 09-5046085, 09-5196724

# MOBILE USED PHONE

## 1. Sony Xperia SP

Price : 265,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G |
| Display | : | 4.6", TFT capacitive touchscreen |
| Memory | : | 8GB (5.8GB user available), micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.1 (Jelly Bean) |

## 2. Apple iPhone 4 (32GB)

Price : 275,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G |
| Display | : | 3.5", LED Backlit IPS LCD, capacitive touchscreen |
| Memory | : | 32GB storage, 512MB RAM |
| Camera | : | 5 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | iOS4 (upgradable to iOS 6.1.3) |

## 3. HTC Butterfly

Price : 410,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G, 4G |
| Display | : | 5.0", Super LCD3 capacitive touchscreen |
| Memory | : | 16GB (11GB user available), micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.1.1 (Jelly Bean) |

## 4. Huawei U8825D

Price : 75,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G |
| Display | : | 4.0", TFT capacitive touchscreen |
| Memory | : | 4GB (2.5GB user available), micro SD, up to 32GB |
| Camera | : | 5 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.0.4 (Ice Cream Sandwich) |

## 5. Samsung Galaxy SII

Price : 160,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G |
| Display | : | 4.3", Super AMOLED Plus capacitive touchscreen |
| Memory | : | 16GB storage, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 2.3.4 (Gingerbread) |

## 6. LG Optimus LTE

Price : 120,000 Ks



| | | |
|---|---|---|
| Network | : | 2G, 3G, 4G |
| Display | : | 4.5", HD-IPS LCD capacitive touchscreen |
| Memory | : | 4GB storage, 1GB RAM micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS v 2.3.5 (Gingerbread) |

*အထက်ပါအချက်အလက်များကို www.ads.com.mm မှ ကူညီပံ့ပိုးပါသည်။*

**မိမိရောင်းချလိုသော Used Phone ပုံနှင့် အချက်အလက် အပြည့်အစုံကို netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။**

## Preview

### Oppo R819




| | | |
|---|---|---|
| Network | : | 2G, 3G |
| Announced | : | 2013, August |
| Status | : | Coming soon. Exp. release 2013, September |
| Display | : | 4.7", IPS LCD capacitive touchscreen |
| Memory | : | 16GB, 1GB RAM |
| Camera | : | 8 Megapixels, auto focus, LED flash, touch focus, Geo-tagging, face detection |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth, USB |
| Multimedia | : | MP3, MP4, FM, Video |
| Chipset | : | MediaTekMT6589 |
| CPU | : | Quad-core 1.2GHz |
| Sensors | : | Accelerometer, gyro, proximity |
| OS | : | Android OS, v 4.2.1 (Jelly Bean) |

Features စုံစုံလင်လင်နဲ့ Specification ကောင်းကောင်းရနိုင်တဲ့ အလယ်အလတ်တန်းစား ဖုန်းတစ်လုံးကို ရှာဖွေဖို့ နည်းနည်းတော့ စဉ်းစားရပါလိမ့်မယ်။ Oppo R819 ဖုန်းဟာ ဒီလိုအချက်အလက်တွေကို ဖြည့်စွမ်းထားရုံသာမက ငွေကြေးအသင့်အတင့်ပဲ သုံးစွဲလိုသူတွေ အကြိုက်တွေ့စေမယ့် ဖုန်းမျိုးဖြစ်ပါတယ်။ တော်တော်လေးကို ရိုးစင်းတဲ့ အသွင်အပြင်နဲ့ dual-SIM အသုံးပြုနိုင်မှာဖြစ်တဲ့ဖုန်းတစ်လုံးပါ။ ပေါ့ပါးပြီးပါးလွှာတဲ့ ကိုယ်ထည်နဲ့ ဒီဇိုင်းဆင်ပြုလုပ်ထားပြီး ကြည်လင်တောက်ပတဲ့ Screen နဲ့ အမှတ်တရပုံရိပ်တွေကို ရိုက်ယူနိုင်မယ့် 8MP ရှိတဲ့ ကင်မရာပါဝင်ပါတယ်။ ဖုန်းရဲ့အထူဟာ 7.3mm သာရှိပြီး အလေးချိန်အနေနဲ့ 110g သာ လေးတာကြောင့် လက်ထဲမှာ သက်သောင့်သက်သာနဲ့ ကိုင်တွယ်အသုံးပြုနိုင်မှာပါ။ မျက်နှာပြင် 4.7" ရှိပြီး Resolution 720 pixel နဲ့ ပုံရိပ်တွေကို ဖမ်းယူကြည့်ရှုနိုင်မှာဖြစ်လို့ ကြည်လင်ပြတ်သားတဲ့မြင်ကွင်းကို ရရှိစေမှာပါ။ IPS LCD capacitive touchscreen ကို သိပ်သည်းဆ 312ppi ထောက်ပံ့ပေးထားတာဖြစ်ပါတယ်။ Quad-core 1.2 GHZ, Media Tek MT 6589 Processor ဟာ High-end Snapdragons ကို ကောင်းကောင်း ယှဉ်နိုင်မှာပါ။ Android ရဲ့ 4.2 Jelly Bean Operating System နဲ့ အလုပ်လုပ်ပေးမှာဖြစ်လို့ သုံးစွဲရတာအဆင်ပြေစေမှာဖြစ်ပါတယ်။ 8MP ရှိတဲ့ကင်မရာဟာ အရည်အသွေးကောင်းတဲ့ ဓာတ်ပုံများရိုက်ကူးနိုင်သလို 1080p ရှိတဲ့ Video များကိုလည်း ရိုက်ကူးနိုင်မှာပါ။ အရှေ့ကင်မရာ 2.0MP ပါတပ်ဆင်ပေးထားတဲ့အတွက် ကင်မရာနှစ်ခုစလုံး ကောင်းကောင်းအသုံးပြုလို့ရမှာ ဖြစ်ပါတယ်။ Storage အနေနဲ့ 16GB Built-in ပါရှိမှာ ဖြစ်သလို RAM1GB နဲ့ သုံးစွဲရမှာဖြစ်လို့ Multitasking သုံးစွဲတဲ့နေရာမှာ အဆင်ပြေစေမှာပါ။ ပြင်ပဆူညံသံတွေကို ဖယ်ရှားပေးထားတဲ့ Sound System ကြောင့် အသံအရည်အသွေးဟာလည်း ကောင်းမွန်မယ်လို့ မျှော်လင့်ရပါတယ်။ ဖြုတ်လဲတပ်လို့မရတဲ့ Li-Ion 2000mAh ဘက်ထရီတပ်ဆင်ပေးထားပြီး အချိန်ကြာမြင့်စွာ ဖုန်းသုံးစွဲသူများအတွက် လုံလောက်တဲ့ Battery စွမ်းဆောင်ရည်ကိုရရှိမှာပါ။ ဒီဖုန်းရဲ့အဓိက အားနည်းချက်လို့ ဖော်ပြထားတာတွေကတော့ Chipset အနည်းငယ် အားနည်းခြင်း၊ Micro SD card slot မပါဝင်တာကြောင့် Storage ထပ်တိုးအသုံးပြုလို့ မရခြင်း၊ ဘက်ထရီ ဖြုတ်လဲတပ်ဆင်လို့မရခြင်းများ ဖြစ်ပါတယ်။ ဒါပေမဲ့ midrange အတန်းအစားဖုန်းတစ်လုံးဖြစ်တဲ့အတွက် အားနည်းချက်လို့ ပြောထားတဲ့အချက်တွေဟာ Screen Resolution ကောင်းမွန်ခြင်း၊ ကင်မရာကောင်းကောင်း အသုံးပြုလို့ရနိုင်ခြင်း၊ ပေါ့ပါးပါးလွှာတဲ့ ဒီဇိုင်းအသွင်အပြင်ရှိခြင်း၊ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်တဲ့ ဘက်ထရီတပ်ဆင်ထားခြင်းစတဲ့အချက်များနဲ့ ယှဉ်ကြည့်ရင် သေသပ်ကောင်းမွန်ပြီး သုံးစွဲသူကိုစိတ်ကျေနပ်မှုပေးစေမယ့် ဖုန်းတစ်လုံးဖြစ်မယ်လို့ သုံးသပ်ထားပါတယ်။

ဒါ့အပြင် dual-Sim ဖြစ်တာကြောင့် ဖုန်းတစ်လုံးတည်းနဲ့ အလုပ်နှစ်မျိုးကို အလွယ်တကူလုပ်နိုင်မှာဖြစ်ပါတယ်။ နောက်ထပ်အပိုဖုန်းတစ်လုံး ထပ်သယ်သွားစရာမလိုဘဲ အရေးကြီးတဲ့ လုပ်ငန်းဆောင်တာများကို Sim Card နှစ်ခု ထည့်သွင်းပြီး ပြုလုပ်နိုင်မှာဖြစ်တာကြောင့် ဈေးနှုန်းနဲ့စာရင် သုံးပျော်တဲ့ ဖုန်းတစ်လုံး ဖြစ်လိမ့်မယ်လို့ ယူဆထားကြပါတယ်။

## Nokia Phone Comparison

| | Nokia N9 | Nokia 808 | Nokia N8 | Nokia E7 |
|---|---|---|---|---|
| |  |  |  |  |
| Network | 2G, 3G | 2G, 3G | 2G, 3G | 2G, 3G |
| Weight | 135 g | 169 g | 135 g | 176 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB |
| Operating System | MeeGo OS, v 1.2 [Harmattan] | Nokia Belle OS | Symbian^3 OS, upgradable to Nokia Belle Refresh | Symbian^3 OS, upgradable to Nokia Belle Refresh |
| Size (mm) | 116.5 x 61.2 x 12.1 | 123.9 x 60.2 x 13.9 | 113.5 x 59.1 x 12.9 | 123.7 x 62.4 x 13.6 |
| Camera | 8 Megapixel | 41 Megapixel | 12 Megapixel | 8 Megapixel |
| Multimedia | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record |
| Display | 3.9", AMOLED capacitive touchscreen | 4.0", AMOLED capacitive touchscreen | 3.5", AMOLED capacitive touchscreen | 4.0", AMOLED capacitive touchscreen |
| Memory | 16/64GB storage, 1GB RAM | 16GB storage, micro SD, up to 32GB | 16GB storage, micro SD, up to 32GB | 16GB storage, 256MB RAM |
| Price | 425,000 Ks | 380,000 Ks | 290,000 Ks | 315,000 Ks |
| Phone | 01-371923, 371924 | 01-371923, 371924 | 01-371923, 371924 | 01-371923, 371924 |

## Affordable Phones



### 1. Huawei Ascend Y300
**Price : 98,000 Ks**

- Network : 2G, 3G
- Display : 4", IPS-LCD capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 5 Megapixels
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1 (Jelly Bean)
- Phone : 01-387459



### 2. Lenovo A690
**Price : 89,000 Ks**

- Network : 2G, 3G
- Display : 4.0", capacitive touchscreen
- Memory : micro SD, up to 32GB
- Camera : 3 Megapixels
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 2.3.6 (Gingerbread)
- Phone : 09-73171212



### 3. I.VOGUE IHD G858
**Price : 55,000 Ks**

- Network : 2G, 3G
- Display : 4.0", capacitive touchscreen
- Memory : micro SD, up to 8/16GB
- Camera : 5 Megapixels
- Connectivity : GPRS, EDGE, WLAN, Bluetooth, MRTV, Myawaddy
- OS : Android OS v 2.3.6 (Gingerbread)
- Phone : 01-224922

## Featured Phones



### 1. LG Prada 3.0
**Price : 250,000Ks**

- Network : 2G, 3G
- Display : 4.3", capacitive touchscreen
- Memory : Internal 8GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.0.4 (I.C.S)
- Phone : 09-420254494



### 2. Samsung Galaxy Fame
**Price : 170,000 Ks**

- Network : 2G, 3G
- Display : 3.5", TFT capacitive touchscreen
- Memory : Internal 4GB, micro SD, up to 64GB
- Camera : 5 Megapixels, auto focus, LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 01-245281



### 3. Huawei Ascend P6
**Price : 330,000 Ks**

- Network : 2G, 3G
- Display : 4.7", IPS + LCD capacitive touchscreen
- Memory : Internal 8GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE,WLAN, Bluetooth
- OS : Android OS v 4.2.2 (Jelly Bean)
- Phone : 09-43122666

## New Entries Phones



### 1. I.VOGUE G9300
**Price : 99,900 Ks**

- Network : 2G, 3G
- Display : 4.7", capacitive touchscreen
- Memory : Internal 4GB, micro SD, up to 16GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.0.4 (I.C.S)
- Phone : 09-421745546



### 2. Samsung Galaxy SII HD (Black)
**Price : 300,000 Ks**

- Network : 2G, 3G, 4G
- Display : 4.65", Super AMOLED capacitive touchscreen
- Memory : Internal 16GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus, LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.0 (I.C.S)
- Phone : 09-425294070



### 3. I.VOGUE V8F
**Price : 88,000 Ks**

- Network : 2G, 3G
- Display : 7", capacitive touchscreen
- Memory : micro SD, up to 8/16GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1.1 (Jelly Bean)
- Phone : 01-224922

## CDMA Phones



### 1. Samsung Galaxy Trend
**Price : 120,000 Ks**

- Network : CDMA 800MHz
- Display : 4.0", capacitive touchscreen
- Memory : Internal 4GB
- Camera : 3.2 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 2.3.6 (Gingerbread)
- Phone : 01-245281



### 2. Huawei C8813
**Price : 120,000 Ks**

- Network : CDMA 800MHz
- Display : 4.5", capacitive touchscreen
- Memory : Internal 4GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1.1 (Jelly Bean)
- Phone : 09-43122666



### 3. HTC Droid Incredible II
**Price : 209,000 Ks**

- Network : GSM, CDMA 800MHz
- Display : 4.5", LCD capacitive touchscreen
- Memory : Internal 16GB, micro SD, up to 32GB
- Camera : 8 Megapixels, dual-LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 2.2 (froyo)
- Phone : 09-73900833

# TOP 10 SMART PHONES



### 1. Samsung Galaxy Note 2 (4G) (White)
**(490,000 Ks)**

- Network : 2G, 3G, 4G
- Display : 5.5", Super AMOLED capacitive touchscreen
- Memory : micro SD, up to 64GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.1.1 (Jelly Bean)
- Phone : 09-73048282



### 2. LG Optimus G (435,000 Ks)

- Network : 2G, 3G
- Display : 4.7", capacitive touchscreen
- Memory : Internal 32GB
- Camera : 13 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 01-385818



### 3. Samsung Galaxy S4 (Active)
**(609,000 Ks)**

- Network : 2G, 3G, 4G
- Display : 5.0", TFT capacitive touchscreen
- Memory : Internal 16GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus, LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.2.2 (Jelly Bean)
- Phone : 09-73900833



### 4. LG Optimus LTE III (White)
**(335,000 Ks)**

- Network : 2G, 3G, 4G
- Display : 4.7", IPS-TFT capacitive multi-touchscreen
- Memory : Internal 8GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus, LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 09-73117458



### 5. Huawei Ascend G610S
**(143,000 Ks)**

- Network : 2G, 3G
- Display : 5.0", IPS-LCD capacitive multi-touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 5 Megapixels, auto focus, flash light
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.2 (Jelly Bean)
- Phone : 01-385818



### 6. Samsung Galaxy Core
**(230,000 Ks)**

- Network : 2G, 3G
- Display : 4.3", TFT capacitive touchscreen
- Memory : Internal 8GB, micro SD, up to 64GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 01-245281



### 7. Huawei G700 (205,000 Ks)

- Network : 2G, 3G
- Display : 5.0", capacitive touchscreen
- Memory : Internal 8GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.2.1 (Jelly Bean)
- Phone : 09-73048282



### 8. Samsung Galaxy Ace III
**(198,000 Ks)**

- Network : 2G, 3G, 4G
- Display : 4", TFT capacitive touchscreen
- Memory : Internal 4GB, micro SD, up to 64GB
- Camera : 5 Megapixels, auto focus, LED flash
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.2 (Jelly Bean)
- Phone : 09-73900833



### 9. Sky Vega Racer 2 (Black)
**(250,000 Ks)**

- Network : 2G, 3G
- Display : 4.8", capacitive touchscreen
- Memory : Internal 16GB
- Camera : 8 Megapixels
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.0 (Ice Cream Sandwich)
- Phone : 09-33330678



### 10. LG Optimus Vu II (White)
**(460,000 Ks)**

- Network : 2G, 3G
- Display : 5.0", capacitive touchscreen
- Memory : Internal 32GB
- Camera : 8.0 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.0.4 (Ice Cream Sandwich)
- Phone : 09-420254494

# PHONE REVIEW...

## Samsung Galaxy S4 Active

Samsung ဟာ Galaxy S4 စမတ်ဖုန်းကို ထုတ်လုပ်ပြီးနောက်မှာပဲ လက်ရှိဈေးကွက်မှာ ထင်ရှားနေတဲ့ Sony Xperia Z ဆိုတဲ့ ရေစိမ်ခံဖုန်းကို ယှဉ်နိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ Samsung Galaxy S4 Active လို့ခေါ်တဲ့ ရေစိမ်ခံအတန်းအစားကို ဆက်လက်ထုတ်လုပ်လိုက်ပါတယ်။ အသွင်အပြင်ပိုင်း အနည်းငယ်ကွဲသွားပေမယ့် သုံးစွဲမှုအပိုင်းမှာတော့ မူရင်း Galaxy S4 လိုပဲ အသုံးပြုနိုင်စေပါလိမ့်။ တချို့နေရာလေးတွေမှာ အနည်းငယ်ကွာဟသွားတာမျိုးတွေလည်း ရှိနေတာကို တွေ့ရဦးမှာဖြစ်ပြီး အထူးသဖြင့် ကင်မရာပိုင်းနဲ့ မျက်နှာပြင်ကာကွယ်မှုအပိုင်းတို့ပဲ ဖြစ်ပါတယ်။

### Design and Build

အမြင်ပိုင်းမှာ S4 Active ဟာ ရေစိမ်ခံနိုင်စေမယ့် တည်ဆောက်မှု ပုံစံမျိုးကို တွေ့ရပါလိမ့်မယ်။ ရှေ့ခလုတ်တွေက ရာဘာအုပ်ထားတာမျိုးဖြစ်ပြီး နောက်ဘက်မှာလည်း ထောင့်လေးထောင့်မှာ စကူတွေကျပ်ထားတာကို တွေ့ရဦးမှာဖြစ်ပါတယ်။ ခန့်ညားမှုအပိုင်း နည်းနည်းလျော့သွားသလိုမျိုး ဖြစ်သွားစေပါတယ်။ ဖုန်းအထူကလည်း 9.1mm ရှိလို့ မူရင်း S4 ထက် 1.2mm ပိုထူသွားသလို အလေးချိန်မှာလည်း 23g ပိုလေးတဲ့ 153g အထိ ရှိသွားမှာဖြစ်ပါတယ်။ အကြမ်းခံမှုနဲ့ ရေစိမ်ခံမှုဆိုတဲ့ အားသာချက်တွေကို ရရှိစေပါလိမ့်မယ်။

### Display

S4 Active ဟာ မူရင်း S4 လို Super AMOLED display မျိုး မဟုတ်တော့ဘဲ TFT capacitive touchscreen ကို ပြောင်းလဲအသုံးပြုထားလို့ ပုံရိပ် ပြတ်သားထင်ရှားမှုမှာ နည်းနည်းကျဆင်းနိုင်ပေမယ့် ရုပ်ထွက်အရောင်အသွေးတော့ ကျဆင်းသွားမှု မရှိစေပါဘူး။ Full HD နဲ့ 441ppi စံနှုန်းကို ဆက်လက်ပေးစွမ်းထားပါတယ်။

### Operating System and Software

S4 Active ဟာ Android 4.2.2 Jelly Bean ကို တစ်ပါတည်းထည့်သွင်းပေးထားသလို အခုနောက်ထုတ်လိုက်တဲ့ 4.3 version ကိုပါ မြှင့်တင်အသုံးပြုနိုင်ဖို့ရှိနေပါတယ်။ Eye Scroll တို့ Air Gesture တို့လို feature တွေ သုံးနိုင်မှာဖြစ်ပြီး လက်တွေ့မှာ လက်နဲ့တိုက်ရိုက်ထိတွေ့သုံးရတာ ပိုမိုသွက်လက်မှုရှိစေမှာ ဖြစ်ပါတယ်။ S Translator နဲ့ Screen Mirroring တို့လို feature တွေက အသုံးပိုထိရောက်ပါတယ်။ S Translate ဟာ အင်္ဂလိပ်၊ တရုတ်ဘာသာအပါအဝင် အဓိကဘာသာစကား ၉ မျိုးအထိ ပြန်ပေးနိုင်ပါတယ်။ ပြောစကားကို ပြန်ပေးတာဖြစ်လို့ ပြည်ပမှာလုပ်နေသူတွေအတွက် ထိရောက်မှုရှိတဲ့ feature တစ်ခုပါပဲ။ Screen Mirroring က စီးပွားရေးလုပ်ငန်းအတွက် အဆင်ပြေစေပါတယ်။ ဖုန်းပြောနေရင်းနဲ့ တစ်ဖက်က Galaxy အတန်းအစား စမတ်ဖုန်းနဲ့ချိတ်ဆက်ပြီး chart ပဲဖြစ်ဖြစ်၊ တခြားသောဆောင်းပါးတစ်ခုခုပဲဖြစ်ဖြစ် လှမ်းပြပေးနိုင်စေပါတယ်။

### Performance

LTE ကွန်ရက်နိုင်ငံအများစုမှာတော့ quad-core 1.9GHz မြန်နှုန်းရှိတဲ့ Snapdragon 600 processor ကိုသုံးထားပြီး 3G ကွန်ရက်အခြေပြုနိုင်ငံတွေမှာဆိုရင်တော့ Samsung က ထုတ်ထားတဲ့ Exynos 5 Octa 5410 chipset ကို သုံးထားကာ quad-core 1.6GHz နဲ့ quad-core 1.2GHz CPU ၂ လုံးက ပေါင်းစပ်လုပ်ဆောင်စေတာဖြစ်ပါတယ်။ RAM က 2GB ရှိပါတယ်။ NFC နဲ့ Intrared port တို့ပါ ပါဝင်ပါတယ်။ 16GB sotrage သာရှိပေမယ့် 64GB အထိ တိုးမြှင့်သုံးနိုင်စေမှာဖြစ်ပါတယ်။ battery က Li-Ion 2600mAh ပဲဖြစ်ပြီး ၁၇ နာရီလောက် စကားပြောဆိုနိုင်စေပါတယ်။ ကင်မရာပိုင်းမှာတော့ မူရင်း S4 ထက်လျော့သွားတဲ့ 8MP rear camera ကိုပဲသုံးထားပြီး ရှေ့ကင်မရာကတော့ 2MP ရှိလို့ video-call အတွက် အဆင်ပြေစေပါလိမ့်မယ်။ မျက်နှာပြင်ကိုလည်း Corning Gorilla Glass 2 နဲ့ပဲ ဖုံးအုပ်ပေးထားပါတယ်။




#### Specification

| | | |
|---|---|---|
| Display | : | 5.0 inches, TFT capacitive touchscreen |
| Memory | : | 16GB (11.2GB user available), micro SD, up to 64GB |
| Camera | : | 8 Megapixel, auto focus, LED flash, geo-tagging |
| OS | : | Android OS, v 4.2.2 (Jelly Bean) |
| Phone | : | 01-371923 (AMT Mobile) |

## HTC One X




HTC ရဲ့ နာမည်ကြီးဖုန်းတွေထဲက တစ်လုံးအပါအဝင်ဖြစ်တဲ့ HTC One X ဟာ အကောင်းမွန်ဆုံး အရည်အသွေးတွေနဲ့ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ 4.7" ရှိတဲ့ Screen အရွယ်အစားကို 720 P Resolution ထောက်ပံ့ပေးထားတာကြောင့် ရုပ်ထွက်အရည်အသွေးကောင်းမွန်ပါတယ်။ ဒ့ါအပြင် ထိခိုက်မှုဒဏ်အတွက် Gorilla Glass နဲ့ Screen ကို ကာကွယ်ပေးထားပါတယ်။ Processor ပိုင်း အနေနဲ့လည်း Quad core 1.5GHz, Nvidia Tegra 3 ကို အသုံးပြုမောင်းနှင်ထားတာဖြစ်လို့ ကောင်းမွန်တဲ့လုပ်ဆောင်ချက်များ ရရှိနိုင်မှာပါ။ Data သိမ်းဆည်းမှုမှာဆိုရင်တော့ 16GB နဲ့ 32GB နှစ်မျိုးရရှိနိုင်ပြီး RAM 1 GB ပါဝင်ပါတယ်။ ဒါပေမဲ့ Micro SD card slot မပါဝင်တာကြောင့် Data Storage ပိုင်းကို ထပ်မံတိုးချဲ့အသုံးပြုနိုင်မှာ မဟုတ်ပါဘူး။ HTC ဟာအကောင်းဆုံးတွေကို ဖန်တီးဖို့ အမြဲစိတ်ထက်သန်နေတယ်ဆိုတဲ့အတိုင်းပဲ ကင်မရာပိုင်းဟာလည်း အကောင်းမွန်ဆုံး အရည်အသွေးများနဲ့ ထည့်သွင်းတပ်ဆင်ပေးထားပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 4.7 inches, Super IPS LCD 2, capacitive touchscreen |
| Memory | : | 16GB, 1GB RAM |
| Camera | : | 8 Megapixel, auto focus, LED flash, geo-tagging |
| OS | : | Android OS, v 4.0 (Ice Cream Sandwich) |
| Phone | : | 09-5559595 (Today Mobile) |

## Huawei Ascend P6




ယနေ့ဖုန်းဈေးကွက်မှာ အပါးလွှာဆုံးအဖြစ် စံချိန်တင်ထားတဲ့ဖုန်း ဖြစ်ပါတယ်။ Huawei ရဲ့ Ascend P6 ဟာ တစ်လက်မရဲ့ လေးပုံတစ်ပုံ (6.18) mm ပဲ အထူရှိပြီး ဒီဇိုင်းဖွဲ့စည်းပုံဟာ iPhone 4/ 4s တို့နဲ့ ခပ်ဆင်ဆင်ပုံစံမျိုးပါ။ 4.7" Screen ရှိပြီး 720 p ရှိကာ သိပ်သည်းဆ 312 ppi နဲ့ ထောက်ပံ့ပေးတာကြောင့် ကြည်လင်ပြတ်သားတဲ့ရုပ်ထွက်ကို ရရှိစေမှာဖြစ်ပါတယ်။ Ascend P6 ဟာ 1.5 GHz quad-core KB V2E Processor နဲ့ မောင်းနှင်ပေးထားပြီး ရှေ့ဘက်ကင်မရာဟာ 5MP နဲ့ ရိုက်ကူးနိုင်မှာဖြစ်လို့ ရှေ့ကင်မရာအသုံးပြုပြီး ဓာတ်ပုံရိုက်လိုသူတွေအတွက် အဆင်ပြေစေမှာပါ။ စွမ်းအင်အသုံးပြုမှုမှာလည်း QPC and ADRX battery optimization and power saving technology သုံးထားတာကြောင့် အခြားဖုန်းများထက် စွမ်းအင်သုံးစွဲမှု ၃၀ ရာခိုင်နှုန်း လျော့နည်းသက်သာမယ်လို့ ဆိုထားပါတယ်။ အရောင်ကိုတော့ အမည်း၊ ပန်းရောင်နဲ့ အဖြူဆိုပြီး သုံးရောင်ရရှိနိုင်မှာပါ။

#### Specification

| | | |
|---|---|---|
| Display | : | 4.7 inches, IPS + LCD capacitive touchscreen |
| Memory | : | 8GB (4.7GB user available), micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash, geo-tagging |
| OS | : | Android OS, v 4.2.2 (Jelly Bean) |
| Phone | : | 09-5559595 (Today Mobile) |

## Sony Xperia ZR

Sony ထုတ်လုပ်ထားတဲ့ နာမည်ကျော်ရေစိမ်ခံ Xperia Z ကို Upgrade လုပ်ထားတဲ့ ဖုန်းလို့ထင်ရနိုင်ပေမယ့် ဒီဖုန်းမှာတော့ Xperia Z လောက် Specs ကောင်းကောင်း မပါဝင်ပါဘူး။ ဒါပေမယ့် ရေစိမ်ခံပြီး Xperia Z အစား အသုံးပြုချင်သူများအတွက် ရွေးချယ်ဖို့သင့်တော်တဲ့ Sony ရဲ့ High-end တန်းဝင်ဖုန်းတစ်လုံးပါ။ Galaxy S4 mini နဲ့ One mini လောက် Screen အရွယ်အစားကို လျှော့ချမထားဘဲ 4.55" နဲ့ Capacitive Touchscreen ကို သိပ်သည်းဆ 323 ppi နဲ့ထောက်ပံ့ပေးထားတဲ့အတွက် ရုပ်ထွက်ကောင်းကောင်း ခံစားရမှာဖြစ်ပါတယ်။ ကင်မရာကလည်း Sony ဖုန်းတွေမှာ ကင်မရာအရည်အသွေးကောင်းကို ထိန်းသိမ်းထားတဲ့ ပုံစံအတိုင်း 13 MP နဲ့ ထည့်သွင်းတည်ဆောက်ပေးထားပါတယ်။ Multitouch အသုံးပြုနိုင်တဲ့ ဒီဖုန်းဟာ Snapdragon APQ 8064 Chipset ဖြစ်တဲ့ Quad-core 1.5GHz Krait Processor နဲ့ မောင်းနှင်ပေးထားတာပါ။ RAM 2GB ဖြစ်တဲ့အတွက် ဖုန်းတစ်လုံးထဲမှာ Feature မျိုးစုံကို တစ်ပြိုင်နက်တည်း အသုံးပြုချင်တဲ့သူတွေ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။




#### Specification

| | | |
|---|---|---|
| Display | : | 4.55 inches, TFT capacitive touchscreen |
| Memory | : | 8GB, 2GB RAM, micro SD, up to 32GB |
| Camera | : | 13.1 Megapixel, auto focus, LED flash, geo-tagging |
| OS | : | Android OS, v 4.1 (Jelly Bean), upgradabel to v 4.2.2 |
| Phone | : | 09-5559595 (Today Mobile) |

# KEY SPECS Comparison PHONE





## Samsung Galaxy S4 VS LG Optimus G Pro

Samsugn ရဲ့ အကောင်းဆုံးထုတ်ကုန် စမတ်ဖုန်းဖြစ်တဲ့ Galaxy S4 ဟာ လက်ရှိမှာလူကြိုက်များ ရောင်းအားကောင်းတဲ့ထုတ်ကုန် တစ်ခုအဖြစ် ရပ်တည်ထားဆဲဖြစ်ပေမယ့် LG ကဈေးကွက်ထဲ တင်ပို့လိုက်ပြီဖြစ်တဲ့ Optimus G Por စမတ်ဖုန်းသစ်ကတော့ သူ့ကိုအကြိုက်တွေ့မှု ဘယ်လောက်ရှိမလဲဆိုတာ ကာလတစ်ခုကြာအောင် အစစ်ခံရဦးမှာပါ။ LG ဟာ နောက်ထပ် G2 ကို မိတ်ဆက်လိုက်ပြီ ဖြစ်ပေမယ့် ဈေးကွက်ထဲရောက်မလာသေးလို့ လက်ရှိမှာတော့ G Pro ကပဲ သူတို့ရဲ့အကောင်းဆုံးထုတ်ကုန်အဖြစ် ဆက်ရှိနေပါလိမ့်မယ်။ ဒီကုမ္ပဏီ၂ ခုစလုံးဟာ ကိုရီးယားနိုင်ငံအခြေစိုက်ကြတဲ့အတွက် ပြည်တွင်းအနေအထားမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ကြပါတယ်။ နိုင်ငံတကာဈေးကွက်မှာတော့ LG က Samsung ကို မယှဉ်နိုင်သေးပါဘူး။ Samsung ရဲ့ S4 ဖုန်းမှာ တခြားသော အတန်းအစားတွေဖြစ်တဲ့ S4 Active, S4 Zoom နဲ့ S4 Mini တို့ကိုပါ ထုတ်ထားပါတယ်။ S4 နဲ့ G Pro တို့ဟာ ကင်မရာပိုင်းမှာ တူညီမှုရှိတဲ့အတန်းအစားတွေကို သုံးထားကြတယ်ဆိုပေမယ့် indoor ရော outdoor မှာပါ S4 က ရုပ်ထွက်ပိုကောင်းနေတာကို တွေ့ရှိခဲ့ရပါတယ်။

### 1 Design



ဒီဇိုင်းပိုင်းမှာတော့ Galaxy S4 ဟာ ဘေးဘောင်အစွန်း ပါးလွှာတဲ့ပုံစံကို အဓိကရယူတည်ဆောက်ထားပြီး ထောင့်စွန်းပိုင်းမှာလည်း ကွေးညွတ်နေတဲ့အသွင်မျိုး ရှိပါတယ်။ ဖုန်းရဲ့အထူက 7.9mm သာရှိပြီး အလေးချိန်ကတော့ 130g ပဲရှိလို့ ပေါ့ပါး,ပါးလွှာပါတယ်။



LG Optimus G Pro ဟာလည်း S4 နဲ့ သိပ်မကွာတဲ့ဘေးဘောင်အစွန်း ပါးလွှာမှုကိုထိန်းသိမ်းထားပြီး အပြောင်သား polycarbonate နဲ့ ပြုလုပ်ထားပါတယ်။ အရွယ်ကြီးလို့ အထူက 9.4mm ရှိပြီး အလေးချိန်ကတော့ 172g ရှိမှာ ဖြစ်ပါတယ်။

### 2 Processor



Samsung ဟာ S4 အတွက် processor အတန်းအစား ၂ မျိုးထုတ်ထားပြီး ဒီဘက် အာရှဒေသအတွက်တော့ သူတို့ကိုယ်တိုင်ထုတ်ထားတဲ့ Exynos 5 Octa processor ကို သုံးထားပါတယ်။ 1.6GHz နဲ့ 1.2GHz quad-core ပေါင်းစပ်ထားလို့ စွမ်းအင်ချွေတာနိုင်ပါလိမ့်မယ်။



G Pro ကတော့ Qualcomm Snapdragon 600 processor တစ်ခုတည်းကိုပဲ အသုံးပြုထားတာဖြစ်ပြီး အဆင့်မြင့်စမတ်ဖုန်းတစ်လုံးရဲ့အလုပ်လုပ်နှုန်းမျိုးကို ရရှိစေပါလိမ့်မယ်။ quad-core 1.7GHz မြန်နှုန်းနဲ့ ဖုန်းကို အလုပ်လုပ်စေမှာ ဖြစ်ပါတယ်။

### 3 Display



S4 ဖုန်းဟာ 5-inch အရွယ်စားရှိလို့ G Pro ထက် သေးငယ်တယ်ဆိုပေမယ့် Full HD အပြည့် ထောက်ပံ့ထားတဲ့ Super AMOLED မျက်နှာပြင်ကို သုံးထားပါတယ်။ pixel per inch ကတော့ 441ppi ရှိပြီး Corning Gorilla Glass 3 နဲ့ဖုံးထားလို့ မျက်နှာပြင်အကြမ်းခံစေပါတယ်။



LG ဟာ ဒီ G Pro ရဲ့မျက်နှာပြင်ကို Note II ရဲ့ စံအတိုင်း 5.5-inch အဖြစ်ဖန်တီးထားပါတယ်။ True Full HD IPS Plus LCD မျက်နှာပြင်ကို သုံးထားပြီး ppi သိပ်သည်းမှုကတော့ S4 ထက် နည်းတဲ့ 401ppi သာရှိပါတယ်။

### 4 Verdict

Samsung ရဲ့ Galaxy S4 စမတ်ဖုန်းဟာ လက်ရှိမှာ Samsung ရဲ့ အကောင်းဆုံး ထုတ်ကုန်တစ်ခုဆိုတဲ့အတိုင်း အကောင်းဆုံးသော hardware ပိုင်းနဲ့ feature ပိုင်းတွေကို ထည့်သွင်းပေးထားပါတယ်။ ဖုန်းရဲ့အရွယ်နဲ့ တည်ဆောက်မှုအပိုင်းကိုကြည့်ရင် အားလုံးအဆင်ပြေမှုရှိပြီးသားဖြစ်နေလို့ နံပါတ် ၁ အဖြစ် သတ်မှတ်ရွေးချယ်ချင်ပါတယ်။

လက်ရှိဈေးကွက်ထဲရောက်နေတဲ့ ့ထုတ်ကုန်တစ်ခုအဖြစ်ကြည့်ရင် G Pro ဟာ LG ရဲ့ အကောင်းဆုံးစမတ်ဖုန်းတစ်လုံးပါပဲ။ phablet အတန်းအစားဖြစ်ပေမယ့် stylus မပါလို့ စမတ်ဖုန်းတစ်လုံးရဲ့ အသုံးမျိုးနဲ့ပဲ ပိုလိုက်ဖက်ပါလိမ့်မယ်။ သူ့မှာပါတဲ့ hardware နဲ့ feature တွေ မညံ့ပေမယ့်နှိုင်းယှဉ်မှုအရ S4 နောက်မှာပဲ ရပ်တည်နိုင်ဦးမှာပါ။

# Phone Shop

## My Mobile



မဝါဝါသန်း (Managing Director)



တည်နေရာ – အမှတ် (၉၂)၊ ဘုန်းကြီးလမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Phone : 01-225649

### My MOBILE ဆိုင် အကျဉ်းချုပ်

My Mobile ဖုန်းဆိုင်ကို ၂၀၁၀၊ ၂ လပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ Singapore နိုင်ငံမှ တင်သွင်းသော အရည်အသွေးမြင့် Handset များကို ရောင်းချပေးပါသည်။ My Mobile မှ Software, hardware များကိုလည်း customer များ စိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

### My Mobile မှ တင်သွင်းဖြန့်ချိရောင်းချပေးနေသော ဟန်းဆက်အမျိုးအစားများ

My Mobile မှ ရောင်းချသော Handest များမှာ Samsung, HTC, Sony, LG, Huawei ဟန်းဆက်များနှင့် Android ဖုန်းများကိုသာ အဓိက ရောင်းချပြီး i device လုံးဝမရောင်းပါ။ original accssories များလည်း ရရှိနိုင်ပါသည်။

### My Mobile မှ ဝန်ဆောင်မှုများ

My Mobile မှ ဝယ်ယူသော Smart phone များကို myanmar font, software, Application, Game များသွင်းပေးခြင်း Android phone များကို root လုပ်ပေးခြင်းစသည့် ဝန်ဆောင်မှုများကို customer များ စိတ်ကြိုက်ဆောင်ရွက်ပေးပါသည်။

### My Mobile မှ ဝယ်ယူအားပေးသော customer များအတွက် ပေးချင်သော Message

My Mobile မှ idevice နှင့် ပတ်သက်၍ လုံးဝမရောင်းပါ။ Android အရည်အသွေးမြင့် ဖုန်းများကိုသာ ရောင်းချပေးပါသည်။ My Mobile မှ customer များ စိတ်တိုင်းကျ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးပြီး ကောင်းမွန်ဖော်ရွေသော ဆက်ဆံရေးတို့နှင့် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေကြောင်း သတင်းကောင်းပါးအပ်ပါတယ်။ ထို့ပြင် Sim Card နှင့် ဟန်းဆက်များကို ဝယ်ယူထားသည့် Customer များအတွက် အင်တာနက်လျှောက်ထားလိုပါက Charges မပါဘဲ ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။

### My Mobile မှာ ဝယ်ယူရန် စိတ်ချရတယ်ဆိုတဲ့အချက်

My Mobile မှ ဆင်တူယိုးမှား အတုအပမရောင်းချပါသဖြင့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ရရှိစေရန် အာမခံပါတယ်။ ပစ္စည်းအစစ်များကို စိတ်ချလက်ချ ဝယ်ယူနိုင်ပါသည်။ My Mobile မှ Android ဖုန်းများနှင့် ပတ်သက်၍ (1) year service warranty အပြည့်အဝ ပေးထားပါတယ်။ ဆိုင်မှာ ဝယ်ယူထားသော ဖုန်းများနှင့်ပတ်သက်၍ အချိန်မရွေး software, myanmar font များ free ထည့်သွင်းပေးခြင်းကိုလည်း ဆောင်ရွက်ပေးပါသည်။ ထို့အပြင် My Mobile မှ အရည်အသွေးမြင့် handset များက စိတ်ချရမှုရှိပြီး Service ပိုင်းတွင်လည်း ဝန်ဆောင်မှု အပြည့်ပေးလျက်ရှိကြောင်းကို အသိပေးအကြောင်း ကြားအပ်ပါတယ်။

issue 1

TOP NEW GADGETS

HDR ဓာတ်ပုံ ပညာနိဒါန်း

Windows 8 ၏ အားနည်းချက်များကိုပြင်ဆင်ခြင်း

ကျောင်းသူ၊ ကျောင်းသားများနှင့် အီးသင်ရိုးစာအုပ်

NETGUIDE'S SPECIAL

# Buying Guide

OUR SELECTED MARKET COLLECTIONS

Laptop Collection | Mobile Collection | Electronic Collection | Related Collection



## Lipstick power bank

**24,000/-**

Powerbank ကိုစတိုင်ကျကျနဲ့ လှလှပပကိုင်ချင်တဲ့ Lady များအတွက် Lipstick ပုံစံပြုလုပ်ထားတဲ့power bankလေးပါ။Power Capacity (2200) mAh အထိသိုလှောင်ထားနိုင်ပါတယ်။ Input နဲ့ output ကို (5)v/(1)A နဲ့အလုပ်လုပ်ပေးပါတယ်။ ၎င်းlipstick power bank ကို(၃)နာရီကြာအားသွင်းပေးရမှာပါ။ အကြိမ်အရေအတွက် (၅၀၀)နှင့်အထက်ပြန်လည်အားသွင်းအသုံးပြုနိုင်ပါလိမ့်မယ်။အရောင်အနေနဲ့လည်းအဖြူ၊ အပြာ၊ လိမ္မော်သုံးမျိုးကို မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ တစ်နှစ်အာမခံပေးထားတာကြောင့်လည်း အာမခံချက်ရှိတဲ့ product တစ်ခုပါ။

Thein Minn | 01-552566

## Hidden Camera (FC 2685)

**32,000/-**



တရုတ်နိုင်ငံက ထုတ်လုပ်တဲ့ Hidden Camera အသေးစားဖြစ်ပါတယ်။CCTV ကင်မရာ အကြီးမတပ်ချင်သူတွေအတွက် အသုံးဝင်စေမယ့် Camera လေးပါ။ နံရံနဲ့ မျက်နှာကျက်တွေမှာ မြှုပ်ပြီး တပ်ဆင်အသုံးပြုနိုင်ပါတယ်။ လူမသိစေချင်တဲ့နေရာမျိုးတွေမှာ တပ်ထားပြီး လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်မှာပါ။ IR မပါတဲ့အတွက်ကြောင့် ညဘက်တွေမှာဆိုရင်တော့ မီးအလင်းရောင်ရှိဖို့လိုအပ်ပါလိမ့်မယ်။ ရုပ်ထွက်ကြည်လင်ပြတ်သားပြီး Receiver စက်တွေနဲ့တွဲကာRecord လည်းလုပ်နိုင်ပါတယ်။ DC-12V နဲ့ အသုံးပြုနိုင်ပြီး 420 TVL (PAL) စနစ်ဖြစ်ပါတယ်။ တိတ်တဆိတ်မှတ်တမ်းတင်ချင်တဲ့သူတွေအတွက်တော့ အသုံးဝင်စေမယ့် Product လေးတစ်ခုပါ။

Every Time | 0949442409

**The best we've tested Mobiles, Electronics gear, Gadgets, Computer & more**

## Seaway Big Mouse

**9000/-**





သာမန် Mouseတွေထက်လေးဆ၊ ငါးဆလောက်ကြီးတဲ့ Mouse တစ်ခုဖြစ်ပါတယ်။ တရုတ် နိုင်ငံကထုတ်လုပ်ထားတာပါ။ USB အမျိုးအစားဖြစ်ကာ မည်သည့် Laptop, PC တို့နဲ့မဆိုတွဲဖက်အသုံးပြုနိုင်ပါတယ်။ 800Dpi ပါဝင်တာကြောင့် Mouse နဲ့ရွေ့လျားနှုန်းကို တိကျလျင်မြန်စွာအလုပ်လုပ်ပေးနိုင်မှာပါ။ Mouse ကြီးကြီးကိုမှကိုင်တွယ်အသုံးပြုချင်ရင်ပဲဖြစ်ဖြစ် သာမန်ထက်ထူးခြားနေလို့ အလှထားချင်တယ်ဆိုရင်ပဲဖြစ်ဖြစ်ဝယ်ယူအသုံးပြုနိုင်မှာပါ။

Ko Be No | 01-256417



## Coper Q 6000

**50,000/-**

ထိုင်ဝမ်နိုင်ငံကထုတ်လုပ်တဲ့ Gamepad လေးပါ။ ခလုတ်နှိပ်ပြီးကစားလို့ရသလို Touch Screen နဲ့လည်းကစားလို့ရပါတယ်။ မျက်နှာပြင်အရွယ်အစားကတော့ (3.0") နီးပါးရှိပါတယ်။ Internal Memory 4GB ပါရှိပြီး ဂိမ်းအမျိုးအစား ၁၀၀ လောက်ထည့်သွင်းပေးထားပါတယ်။ Memory ကိုထပ်မံတိုးမြှင့်အသုံးပြုချင်တယ်ဆိုရင်တော့ 8GB လောက် အထိစိုက်လို့ရမှာပါ။ ဒါ့အပြင် ဒီ Gamepad လေးနဲ့ ရုပ်ရှင် ကြည့်လို့ရပါတယ်။ တေးသီချင်းများလည်း ခံစားနားဆင်နိုင်ပြီး Camera, Recorder အနေနဲ့ပါအသုံးပြုလို့ရမှာပါ။ TV များနဲ့လည်း ချိတ်ဆက်ကာ မိမိကစားနေတာတွေကို ကြည့်ရှုလို့ရပါတယ်။ အဖြူ၊ အနက်စတဲ့အရောင်နှစ်မျိုးနဲ့ထုတ်လုပ်ထားကာ မိမိကြိုက်နှစ်သက်တဲ့ အရောင်ကိုရွေးချယ်ဝယ်ယူနိုင်ပါတယ်။

Ko Be No | 01-256417



## MORTOR CAMERA (FC 9030 AB)

**67,000/-**

23 ˚ ဒီဂရီကနေ 360˚ ဒီဂရီအထိ angle အမျိုးမျိုးချိန်ညှိအသုံးပြုနိုင်တဲ့ CCTV Camera ဖြစ်ပါတယ်။ ပေ60' အတွင်းမှာဆိုရင် Remote နဲ့ အသုံးပြုနိုင်ပါတယ်။ Camera ကို ထက်၊ အောက်၊ ဘယ်၊ ညာစိတ်ကြိုက်အနေအထားမှာထားလို့လည်းရပါတယ်။ IR ပါတဲ့အတွက်ကြောင့် ညဘက်တွေမှာအသုံးပြုလို့ရမှာပါ။ အလင်းရောင်ရှိတဲ့နေရာတွေမှာ Colour နဲ့ ပုံရိပ်တွေကို တွေ့မြင်ရမှာဖြစ်သလိုအလင်းရောင်မရှိရင်တော့ Black& Whiteပဲ မြင်တွေ့ရမှာဖြစ်ပါတယ်။420 TVL (PAL)စနစ်ဖြစ်ပြီး Receiver နဲ့တွဲကာ Record ပြုလုပ်နိုင်ပါတယ်။ DC-12V နဲ့ အသုံးပြုရမှာဖြစ်ကာ Taiwan နိုင်ငံထုတ် Product တစ်ခုပါ။ အာမခံအနေနဲ့ကလည်း (1)year warranty ပေးထားပါတယ်။

Every Time | Ph: 0949442409

## GT Power Bank

**29,000/-**





မိမိသွားလေရာ အလွယ်တကူယူဆောင်လို့ရပြီး Capacity (5000) mAh အထိသိုလှောင်နိုင်တဲ့ Power Bank ဖြစ်ပါတယ်။ 30 pin connector နဲ့ mini USB connector တို့ပူးတွဲပါရှိတဲ့ cable ကြိုးပါသောကြောင့် တစ်ချိန်တည်းမှာ apple device နဲ့Android device တို့ကို အားသွင်းနိုင်ပါလိမ့်မယ်။ တစ်ခါအသုံးပြုမယ်ဆိုရင်တော့ (၃)နာရီလောက်အားသွင်းပေးရမှာပါ။ Output ကို (5.0)V နဲ့ Input ကို (5.0)V အလုပ်လုပ် ပါတယ်။ အရောင်အနေနဲ့ အမဲ၊ အဖြူ၊ အပြာ၊ အနီ၊ ရွှေရောင်၊ ငွေရောင်၊ အစိမ်းတို့ကို ဝယ်ယူရရှိနိုင်ပါတယ်။ ဒါ့အပြင် Warranty အနေနဲ့ 1 year ပါရှိမှာပါ။

Thein Minn | 01-552566

## Panasonic HX-DC3 (Camcorder)



Panasonic HX-DC3 ဟာ အရည်အသွေး ကောင်းမွန်တဲ့ အပြင် ဒီဇိုင်း ဆန်းသစ်ပြီးပါးလွှာ တဲ့အိတ်ဆောင် camcorder ပဲ ဖြစ်ပါတယ်။ Sensor resolution က 14.3 MP ရှိပြီး 1/2.33 MOS sensor ကအရောင်အသွေးစိုပြည် တဲ့ (1920 x 1080) Full HD ဗီဒီယို တွေကိုရိုက်နိုင်ပါတယ်။ 3-inch Wide LCD (230,400 dots) Display က အကြည်လင်ဆုံးရုပ်ပုံတွေကိုဖမ်းယူ နိုင်ပြီး resolution 16 MP ရှိတဲ့ဓာတ်ပုံ တွေကိုရိုက်နိုင်ပါတယ်။ F 3.5(Wide) - F 3 .7 (Tele) ထိသုံးနိုင်တဲ့ Lens ကိုထည့်ထားပြီး optical zoom ကို ၅ဆ digital zoom ကိုအဆ ၁၂၀ ထိဆွဲယူရိုက်နိုင်တာကြောင့် အဝေး ကပုံရိပ်တွေကို ဖမ်းယူရာမှာကောင်းမွန်ပါတယ်။ အရည်အသွေးမြင့်အင်ဂျင်ကိုတပ် ထားပြီး Active Image Stabilizar နဲ့အဆင့်မြင့် processing စနစ်ပါတဲ့အတွက် ဓာတ်ပုံအ ရည်အသွေးပိုင်းကကောင်းမွန်ပြီး ဝေးဝါးမှုတွေကိုလျှော့ချနိုင်တဲ့အပြင် ဘက်ထရီစား လည်းသက်သာပါတယ်။ Miniature Effects၊ One Point Color၊ Old Movie၊ Time Lapse Rec၊ Ghost Effect စတဲ့ အဆင့်မြင့် filters ၁၂ မျိုးကို ဓာတ်ပုံရိုက်တဲ့အခါမှာရော၊ ဗီဒီယိုရိုက် တဲ့အခါမှာပါအသုံးပြုနိုင်ပါတယ်။ Built-in flash ပါပြီး Auto focus လုပ်နိုင်သလို Manual focus လည်းလုပ်နိုင်ပါတယ်။ Panorama mode ကိုပံ့ပိုးပေးထားတာကြောင့် ၃၆၀ ဒီဂရီ လုံးကိုလှည့်ပြီး မြင်ကွင်းတွေကိုဒေါင်လိုက်ရော၊ အလျားလိုက်ပါရိုက်ယူနိုင်ပါတယ်။ အသံတွေကိုဖမ်းဖို့တွက် 2ch stereo မိုက်ကရိုဖုန်းနဲ့ အသံတွေကိုတိုက်ရိုက်ပြန်လည် နားထောင်နိုင်တဲ့ Dynamic စပီကာတို့ပါရှိပါတယ်။ HDMI output နဲ့ HD Writer software လည်းပါရှိပါတယ်။ အားပြန်သွင်းနိုင်တဲ့ 700 mAh Lithium-ion ဘက်ထရီကိုထည့်ထား ပါတယ်။ ဈေးနှုန်းက ၂၇၆,၀၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး ဖုန်း-၀၁-၂၉၂၆၆၄ ကိုဆက် သွယ်ဝယ်ယူနိုင်ပါတယ်။

## Nikon Coolpix S3500



20.1MP Image Sensor သုံးထားတဲ့ကင်မရာဖြစ်ပြီး EXPEED C2 Image Processor ပေါင်းစပ်ထားလို့ ပုံအရည်အသွေး ကင်မရာလုပ်ဆောင်ချက်ကောင်းပါတယ်၊ NIKKOR Zoom lens နဲ့အတူ optical zoom ကို ၇ ဆအထိဆွဲနိုင်ပြီးမြင်ကွင်းကို အနီးကပ်ဆွဲရိုက်နိုင်ပါတယ်။ 26-182mm focal length ကြောင့် အုပ်စုလိုက်ပုံတွေရိုက်နိုင်ပါတယ်။ 2.7" 230k-dot LCD monitor ကအလင်းပြန်မှုမရှိဘဲ ပုံတွေပြန်ကြည့်တာ ဗီဒီယို playback လုပ်တဲ့အခါမှာပုံတွေရှင်းလင်းပြတ်သားမှုရှိမှာပါ။ 720p HD ဗီဒီယိုတွေဖမ်းယူနိုင်ပြီး မိုက်ခရိုဖုန်းပါလို့ အသံပါတစ်ခါ တည်းဖမ်းနိုင်ပါတယ်။ Image Stabilization ဖြစ်ပြီးပုံဝေဝါးမှုကို လျှော့ချပေးပါတယ်။ ISO ကို80 ကနေ 1600 အထိတင်ရိုက်နိုင်ပြီး shutter speed မြန်ဆန်ပါတယ်။ Eye-Fi wireless memory card နဲ့အတူပုံတွေကိုကြိုးမဲ့စနစ်နဲ့ share နိုင်သလို EG-CP14A/V Cable က ကင်မရာကို HDTV နဲ့ချိတ်ဆက်နိုင်စေမှာပါ။ ဈေးနှုန်း ၁၅၀,၀၀၀ ကျပ်ဖြစ်ပြီး ဖုန်း-၀၁-၃၉၂၆၉၃ မှာစုံစမ်းဝယ်ယူနိုင်ပါတယ်။

## Fujifilm FinePix S8500



Fujifilm S8500 ဟာ zoom ဆွဲအားအလွန်ကောင်းမွန်ပြီး အရည်အသွေးမြင့်ကင်မရာတွေထဲမှာအပါအဝင်ဖြစ်ပါတယ်။ Resolution က 16 MP ရှိပြီး 1/2.3-inch BSI-CMOS sensor နဲ့ image processor ကိုထည့်သွင်းထားကာ primary color filter လည်းပါရှိပါတယ်။ 24mm wide angle Fujinon lens ကိုတပ်ထားပြီး optical zoom ကို ၄၆ ဆအထိဆွဲယူနိုင်တာကြောင့် အဝေးကပုံရိပ်တွေ ကိုအကြည်လင်ဆုံးဖမ်းယူနိုင်ပါတယ်။ Display က 3-inch TFT Color LCD (460k dots) Monitor ဖြစ်ပြီး 0.2-inch LCD Color Viewfinder (201k dots) ကိုလည်းပံ့ပိုးထားပါတယ်။ Crystal-clear 1080p HD resolution ရှိတဲ့ဗီဒီယိုတွေကိုလည်း ရိုက်ကူး နိုင်ပါတယ်။ အကောင်းဆုံး effects တွေနဲ့ Art Filters ၆ မျိုး ပါပြီးအခြား features တွေလည်းများစွာပါရှိပါတယ်။ Memory card 4GB နဲ့ကင်မရာ case လည်းပါရှိပါတယ်။ AA ဘက်ထရီ ၄ လုံးလိုအပ်ပြီး ပုံ ၃၀၀ ခန့်ရိုက်နိုင်ပါတယ်။ ဈေးနှုန်းက ၂၉၀,၀၀၀ ကျပ်ဝန်းကျင်ဖြစ်ပြီး ဖုန်း-၀၁-၃၉၈၂၉၈ ကိုဆက်သွယ်ဝယ်ယူ နိုင်ပါတယ်။

**CAMERA REVIEW...**

# Nikon D3200



Image Sensor ကောင်းကောင်းနဲ့အတူရုပ်လုံးကြွပြီး အရောင်အသွေးရွှန်းစိုတောက်ပတဲ့ပုံတွေကိုပေးစွမ်း နိုင်မယ့်ကင်မရာပါ။ အဆင့်မြင့် spec တွေကိုသုံးထားပြီး ကင်မရာလုပ်ဆောင်ချက်အရမ်းကောင်းပါတယ်။ ကျွမ်းကျင်ဓာတ်ပုံပညာရှင်တွေသာမက အခုမှကင်မရာကြီးတွေစသုံးမယ့် ဝါသနာရှင်တွေအတွက်လည်း အထူးသင့်တော်အောင်ပြုလုပ်ပေးထားပါတယ်။ သုံးရလွယ်အောင် guide mode တွေ၊ tutorial တွေပံ့ပိုးထားပြီး ကင်မရာ setting ပြောင်းလဲပုံတွေပါသလို နမူနာပုံတွေလည်းထည့်ပေးထားပါတယ်။ Nikon ရဲ့တန်းဝင်အဆင့် DSLR ကင်မရာတစ်လုံးဖြစ်သလို Pro အဆင့် DSLR ကင်မရာတွေရဲ့ပုံအရည်အသွေးနဲ့လည်းယှဉ်နိုင်ပါတယ်။ 24.2MP DX-Format CMOS Sensor ကိုအသုံးပြုထားပြီး ပုံထွက်အရည်အသွေးပိုင်းအရမ်းကောင်းမွန်ပါတယ်။ ပုံတွေကအသေးစိတ်ကျပြီး ဗီဒီယိုတွေမှတ်တမ်းတင်ရာမှာလည်းအရည်အသွေးလုံးဝစိတ်ချရပါတယ်။ အရောင်အသွေး ထင်ရှားပြတ်သားမှုကထိပ်တန်းအဆင့်ရှိပြီး ပုံပြုပြင်တည်းဖြတ်မှုတွေကိုအလွယ်တကူလုပ် နိုင်မှာပါ။ ပုံဖြတ်ညှပ်လုပ်တဲ့အခါမှာ ပုံရိပ်ရဲ့ထင်ရှားပြတ်သားမှု အရည်အသွေးကျသွားခြင်းမျိုးမရှိပါဘူး။ EXPEED III Image Processor ရဲ့အားဖြည့်မှုကလည်း ကင်မရာလုပ်ဆောင်ချက်ကို မြန်ဆန်အောင်ပံ့ပိုးပေးပါ တယ်။ ပုံရိုက်နှုန်းမြန်ဆန်တယ်။ ပုံအရည်အသွေးကောင်းမွန်မှုကိုအားဖြည့်ပေးနိုင်တယ်။ ပြီးတော့ကင်မရာ တွင်းမှာပင် filter effect တွေကိုသုံးနိုင်မှာဖြစ်ပါတယ်။ တစ်စက္ကန့်ကို ၄ ပုံနှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပြီး အား ကစားပွဲတွေ၊ ကလေးတွေ၊ တိရိစ္ဆာန်တွေရဲ့လှုပ်ရှားမှုတွေကိုလိုက်ပြီး မှတ်တမ်းတင်ရာမှာအလွန်အဆင် ပြေမှာပါ။ Display အတွက် 3" 921k-dot TFT LCD ကိုတပ်ဆင်ထားပြီး မျက်နှာပြင်ကြည်လင်ပြတ်သားတယ်။ ဗီဒီယို playback လုပ်တာ၊ ပုံတွေပြန်ကြည့်တာ၊ menu၊ guide mode ဖတ်တာတွေအတွက် မျက်နှာပြင်ရှင်း လင်းပြတ်သားပါတယ်။ မြင်ကွင်းရှုထောင့်ကို ၁၆၀ ဒီဂရီပေးစွမ်းနိုင်ပြီး 100% အပြည့်မြင်ကွင်းကိုရရှိနိုင်ပါ တယ်။ မျက်နှာပြင်တောက်ပမှုကိုလည်း အလင်းရောင်အနေအထားပေါ်လိုက်ပြီး အဆင်ပြေသလိုချိန်ညှိမှု ပြုလုပ်နိုင်ပါတယ်။ Live View သုံးနိုင်ပါတယ်။ အလင်းရောင်အားနည်းတဲ့အခါမျိုးမှာ flash မသုံးဘဲနဲ့ ကြည် လင်ပြတ်သားတဲ့ပုံတွေရရှိနိုင်ဖို့အတွက် ISO ကို 100 ကနေ 6400 ထိတင်ရိုက်နိုင်ပြီး ထပ်တိုးအဖြစ် ၁၂၈၀၀ ထိတင်နိုင်ပါလိမ့်မယ်။ AF-S NIKKOR 18-55mm 1:3.5-5.6G lens ကိုသုံးထားပြီး ကင်မရာတုန်ခါမှုလျှော့ချပေးနိုင် တဲ့ Vibration Reduction (VR) စနစ်ကြောင့်ဝေဝါးမှုမရှိတဲ့ပုံတွေကိုရိုက်ယူနိုင်မှာပါ။ အဝေးမြင်ကွင်းတွေကိုအနီး ကပ်ဆွဲရိုက်နိုင်လို့ တောတောင်ရေမြေရှုခင်းတွေကိုမှတ်တမ်းတင်ရာမှာအလွန်ကောင်းတဲ့ကင်မရာပါ။ တခြား AF-S နဲ့ AF-I NIKKOR lens တွေနဲ့လည်းလဲလှယ်တပ်ဆင်သုံးနိုင်ပါတယ်။ ရုပ်သေပုံတွေကို RAW, JPEG format တွေနဲ့ရိုက်နိုင်ပြီး ဗီဒီယိုတွေကိုတော့ MOV, MPEG-4 format တွေနဲ့ဖမ်းယူနိုင်ပါတယ်။ မှန်ကန်ပြီး မြန်ဆန်တဲ့ 11-point auto focus စနစ်က phase-detection AF ရပြီး ရိုက်ချက်တွေကို မလွတ်တမ်းလိုက်ရိုက်နိုင်စေပါလိမ့်မယ်။ လှုပ်ရှားမှုပုံရိပ်တွေကိုလိုက်ရိုက်တဲ့အခါ ပုံရိပ်ကိုထိထိမိမိ focus ချိန်နိုင်တဲ့အတွက် ပုံကပြတ်သားကြည်လင်နေမှာပါ။ HD video တွေဖမ်းယူနိုင်ပြီး 1080p တွေကို 30/25/24fps နှုန်းနဲ့၊ 720p တွေကို 60/50fps နှုန်းနဲ့ဖမ်းယူနိုင်ပါတယ်။ Full-time autofocus ရပြီး exposure ကို manual ထိန်းချုပ်နိုင်ပါတယ်။ သီးသန့်မိုက်ခရိုဖုန်း တွေချိတ်ဆက်သုံးနိုင်တဲ့ mic jack နဲ့ တခြား feature တွေအများကြီးပါရှိလို့ ရုပ်ရှင်အဆင့်ရှိဗီဒီယိုတွေထုတ်ပေး နိုင်တဲ့ အဆင့်မြင့်ကင်မရာတစ်လုံးပါပဲ။ ထည့်ပေးထားတဲ့ ME-1 စတီရီယိုမိုက်ခရိုဖုန်းက လိုက်ဖက်တဲ့စတီရီယို သံကိုပေးစွမ်းနိုင်မှာပါ။ ပေ့ါပါးပြီးအကြမ်းခံတဲ့ဒီဇိုင်းနဲ့အတူ အလိုအလျောက်ဖုန်ခါနိုင်တဲ့စနစ်ကို သုံးထားပါ တယ်။ ပုံသိမ်းဆည်းမှုအတွက် SD memory card သုံးနိုင်ပါတယ်။ ဈေးနှုန်းက ၅၆၈,၀၀၀ ကျပ်ဖြစ်ပြီး ဖုန်း-၀၁-၃၇၇၀၅၆ မှာဆက်သွယ်ဝယ်ယူနိုင်ပါတယ်။




SPECIAL ▸ REPORT

အခုရက်သတ္တပတ်ကတော့ နောက်ဆုံးရနည်းပညာသတင်းတွေနဲ့ပြည့်နှက်နေမှာဖြစ်ပြီး အားလုံးကိုကိုင်လှုပ်သွားစေတဲ့ ထုတ်ဖော်ပြသမှုက Samsung ရဲ့ထုတ်ကုန်သစ်တွေပဲဖြစ်ပါတယ်။ Galaxy Note 3, Galaxy Note 10.1 2014 Edition နဲ့ Galaxy Gear Smartwatch တို့ပဲအကြောင်းပဲဖြစ်ပါတယ်။ IFA ပွဲကလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ကျင်းပနေတာဖြစ်လို့ ထူးခြားဆန်းသစ်တဲ့ထုတ်ကုန်တွေက လာလှည့်၊ ကြည့်လှည့်၊ လေ့လာလှည့်လို့ လက်ရမ်းခေါ်နေသလိုရှိနေပါတယ်။ ဒီအထဲမှာ သီးခြားသတင်းတွေအဖြစ် Microsoft က Nokia ရဲ့မိုဘိုင်းဖုန်းဆိုင်ရာလုပ်ငန်းစုအားလုံးကိုဝယ်ယူလိုက်တဲ့အကြောင်းကလည်း အားလုံးကိုဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် BlackBerry ကလည်း ကုမ္ပဏီလက်လွှဲမှုလုပ်ဖို့အတွက် ဝယ်သူအသစ်ကိုရှာဖွေနေတဲ့အချက်က နည်းပညာလောက အထူးသဖြင့် မိုဘိုင်းဖုန်းလောကကို ဘယ်လိုရိုက်ခတ်မှုရှိလာမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပြန်ပါတယ်။ ဒီ BlackBerry အရောင်းအဝယ်ကိစ္စမှာ Microsoft က ပါဝင်ပတ်သက်နေတယ်ဆိုတဲ့သတင်းကလည်း အသံသဲ့သဲ့ကြားနေရပါသေးတယ်။ Sony ကလည်း သူ့နည်းသူ့ဟန်နဲ့ စမတ်ဖုန်းလောကမှာ ဆက်လက်တိုက်ပွဲဝင်ဖို့ အကောင်းဆုံးဆိုတဲ့ Xperia Z1 ကိုမိတ်ဆက်ချပြသွားခဲ့တာကိုလည်းတွေ့ရပါဦးမယ်။ ထူးခြားမှုတစ်ခုက Google က နောက်ထုတ်မယ့် Mobile OS ကို အသံကျယ်ကျယ်ထွက်နေတဲ့ Key Lime Pie မဟုတ်ဘဲ KitKat 4.4 ဆိုပြီး မိတ်ဆက်လိုက်တဲ့အချက်ပဲဖြစ်ပါတယ်။

# Latest IT News of the Week

## Samsung Galaxy Note 3

Samsung ကတော့ ဂျာမနီနိုင်ငံဘာလင်မှာကျင်းပတဲ့ IFA 2013 ပြပွဲနဲ့အတူပဲ မိုဘိုင်းကဏ္ဍနဲ့ပတ်သက်တဲ့ထုတ်ကုန်သစ် ၃ မျိုးအထိထုတ်ဖော်ပြသသွားခဲ့ပါတယ်။ Samsung UNPACKED 2013 Episode II event ဆိုပြီးသီးသန့်ပြပွဲလုပ်ကာပြသခဲ့တာလည်းဖြစ်ပါတယ်။ ဒီထုတ်ကုန်ထဲမှာ Galaxy Note 3 က ပရိသတ်အာရုံစိုက်မှုအများဆုံးရရှိခဲ့တယ်လို့ဆိုနိုင်ပါတယ်။ Galaxy Note 3 ဟာ အခုလိုတရားဝင်ထွက်လာချိန်မှာ အများမျှော်လင့်ထားတဲ့ specs တွေအားလုံးနီးပါးပါဝင်လာခဲ့တာတွေ့ရပြီး 16MP rear camera ပါဝင်ဖို့ရှိတယ်ဆိုတဲ့ကောလာဟလတွေကတော့ ဒီတစ်ကြိမ်မှာမှန်ကန်မှုမရှိခဲ့ပါဘူး။ ပုံမှန်အတိုင်း 13MP rear camera ကိုပဲသုံးလာခဲ့ပါတယ်။ ဒါပေမဲ့အဆင့်မြှင့်တင်မှုအပိုင်းအဖြစ် 4K recording လုပ်နိုင်တဲ့ feature မျိုးတော့ပါဝင်လာတာကိုတွေ့ရပါတယ်။ Galaxy Note 3 ဟာ အရင် Galaxy Note 2 ထက်အစစအရာရာသာလွန်လာတဲ့အတွက် business use အဖြစ်ပါသုံးနိုင်မယ့်စမတ်ဖုန်းအဖြစ် မိုဘိုင်းလောကမှာဆက်လက်ရပ်တည်နေမယ့် လက္ခဏာမျိုးတွေအပြည့်အဝရှိနေပါတယ်။ နောက်ဆုံးအဆင့် S Pen ရဲ့သုံးစွဲမှုကအစ ပိုကောင်းအောင် Samsung ကဖန်တီးပေးထားတာကိုတွေ့ရပါလိမ့်မယ်။




### 13MP Camera with 4K Video Recording

Samsung Galaxy Note 3 မှာ 4K ရုပ်ထွက်အရည်အသွေးမျိုးကို 30fps နှုန်းနဲ့ရိုက်ပေးနိုင်မယ့် 13MP နောက်ကင်မရာပါဝင်ပါတယ်။ 1080p အရည်အသွေးဆိုရင် 60fps နှုန်းနဲ့ရိုက်နိုင်ပြီး 720p အရည်အသွေးဆိုရင်တော့ 120fps နှုန်းအထိရရှိရိုက်ကူးစေနိုင်မှာဖြစ်ပါတယ်။ သင့်အနေနဲ့ 120fps နှုန်းရှိတဲ့ video တွေကိုရိုက်မယ်ဆိုရင် 30fps နှုန်းနဲ့ပြသပေးမယ့် slow-motion 720p video ပဲဖြစ်ဖြစ် မူရင်းအတိုင်း 120fps နှုန်းပဲဖြစ်ဖြစ် ရွေးချယ်နိုင်စေဦးမှာဖြစ်ပါတယ်။ ဒါဟာ အသုံးဝင်စေမယ့် ရိုက်ကူးမှုစနစ်တစ်ခုလို့ဆိုနိုင်ပါတယ်။ 4K ရုပ်ထွက်အရည်အသွေးမျိုးရှိတဲ့ recording လုပ်ရိုက်ကူးမှုကိုလည်း လုပ်ဆောင်နိုင်စေဦးမှာဖြစ်ပေမယ့် ဒီစနစ်က processor သုံးထားတဲ့အပေါ်မှာ မူတည်နေပါတယ်။ LTE အတွက် အဓိကရည်ရွယ်ထုတ်လုပ်ပေးမယ့် Snapdragon 800 processor သုံးထားတဲ့ Galaxy Note 3 အမျိုးအစားမှာသာသုံးနိုင်မှာဖြစ်ပြီး Samsung ထုတ် Exyons 5 Octa processor အမျိုးအစားသုံး Galaxy Note 3 မှာတော့ သုံးနိုင်မှာမဟုတ်ပါဘူး။ ဒါကလည်း သဘာဝကျပါတယ်။ 4K ရိုက်နိုင်တယ်ဆိုပေမယ့် 4K ရုပ်ထွက်ထောက်ပံ့ပေးမယ့် Ultra HD TV မျိုးမရှိဘူးဆိုရင် အဲ့ဒီရုပ်ထွက်အရည်အသွေးမျိုးကိုရရှိခံစားရမှာမဟုတ်လို့ LTE ကွန်ရက်သုံးနိုင်ငံတွေအတွက်ပဲ သီးခြားသဘောမျိုးအဖြစ်ထောက်ပံ့ထားတာပဲဖြစ်ပါတယ်။

### Design

Galaxy Note 3 ဒီဇိုင်းဟာ အရင် Galaxy Note 2 ပုံစံနဲ့ သိသိသာသာကွဲသွားတာမျိုးမဟုတ်ပေမယ့် ထောင့်ချိုးအနေအထားမှာတော့ လေးထောင့်နည်းနည်းပိုဆန်လာပါတယ်။ ဖုန်းကိုလည်း polycarbonate ဆိုတဲ့ ပလတ်စတစ်ကိုယ်ထည်နဲ့ပဲတည်ဆောက်ထားသလို ဘေးမှာသတ္တုအပြောင်ကွပ်ထားတဲ့အရာဟာလည်း ပလတ်စတစ်နဲ့ပဲလုပ်ထားတာကိုတွေ့ရဦးမှာဖြစ်ပါတယ်။ နောက်ကျောဘက်မှာတော့ လုံးဝထူးခြားသွားတာက လယ်သာနဲ့ချုပ်ပြီးဖုံးထားသလိုမျိုးထင်ရစေမယ့် လယ်သာဒီဇိုင်းပုံစံအတုအဖြစ်ပြုလုပ်ပေးထားပါတယ်။ ချုပ်ရိုးကြောင်းအရာလေးတွေကိုတောင်ထည့်သွင်းပေးထားလို့ တကယ့်လယ်သာအစစ်လို့ ထင်မှတ်မှားသွားနိုင်ပါတယ်။

### Display

Galaxy Note 3 ရဲ့မျက်နှာပြင်ဟာ Note series အစ model နဲ့နှိုင်းမယ်ဆိုရင် 0.2-inch စီတိုးလာတာကိုတွေ့ရပါလိမ့်မယ်။ Galaxy Note မှာ 5.3-inch မျက်နှာပြင်၊ အရင် Galaxy Note 2 မှာတော့ 5.5-inch မျက်နှာပြင်နဲ့ အခု Galaxy Note 3 မှာတော့ 5.7-inch မျက်နှာပြင်ကိုအသုံးပြုထားပါတယ်။ မျက်နှာပြင်အရွယ်အစားကြီးလာပေမယ့် ဒီ phablet တန်းဝင်ဖြစ်တဲ့ Galaxy Note 3 ရဲ့အထူကတော့ 8.3mm သာရှိလို့ အရင် Galaxy Note 2 ရဲ့ 9.4mm အထူနဲ့နှိုင်းလိုက်ရင် 1.1mm အထိ ပိုမိုပါးသွားပါတယ်။ အလေးချိန်မှာလည်း 15g လောက်လျော့ချပေးလိုက်နိုင်တဲ့အတွက် 168g သာလေးတော့မှာဖြစ်ပါတယ်။ ထူးခြားတဲ့အဆင့်မြှင့်တင်မှုက Galaxy Note 3 မှာ Full HD 1080x1920 pixels အထိထောက်ပံ့ပေးမယ့် Super AMOLED မျက်နှာပြင်ကိုအသုံးပြုထားတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ Samsung ကထုတ်ထားတဲ့ Galaxy S3 နဲ့ Galaxy Note 2 တို့ဟာ 720x1280 pixels ထောက်ပံ့မှုမျိုးပဲရှိခဲ့တာဖြစ်လို့ အခုနောက်ဆုံးထုတ်ကုန်တွေဖြစ်တဲ့ Galaxy S4 နဲ့ Galaxy Note 3 တို့ဟာ Full HD ထောက်ပံ့မှုရှိတဲ့ထုတ်ကုန်တွေအဖြစ် မှတ်တမ်းဝင်လာခဲ့တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ Galaxy Note 3 ရဲ့ ppi သိပ်သည်းဆကလည်း အရင်ထက်အများကြီးကောင်းတဲ့ 386ppi အထိရှိလာတာကိုတွေ့ရပါတယ်။

### Hardware

Hardware ပိုင်းနဲ့ပတ်သက်ပြီး အခြေခံ hardware ပိုင်းတွေကစပြောရမယ်ဆိုရင် Galaxy Note 3 မှာ mic ပေါက် ၃ ခုအထိပါဝင်တာကိုတွေ့ရပါလိမ့်မယ်။ တစ်ခုကအောက်ဘက်မှာ၊ နောက်တစ်ခုက ပါဝါအဖွင့်အပိတ်ခလုတ်ရှိတဲ့ညာဘက်အောက်နားမှာနဲ့ ကျန်တစ်ခုကတော့ အပေါ်ဘက်မှာပဲဖြစ်ပါတယ်။ speaker ကတော့ ပုံမှန်အတိုင်းမျက်နှာပြင်အပေါ်ထိပ်နားမှာပဲရှိပါတယ်။ အပေါ်ထိပ်မှာ 3.5mm audio jack ပေါက်နဲ့ Samsung smart TV တွေကိုအဝေးစနစ်နဲ့ထိန်းချုပ်နိုင်မယ့် IR blaster port ကိုတပ်ဆင်ပေးထားပါတယ်။ S Pen ထည့်ရမယ့်အပေါက်က ညာဘက်အောက်နားမှာပဲရှိနေမှာဖြစ်ပါတယ်။ အထူးခြားဆုံးအရာတစ်ခုကတော့ ဒီ Galaxy Note 3 မှာ USB 3.0 port ပါဝင်လာတဲ့အချက်ပဲဖြစ်ပါတယ်။ ပုံမှန်အတိုင်းအရင်လို USB 2.0 ကိုလည်းထောက်ပံ့ပေးဦးမှာဖြစ်လို့ ဘာမှပူစရာမလိုပါဘူး။ အခုလို USB 3.0 စနစ်ပါဝင်လာတဲ့အချက်ကြောင့် data ကူးယူမှုနှုန်းက ၁၀ ဆအထိ ပိုမိုမြန်ဆန်စေမှာဖြစ်ပါတယ်။ အားလုံးကတော့ microUSB port တွေပဲဖြစ်ပြီး ဖုန်းရဲ့အောက်ဘက်မှာတပ်ဆင်ပေးထားပါတယ်။ ပထမဆုံး USB 3.0 စနစ်ထောက်ပံ့ပေးတဲ့စမတ်ဖုန်းဆိုရင် ဒီ Galaxy Note 3 ကိုပဲညွှန်ပြပေးရပါလိမ့်မယ်။ Processor ပိုင်းကိုကြည့်မယ်ဆိုရင် ဒီ Galaxy Note 3 ဟာလည်း အရင် Galaxy S4 လိုပဲ processor version ၂ မျိုးနဲ့ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ Qualcomm ရဲ့ Snapdragon 800 processor နဲ့ Samsung ကိုယ်တိုင်ထုတ်ထားတဲ့ Exynos processor တို့ပဲဖြစ်ပါတယ်။ LTE စနစ်သုံးမယ့်သူတွေအတွက် Snapdragon 800 processor တစ်မျိုးတည်းကိုပဲ ထုတ်ပေးမှာဖြစ်ပါတယ်။ မြန်နှုန်းက quad-core 2.3GHz အထိရှိမှာဖြစ်လို့ လက်ရှိ Snapdragon 800 processor သုံးထားတဲ့ထုတ်ကုန်တွေထဲမှာတော့ အမြန်ဆုံးအဖြစ် benchmark စစ်ဆေးချက်တွေအရ စံချိန်တင်ထားပါတယ်။ လက်ရှိမှာလည်း ဒီ Snapdragon 800 processor ကိုသုံးတဲ့ထုတ်ကုန်ဟာ အခုနောက်ဆုံး Samsung ရဲ့ Galaxy Note 3 အပါအဝင် Sony ရဲ့ Xperia Z Ultra နဲ့ LG ကကြေညာထားတဲ့ G2 ဆိုပြီး ၃ ခုသာရှိပါသေးတယ်။ LTE ကွန်ရက်မရတဲ့နိုင်ငံတွေကိုတော့ Samsung ရဲ့ကိုယ်ပိုင် processor ဖြစ်တဲ့ Exynos ကိုပဲသုံးမှာဖြစ်ပြီး 8-core စနစ်ကို ၂ ပိုင်းခွဲကာ 4-core စီအဖြစ် အလုပ်လုပ်စေမှာဖြစ်ပါတယ်။ quad-core 1.9GHz မြန်နှုန်းနဲ့ quad-core 1.3GHz မြန်နှုန်းဆိုပြီး သီးသန့်ခွဲကာ အလုပ်လုပ်ပေးမှာဖြစ်ပါတယ်။ RAM ကလည်း ဘယ်မှာမှမသုံးဖူးသေးတဲ့ 3GB ကိုထည့်သွင်းပေးထားမှာဖြစ်လို့ ဘယ်လိုအသုံးပြုမှုမျိုးကိုမဆို မြန်ဆန်ချောမွေ့စွာလုပ်ဆောင်နိုင်စေပါလိမ့်မယ်။ Internal Storage က32GB နဲ့ 64GB ၂ မျိုးကိုပဲထုတ်ပေးမှာဖြစ်ပါတယ်။ အရင်လို 16GB ကိုတော့ထုတ်ပေးဖို့မရှိပါဘူး။ ဒါကလည်း 4K recording စနစ်ကိုဖြည့်စွက်ထည့်သွင်းပေးတဲ့အတွက်ကြောင့် data များများသိမ်းနိုင်ဖို့ 16GB ကိုဖြုတ်လိုက်တာပါ။ GB ပမာဏနည်းရင် 4K recording လုပ်ပြီးသိမ်းဆည်းဖို့သိပ်အဆင်မပြေစေပါဘူး။ microSD card ထောက်ပံ့မှုကိုတော့ အရင်အတိုင်း 64GB အထိဆက်ပေးထားပါတယ်။ အများစုကတော့ 64GB version ကိုပဲတိုက်ရိုက်ဝယ်ယူဖို့များပါတယ်။ Connectivity ပိုင်းမှာဆိုရင်လည်း Wi-Fi 802.11 a/b/g/n/ac, dual-band, DLNA, Wi-Fi Direct, Wi-Fi hotspot တို့အားလုံးပါဝင်စေမှာဖြစ်ပြီး bluetooth 4.0, NFC စနစ်တွေကိုပါအသုံးပြုနိုင်ဖို့ထောက်ပံ့ပေးထားပါတယ်။ battery အမျိုးအစားက Galaxy Note 2 ထက်နည်းနည်းပဲပိုသာတဲ့ 3200mAh အမျိုးအစားကိုပဲသုံးပေးထားပါသေးတယ်။









## Software Features




Samsung ရဲ့ Galaxy Note 3 ဟာ Android နောက်ဆုံး version ဖြစ်တဲ့ Jelly Bean 4.3 ကိုတစ်ပါတည်းထည့်သွင်းပေးထားမှာဖြစ်လို့ OS ပိုင်းမှာပါ တခြားသောပြိုင်ဘက်ထုတ်ကုန်တွေထက် ရှေ့ကိုကြိုရောက်နေမှာဖြစ်ပါတယ်။ Samsung ရဲ့ TouchWiz UI ကိုလည်း သုံးရမှာဖြစ်သလို Galaxy S4 မှာသုံးနိုင်တာထက်ပိုကောင်းအောင်ပါလုပ်ဆောင်ပေးထားပါသေးတယ်။ Galaxy Note 3 မှာအရေးပါတဲ့တွဲဖက်ပစ္စည်းတစ်ခုက S Pen ပဲဖြစ်ပါတယ်။ S Pen ရဲ့ feature ပိုင်းတွေမှာလည်းအရင် Galaxy Note 2 မှာသုံးနိုင်တဲ့ app တွေအပြင်နောက်ထပ်အသစ်ဖြည့်စွက်သုံးနိုင်မယ့် app တွေကိုလည်းတိုးမြှင့်ထည့်သွင်းပေးထားလို့ ပိုမိုထိရောက်တဲ့သုံးစွဲမှုမျိုးကိုရရှိစေမယ်လို့ဆိုထားပါတယ်။ ဒီ Galaxy Note 3 မှာ S Pen ကိုဆွဲထုတ်လိုက်တာနဲ့ အရင်လိုမျိုး home tab ပေါ်လာမှာမဟုတ်ဘဲ Air Command menu အသစ်တစ်ခုကျလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီ menu ကိုလည်း UI ရဲ့ဘယ်လိုနေရာမျိုးမှာမဆိုအသုံးပြုနိုင်စေလို့ home screen ကိုပြန်လာပြီး သုံးရတဲ့ကြန့်ကြာမှုမျိုးကိုပါမဖြစ်စေပါဘူး။ ဒီလို menu ပေါ်လာရင်လုပ်ရမှာက S Pen မှာရှိတဲ့ side button လေးကို တွန်းဖွင့်ပေးလိုက်ရုံပဲဖြစ်ပါတယ်။

ဒီ Air Command men မှာလည်း Action Memo, Scrap Booker, Screen Write, S Finder နဲ့ Pen Window ဆိုပြီး shortcut ၅ ခုကို တွေ့ရဦးမှာဖြစ်ပါတယ်။ Action Memo ဟာ သင်ရေးချင်တာမှန်သမျှကိုရေးစေနိုင်လို့ တစ်ခုခုကိုမြန်မြန်ဆန်ဆန်ရေးမှတ်ထားလိုက်နိုင်ပါတယ်။ ဖုန်းနံပါတ်ဖြည့်ထည့်တာ၊ Google Maps မှာ လိပ်စာတစ်ခုခုရှာကြည့်တာတို့ကို လုပ်ဆောင်နိုင်စေပါတယ်။ သင်လုပ်ရမှာက စာသားတစ်ခုခုရဲ့အပိုင်းတစ်ခုကို မှတ်သားလိုက်ပြီး သူ့ကိုထောက်ပံ့မှုရှိတဲ့ app တစ်ခုခုဆီ ပို့ပေးလိုက်ရုံပါပဲ။ လက်ရေးမူစနစ်မှတ်သားမှုစနစ်ဖြစ်တဲ့ handwriting recognition ကိုလည်း ပိုမိုမြန်ဆန်တိကျစွာလုပ်ဆောင်နိုင်စေဦးမှာဖြစ်ပါတယ်။

Scrap Booker ကတော့ သင့်သုံးနေတဲ့ screen ရဲ့အစိတ်အပိုင်းတစ်ခုခုကို Scrapbook ဆီဖြည့်စွက်ထည့်သွင်းစေနိုင်ပါတယ်။ ပုံမှန်သုံးနေကျဖြစ်တဲ့ မျက်နှာပြင်တစ်ခုလုံးကို screenshot ရိုက်ယူစရာမျိုးမလိုတော့ပါဘူး။ သင်မှတ်ချင်တဲ့အရာကိုမှတ်ပေးလိုက်ပါ။ Scrap Booker က အဲ့ဒီမှတ်လိုက်တဲ့နေရာကပုံနဲ့စာသားတွေကို အလိုအလျောက်စနစ်နဲ့ဖြတ်ယူပေးသွားမှာဖြစ်ပြီး Scrapbook ရဲ့ခေါင်းစဉ်ခွဲတစ်ခုခုမှာ save လုပ်သိမ်းထားပေးမှာဖြစ်ပါတယ်။ ဒ့ါအပြင် သင်ဖန်တီးလိုက်တဲ့ scrapbook entry တိုင်းမှာပါ သီးခြား memo မှတ်သားမှုကိုပါ ဖြည့်စွက်ထည့်သွင်းနိုင်ဦးမှာဖြစ်ပါတယ်။

Screen Write ကတော့ရှင်းပါတယ်။ သင်သုံးနေတဲ့ screen မျက်နှာပြင်ရဲ့ဘယ်နေရာပေါ်မှာမဆို ရေးချင်တာတွေကိုရေးသားနိုင်တဲ့ feature တစ်ခုပါပဲ။ သင့်အနေနဲ့ အလွတ် clean sheet တစ်ခုပေါ်မှာပဲဖြစ်ဖြစ် လက်ရှိသုံးနေတဲ့ screen ကို snapshot ရိုက်ယူပြီးသုံးတာမျိုးပဲဖြစ်ဖြစ် ရေးမှတ်နိုင်မှာဖြစ်ပါတယ်။ မှတ်စုတိုလေးတွေမြန်မြန်ဆန်ဆန်ရေးဖို့အတွက် ဒီ Screen Write စနစ်ကအကောင်းဆုံးပဲဖြစ်ပါလိမ့်မယ်။

S-Search စနစ်က သင်သုံးနေတဲ့ Note 3 ပေါ်မှာ ကြိုတင်ပေးထားတဲ့ preset filter တွေကိုသုံးပြီး content တွေအားလုံးကို browse လုပ်ရှာဖွေနိုင်မယ့် local search တစ်ခုပဲဖြစ်ပါတယ်။ ဖုန်းထဲမှာရှိတဲ့ message, multimedia, settings, phonebook အစရှိတဲ့ဘယ်လိုအရာမျိုးကိုမဆိုရှာဖွေပေးနိုင်ပါတယ်။ နောက်ဆုံး internet ကိုတောင် ဒီ S-Search ကနေ သွားပြီးမှကြည့်မယ်ဆိုရင်လည်း ကြည့်နိုင်မှာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ လက်နဲ့ရေးထားတာတွေကို S-Search ကနေရှာရင် လုံးဝလွယ်ကူမှုရှိစေပါတယ်။ S Pen နဲ့ရေးထားတဲ့ လက်ရေးပုံစံသင်္ကေတလေးတွေကိုတောင်မှ ရှာဖွေနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက သင့်အနေနဲ့ scrapbook ကိုသိပ်မသုံးဘူးဆိုရင်တော့ လက်ရေးမူရှာတာမျိုးတွေအတွက် သိပ်သုံးစရာလိုမှာမဟုတ်ပါဘူး။

နောက်ဆုံးတစ်ခုကတော့ Pen Window ပဲဖြစ်ပြီး text စာသားတစ်ခုခုပေါ်မှာ S Pen ကို အပေါ်ကနေဝဲ့ယမ်းသလိုမျိုးလုပ်လိုက်တာနဲ့ ဒီစနစ်က အလိုအလျောက်ပေါ်လာမှာဖြစ်ပါတယ်။ ဒါဆိုရင်သင့်အနေနဲ့ လက်ရေးစာသားတွေကို ထည့်သွင်းနိုင်ပါလိမ့်မယ်။ device က အကြောင်းတစ်ခုခုကြောင့် Pen Window ကို activate မလုပ်ပေးဘူးဆိုရင် handwriting service ဆီသွားဖို့ ဒီ shortcut လေးကို သုံးသွားနိုင်ပါသေးတယ်။

အဆင့်မြှင့်ပေးထားတဲ့ TouchWiz UI ကတော့ multi-window multitasking စနစ်ကို ပိုမိုထောက်ပံ့ပေးထားပြီး တူညီတဲ့ app တစ်ခုတည်းကိုပဲ ၂ ခု ဖွင့်ထားနိုင်မှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် Chrome window ၂ ခုကို တစ်ခုနဲ့တစ်ခု ကပ်ပြီးဖွင့်ထားနိုင်ပါတယ်။ ဖွင့်ထားတဲ့ app ၂ ခုကိုလည်း တစ်ခုကနေတစ်ခုဆီ switch လုပ်ပြောင်းသွားနိုင်စေဖို့အတွက်လည်း shortcut တစ်ခုရှိနေဦးမှာဖြစ်ပါတယ်။ ဖွင့်ထားတဲ့ app တစ်ခုကနေတခြားတစ်ခုဆီ လိုချင်တာ copy လုပ်နိုင်စေဖို့အတွက်လည်း အခုစနစ်မှာ အသုံးပြုနိုင်ပါလိမ့်မယ်။

### Galaxy Note 3 Back Covers and Cases




Galaxy Note 3 ရဲ့မူလအရောင်ရွေးချယ်နိုင်မှုက အဖြူ၊ အနက်အပြင် အမျိုးသမီးတွေကြိုက်နှစ်သက်မယ့် ပန်းရောင်ဆိုပြီး ၃ ရောင်ထုတ်ပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ နောက် cover အတွက်တော့ ရွေးချယ်စရာအရောင်တွေအများအပြားရှိနေလို့ ဖုန်းနောက်ပိုင်းထိခိုက်ပွန်းပဲ့မှုဒဏ်ခံနိုင်စေဖို့နဲ့ စိတ်ကြိုက်တန်ဆာအဖြစ်တပ်ဆင်သုံးစွဲချင်သူတွေအတွက် လုံးဝအဆင်ပြေမှုရှိစေပါလိမ့်မယ်။ နောက်ထပ်ရွေးချယ်စရာ flip cover ဆိုတဲ့ လယ်သာအမျိုးအစား cover ၂ မျိုးကိုလည်းထုတ်ထားပါသေးတယ်။ တစ်ခုက ရှေ့မျက်နှာစာမှာ notification လေးတွေကြည့်နိုင်မယ့် window အပေါက်ပါတဲ့ cover ပဲဖြစ်ပြီး ကျန်တစ်ခုကတော့ window အပေါက်မပါတဲ့ cover တို့ပဲဖြစ်ပါတယ်။ ခေါက်လို့ရတဲ့ ဒီ flip cover တွေမှာလည်း ရွေးချယ်စရာအရောင်တော်တော်များများရှိနေလို့ လူကြီး၊ လူငယ် အကြိုက်ရွေးချယ်နိုင်စေဦးမှာဖြစ်ပါတယ်။

## Samsung Galaxy Gear Sr




မှာဖြစ်ပ

ကိုအနာဂတ်ရဲ့ gadge

ဟာ 1.63-inch အရွယ်သာရှိ

display ကိုသုံးထားတာက ကြည်

pixles ထောက်ပံ့မှုသာရှိပေမယ့် သူ့

Sony ကထုတ်ထားတဲ့ Sony SmartWa

Samsung Galaxy Gear smartwatch က ပိုမိ

display ကိုသုံးထားလို့ black pixels တွေမှာ အမှန်တကယ်အလင်းပေးမှာမ

interface ပေါ်မှာ ပိုမိုကြာရှည်စေမှာဖြစ်သလို အရောင်အသွေးလည်း တော

frame နဲ့ဝန်းရံပေးထားလို့ တစ်မျိုးဆန်းသစ်မှုရှိစေပါတယ်။ screen နောက်ခံအ

တဲ့အနက်ရောင်က အလိုက်ဖက်ဆုံးဖြစ်တယ်လို့ စမ်းသပ်သုံးစွဲသူပညာရှ

Samsung Galaxy Gear ဟာ single-core 800MHz မြန်နှုန်းရှိတဲ့ Exynos proc

သူတွေကတော့ တစ်ခါတစ်ခါမှာစိတ်ကသိကအောင့်ဖြစ်စေမယ့် အနည်း

အစမ်းသဘောမျိုး pre-release unit ဖြစ်နေတဲ့အတွက် တကယ်တမ်းဈေးက

မဟုတ်ပါဘူး။ Galaxy Gear ဟာ အဆင့်မြင့်လက်ပတ်နာရီတစ်လုံးရဲ့ ခန့်ည

ကောင်းမွန်တဲ့တွဲဖက်သုံးစွဲမှုပစ္စည်းတစ်ခုအဖြစ်ရပ်တည်နိုင်ဖို့ရှိနေပါတယ

## Sony QX10 and QX100 C

လက်ရှိပုံရိပ်ရိုက်ကူးမှုလောကထဲမှာမှ အိတ်ဆောင်အတန်းအစားကင်မရာဈေးကွက်ဖြစ်တဲ့ compact camera market ဟာ မိုဘိုင်းဖုန်းတွေမှာပါဝင်တဲ့ကင်မရာတွေရဲ့ တိုးမြင့်လာတဲ့စွမ်းဆောင်မှုကောင်းတွေကြောင့် ပိုမိုပြီး နယ်မြေကျဉ်းမြောင်းလာနေတာကို ကြည့်လိုက်တာနဲ့ထင်ထင်ရှားရှားတွေ့မြင်ရမှာပဲဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ဖန်တီးထုတ်လုပ်တဲ့ကုမ္ပဏီတော်တော်များများဟာလည်း ပုံရိပ်ဖန်တီးနိုင်မယ့်သီးသန့် device တွေကို သုံးစွဲသူတွေဝယ်ယူနိုင်စေဖို့အတွက် နည်းလမ်းသစ်တွေကြိုးစားရှာဖွေနေကြပါတယ်။ ဒါပေမဲ့ Sony ရဲ့ချဉ်းကပ်မှုက တစ်မျိုးတစ်ပါဒကွဲတယ်လို့ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အခုထုတ်ဖော်ပြသလိုက်တဲ့ QX series camera ဟာ သူ့ချည်းသီးသန့်သုံးရတာထက် စမတ်ဖုန်း ဒါမှမဟုတ် tablet တစ်လုံးလုံးနဲ့တွဲဖက်အလုပ်လုပ်စေမယ့် ပစ္စည်းမျိုးဖြစ်နေတဲ့အတွက်ပဲဖြစ်ပါတယ်။

Sony ဟာ အိတ်ဆောင်အရွယ်အစားလို့ဆိုရမယ့် QX compact camera ၂ လုံးကိုမိတ်ဆက်ပြသလိုက်ပြီဖြစ်ပြီး ကြည့်လိုက်ရင် camera တစ်လုံးဆိုတာထက် lens တစ်ခုနဲ့ပိုတူနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကင်မရာတစ်လုံးရှိသင့်တဲ့ sensor, processor, memory card slot နဲ့ optical zoom တွေအကုန်လုံး ပါဝင်ပြီးသားပဲဖြစ်ပါတယ်။ တစ်ခုပဲပြောရမှာက ကိုယ်ပိုင် screen မပါဝင်တာပဲဖြစ်ပါတယ်။ ဒါကလည်း စမတ်ဖုန်းနဲ့ တွဲဖက်အလုပ်လုပ်စေမှာဖြစ်လို့ screen ရဲ့တာဝန်ကို စမတ်ဖုန်းကပြောင်းလဲရယူပေးသွားပါလိမ့်မယ်။ ဒီကင်မရာတွေဟာ သင့်ရဲ့စမတ်ဖုန်းနဲ့ချိတ်ဆက်အသုံးပြုစေနိုင်မှာဖြစ်ပြီး Sony ကထုတ်လုပ်လိုက်တာမို့လို့ Sony ထုတ်စမတ်ဖုန်းတွေနဲ့ပဲအသုံးပြုနိုင်တာမျိုးမဟုတ်ဘဲ Apple ရဲ့ iOS ထုတ်ကုန်အပါအဝင် လက်ရှိဈေးကွက်ရဲ့ လူသုံးအများဆုံး Android စမတ်ဖုန်းတွေနဲ့ Amazon ထုတ် Kindle Fire ထုတ်ကုန်တွေနဲ့ပါ တွဲဖက်အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

လက်ရှိမှာ Sony ကမိတ်ဆက်ပေးလိုက်တာက QX10 camera နဲ့ QX100

## Samsung Galaxy Note 10.1 2014 Edition

Samsung ဟာ Galaxy Note 3 ကို အဓိကဦးဆောင်မိတ်ဆက်ပေးပြီး နောက်မှာတော့ ပြီးခဲ့တဲ့နှစ်ကထုတ်ထားတဲ့ Galaxy Note 10.1 အမျိုးအစားထက်ပိုကောင်းတဲ့ version ကိုထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီနေရာတစ်ခုခေါင်းစားသွားစေတာက ပုံမှန် series တွေရဲ့ အမည်ပြောင်းလဲမှုမရှိဘဲနဲ့ 2014 Edition ဆိုတဲ့စာသားတစ်ခုကိုပဲ နောက်မှာဖြည့်စွက်ထည့်ပေးလိုက်တာပဲဖြစ်ပါတယ်။ Samsung ရဲ့ tablet တွေထဲမှာ Galaxy Note series တွေဟာအတော်လေးနာမည်ကြီးပါတယ်။ brand တစ်ခုတည်းအရဆိုရင်တော့ အကောင်းဆုံးလို့ဆိုရပါမယ်။ သူ့ထက်ကောင်းတဲ့လုပ်ငန်းသုံး tablet မျိုး မရှိသေးပါဘူး။ အရင်ထုတ်ထားတဲ့ Galaxy Note 10.1 ဟာ feature ပိုင်းတွေမှာတော်တော်လေးကောင်းလာတာတွေ့ရပေမယ့် hardware အနေအထားအရဆိုရင်တော့ အချိန်တိုအတွင်းတိုးတက်မြန်ဆန်ပြောင်းလဲမှုနှုန်းအရ ထိပ်တန်းစာရင်းထဲမှာထည့်ဖို့ခက်လာပါတယ်။ ဒါကြောင့်လည်း Samsung က နောက်ထပ် hardware ပိုင်းနဲ့ software ပိုင်းဖြည့်စွက်မှုတွေလုပ်ကာ Galaxy Note 10.1 2014 Edition ကို ထုတ်လုပ်လိုက်တာပဲဖြစ်ပါတယ်။

HDR ဓာတ်ပုံကို ဓာတ်ပုံဆရာမဟုတ်သူအတော်များများက မကြိုက်ကြပါ။ သဘာဝယုတ္တိမတန်လောက်အောင် လွန်ကဲသောအရောင်နှင့် အလင်းတို့ကို တွေ့ရသောကြောင့်ဖြစ်သည်။ အထူးသဖြင့် အရောင်ပိုင်းက ရင့်လွန်းသည်။ ထို့ပြင် ပေါင်းစည်းသူ ကျွမ်းကျင်မှုမရှိပါက Color noise များကို တွေ့နိုင်သည်။ အလင်းနှင့်အမှောင်ဆုံသည့်နေရာတွင် အရောင်စက်ဝန်းကြီးများ (halo) ကိုတွေ့နိုင်သည်။ ကျွန်မပင်လျှင် သူများရိုက်ထားသော HDR ဓာတ်ပုံများကို တွေ့စဉ်က အတော်ပင်စိတ်ကုန်ဖူးသည်။ သို့သော် ဓာတ်ပုံရိုက်စဉ်ကတည်းက ပုံကောင်းရအောင် ဂရုတစိုက်ရိုက်သည့်ပြင် နောက်ပိုင်းတည်းဖြတ်ခြင်း (post processing) ပိုင်း၌ သေသပ်စွာ ပြုလုပ်ပါက သမားရိုးကျနည်းနှင့် မည်သို့မျှ ရိုက်ယူ၍မရသော ဓာတ်ပုံကောင်းများရနိုင်ကြောင်း တဖြည်းဖြည်းသိလာပါသည်။

ကောင်းပါပြီ။ ကျွန်မတို့ HDR ဓာတ်ပုံစရိုက်ကြပါမည်။ CSC (Compact System Camera) သို့မဟုတ် အဆင့်မြင့် Compact ကင်မရာတစ်လုံးရှိရန် သို့တည်းမဟုတ် DSLR ကင်မရာတစ်လုံးရှိရန် လိုပါသည်။ Point and shoot ကင်မရာပင် ဖြစ်စေကာမူ အဆင့်မြင့်ကင်မရာ၊ Function စုံပါသော ကင်မရာဖြစ်ပါက HDR ဓာတ်ပုံရိုက်နိုင်ပါမည်။ HDR ဓာတ်ပုံရိုက်နိုင်သော ကင်မရာမှန်ပါက Photo bracketing သို့မဟုတ် HDR ဟူသော စွမ်းဆောင်ရည် ပါဝင်ရပါမည်။ ဤသို့ ပါ၊ မပါကို ကင်မရာပေါ်တွင်ဖြစ်စေ၊ ကင်မရာ လက်စွဲစာအုပ် (သို့မဟုတ်) CD တွင်ဖြစ်စေ ရှာကြည့်ပါ။

ပါသည်ဆိုလျှင် လုပ်ငန်းစနိုင်ပါပြီ။ HDR ဓာတ်ပုံရိုက်နည်းမျိုးစုံ ရှိသော်လည်း Exposure အခြေပြုသော ဓာတ်ပုံရိုက်နည်းကိုသာ တင်ပြပါမည်။ HDR ဓာတ်ပုံရိုက်ရန်အတွက် Exposure Compensation(EV) ကို ကစားရပါမည်။ အခြေခံကင်မရာများတွင် +/-2 EV၊ အလယ်အလတ် ကင်မရာများတွင် +/-3 EV၊ အဆင့်မြင့်ကင်မရာများတွင် +/-5 EV အထိ ပေးပါမည်။ EV တန်ဖိုးများများပေးလေ HDR ဓာတ်ပုံကို အနုစိတ်ဖန်တီးနိုင်လေ ဖြစ်ပါသည်။ မည်သို့ပင်ဆိုဆို ကင်မရာ အနိမ့်တွင်ပင် +/-2 EV ပါမည်ဖြစ်ရာ HDR ဓာတ်ပုံတန်ရုံသင့်ရုံ ရိုက်နိုင်ပါမည်။

HDR ဓာတ်ပုံတွင် ကင်မရာအနိမ့်များက Exposure မတူသော ဓာတ်ပုံ (၃) ပုံကို တစ်ဆက်တည်း ရိုက်ခွင့်ပြုပါသည်။ အဆင့်မြင့်ကင်မရာများတွင် (၃)ပုံမက ရိုက်ခွင့်ပြုသည့်အတွက် ပညာရှင်အဆင့်ဓာတ်ပုံဆရာများက Exposure မတူသော ဓာတ်ပုံ (၅) ပုံ အထိ ရိုက်ယူလေ့ရှိပါသည်။ +/-2 EV တွင် Exposure မတူသော ဓာတ်ပုံ (၃) ပုံသာ ရိုက်ခွင့်ပြုမည် ဖြစ်ပါသည်။ ဓာတ်ပုံတစ်ပုံနှင့် တစ်ပုံကြား EV ကွာခြားချက်မှာ $^{1}/_{3}$ EV ဖြစ်ပါသည်။ ထိုအခါတွင် EV ကို အမြင့်ပိုင်းတွင် ထား၍ ကစားမည်လော သို့မဟုတ် အနိမ့်ပိုင်းတွင် ထား၍ ကစားမည်လော ဆိုသည်ကို ဦးစွာ စဉ်းစားရပါမည်။

အလင်းရောင်အားနည်းသော အခြေအနေဖြစ်ပါက +2 EV/+1.7 EV/ +1.3 EV စသည်ဖြင့် ထားနိုင်ပြီး အလင်းရောင် အတော်အတန် အားကောင်းသော အခြေအနေ ဖြစ်ပါက +1.3 EV/ +1EV/ +0.7EV စသည်ဖြင့် ထားနိုင်ပါသည်။ EV ကို + တွင် ချည်းထားရမည်ဟု မဆိုလိုပါ။ အလင်းရောင် အလွန်ရူးသော အခြေအနေတွင် 0.3 EV/ 0EV/ -0.3EV စသည်ဖြင့်လည်း ဖြစ်နိုင်ပါသည်။ အလင်းကဲအပိုင်း (High light) တွင် အရောင်နှင့် အသေးစိတ်ပြတ်သားမှု မပျောက်စေရန် ဖြစ်ပါသည်။ ထို့အတူ အမှောင်ပိုင်းတွင်လည်း မြင်ရသင့် မြင်ရထိုက်သည်များကို မြင်ရစေရန် ဖြစ်ပါသည်။

HDR ဓာတ်ပုံအတွက် Aperture ပိုင်းကိုလည်း ကစားရလေ့ရှိပါသည်။ မိမိ၏ကင်မရာသည် အလယ်အလတ်မျှသာ အသင့်ရှိပါက Aperture priority ရွေးချယ်ပိုင်ခွင့်ရှိရပါသည်။ CSC နှင့် DSLR ကင်မရာများတွင် Aperture priority သာမက Manual Aperture လုပ်ပိုင်ခွင့်လည်း ပါရှိပြီးဖြစ်ပါသည်။ Aperture နံပါတ်အသေးများကို fast aperture ဟုခေါ်ပြီး Aperture နံပါတ်အကြီးများကို slow aperture ဟုခေါ်ပါသည်။

အလင်းအားနည်းချိန်တွင် Long shutter သုံးပြီး ရိုက်မည်ဆိုပါက Aperture နံပါတ်အကြီး ဥပမာ F/12 ဖြင့် ရိုက်ခြင်းမျိုး ဖြစ်ပါသည်။ အလင်းအားကောင်းချိန်တွင် မြန်မြန် ဆန်ဆန် ရိုက်လိုပါက Aperture နံပါတ်အသေးကို သုံးနိုင်ပါသည်။ အလင်း အားကောင်းချိန်တွင် Aperture နံပါတ် အသေးဆုံးကို သုံးနိုင်ပါက depth of field ကိုပါ အထောက်အကူပြုနိုင်ပါသည်။

HDR ဓာတ်ပုံရိုက်ရာတွင် သတိပြုရန်အချက်နှစ်ခုရှိပါသည်။ ယင်းတို့မှာ ၁။ ကင်မရာကို မည်သည့်နည်းနှင့်မှ မလှုပ်စေရန်နှင့် ၂။ ရိုက်ခွင်ထဲတွင် ပါဝင်နေသောအရာတစ်ခုခုက မလှုပ်စေရန်ဖြစ်ပါသည်။ ထို့ကြောင့် လှုပ်ရှားမှုမြင်ကွင်းများကို HDR ဓာတ်ပုံရိုက်ရန် မဖြစ်နိုင်ကြောင်း သဘောပေါက်ပါလိမ့်မည်။ ကင်မရာ မလှုပ်စေရန်အတွက် သုံးချောင်းထောက်သို့မဟုတ် အောက်ခံညီညာပြီး မလှုပ်သော မျက်နှာပြင်တစ်ခုခုပေါ်တင်ပြီး ရိုက်နိုင်ပါသည်။ Timer သုံးပြီး ရိုက်ခြင်းက ကင်မရာ မလှုပ်စေရန် အသေချာဆုံးဖြစ်ပါသည်။ 2 Sec timer သည် လုံလောက်သော်လည်း မသေချာလျှင် 10 Sec timer ကို သုံးနိုင်ပါသည်။ ကြိုးသွယ် Remote Control သုံး၍လည်း ရိုက်နိုင်ပါသည်။

သစ်ပင်ဝါးပင်များပါသော မြင်ကွင်းဖြစ်ပြီး လေကလည်း တစ်ချက်တစ်ချက်တိုက်သည်ဆိုပါက လေငြိမ်သည့်အချိန်ကိုစောင့်ပြီး ရိုက်ရပါမည်။ ရိုက်ခွင်ထဲတွင် လူပါဝင်မည်ဆိုပါက မိမိရွေးချယ်သော Shutter Speed အပေါ်မူတည်ပြီး စက္ကန့်အနည်းငယ်မှသည် မိနစ်ဝက်ခန့်အထိ ငြိမ်သက်စွာနေရန် လိုပါသည်။ HDR ဓာတ်ပုံအတွက် ISO ကိုများသောအားဖြင့် 100 တွင်ထားလေ့ရှိပါသည်။ အများဆုံး 400 ထက်မပိုသင့်ပါ။ သိသာထင်ရှားသော noise များပါဝင်လာနိုင်သည့်အတွက်ဖြစ်ပါသည်။

-AutoCAD Course
-Architectural Visualization Course
-3Ds Max Course
-Graphic Design Course

Mon - Tue 09:00 - 11:00 AM
11:30 - 01:30 PM
Wed - Thu 09:00 - 11:00 AM
11:30 - 01:30 PM
Sat - Sun 09:00 - 11:00 AM
11:30 - 01:30 PM
02:00 - 04:00 PM
04:30 - 06:30 PM

ဘယ် Field ကိုဦးတည်ပြီး သင်မှာလဲ?
Building Design ဘက်ကိုဦးတည်ပြီး သင်ကြားမှာဖြစ်ပါတယ်။ Architectural Drawing, 3D Modelling, Exterior Rendering, Interior Rendering, Animation စတာတွေကို Building Design အတွက် ဘယ်လိုအသုံးပြုနိုင်မလဲဆိုတာကို သိရှိစေမှာဖြစ်ပါတယ်။

သင်တန်းမှာဘယ်လိုလေ့လာရမလဲ?
သင်တန်းရဲ့အဓိကရည်ရွယ်ချက်က တကယ်တတ်မြောက်ချင်သူတွေကိုသာ ဦးတည်ပါတယ်။ သင်တန်း အပ်ထားရုံနဲ့ Certificate ရရှိမည်မဟုတ်ပါ။ သင်တန်းချိန်အနည်းဆုံး 80% ပြည့်မီအောင် တက်ရောက်ရမည်ဖြစ်ပြီး လေ့ကျင့်ရန်လိုအပ်သော Project များကို ပြီးပြည့်စုံအောင် လုပ်ဆောင်ပြီးမှသာ သင်တန်းရဲ့အသိအမှတ်ပြု Certificate ကိုရရှိမည်ဖြစ်ပါသည်။

ACAD TRAINING CENTRE
Room-28, Building-6, Hlaing Yadana Estate, Hlaing Township, Yangon.
Ph: 09-5096596,09-420004018
Enroll Now

## ဂျပန်နိုင်ငံ APU တက္ကသိုလ်မှ မြန်မာနိုင်ငံကျောင်းသား/ကျောင်းသူများအတွက် Scholarship ပေးအပ်မည်

မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများအတွက်ဂျပန်နိုင်ငံ APU တက္ကသိုလ်မှMaster Program နှင့် Undergraduate Program တို့အတွက် Scholarship ပေးအပ်သွားမည်ဖြစ်ကြောင်း SR Worldwide Education မှ သိရှိရသည်။

Bachelor Program ကို လျှောက်ထားလိုသူများသည် ဂျပန်စာ/ဂျပန်စကား အဓိကထား၍ တတ်မြောက်ရန်မလိုအပ်ဘဲ ၁၂တန်းပညာရေးနှင့်အတူEnglish 4 Skills ကျွမ်းကျင်ရုံဖြင့် လျှောက်ထားနိုင်ပြီး ဂျပန်စာတတ်မြောက်ပါကလည်း လျှောက်ထားနိုင်ပါသည်။ Master Program အတွက် အသက် ၄၀ နှစ်အောက်နှင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိသူများ မိမိပြုလုပ်ခဲ့သည့် Thesis (သို့မဟုတ်) အောင်မြင်မှု List (သို့မဟုတ်) Information Sheet Form စသည်တို့ဖြင့် လျှောက်ထားနိုင်ပါသည်။ APU တက္ကသိုလ်မှ Scholarship ပေးအပ်မည့်ပမာဏမှာ 100% Full Tution Fee အပြင် 100% Full Admin Fee ပါ ပေးအပ်သွားမည်ဖြစ်သည်။

APU တက္ကသိုလ်တွင် တက်ရောက်နိုင်သော ဘာသာရပ်များမှာ Bachelor of Social Science - Specialized in Culture, Societies and Media, International Relations and Peace Studies, Environmental and Development, Hospitality & Tourism, Bachelor of Business Administration Specialized in Strategic Management and Organization, Accounting and Finance, Innovation and Economic, Marketing စသည့်ဘာသာရပ်တို့ဖြစ်ပြီး Master Program အတွက် တက်ရောက်နိုင်သော ဘာသာရပ်များမှာ International Relation, Society and Culture, International Public Administration, Public Health Management, Sustainablity Science, Tourism and Hospitality, Development Economic စသည့် ဘာသာရပ်များဖြစ်ပါသည်။

လျှောက်ထားလိုသူများ အသေးစိတ်သိရှိလိုပါက SR World wide Education ဖုန်း-01387 022, 09 5428848, 09 5438848သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စန္ဒာ**

## ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပါရဂူဘွဲ့ သင်တန်းများ ဖွင့်လှစ်သင်ကြားမည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ(၇) ရက်မှစတင်၍ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်းသိရှိရပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာ/ဗိသုကာ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမှာဖြစ်ပြီး မန္တလေးနည်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။

လျှောက်လွှာပုံစံများကို ၉. ၉. ၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး ၂၀. ၉. ၂၀၁၃ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ၂၄. ၉. ၂၀၁၃ရက်(အင်္ဂါနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကဒ်ပြားကို ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ် အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် တွေ့ရှိရပါသည်။

**စန္ဒာ**

## Professional Graphic Design သင်တန်းကို 20% Discount ဖြင့် PROMOTION မှ ဖွင့်လှစ်သင်ကြားမည်

ပုံနှိပ်တိုက်၊ မဂ္ဂဇင်း၊ ဂျာနယ်တိုက်၊ မီဒီယာနှင့်ကြော်ငြာကုမ္ပဏီများတွင် Graphic Designer၊ Layout Designer အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်Professional Graphic Design သင်တန်းကို ယခုစက်တင်ဘာလ ၂၀ ရက်နေ့တွင် PROMOTION ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် Graphic Design Software များဖြစ်သည့် Adobe Photoshop ၊ Illustrator ၊ Indesign များကို အသုံးပြုကာ ဓာတ်ပုံပြုပြင်ခြင်း၊အလင်းအမှောင်ချိန်ခြင်း၊ scan ဖတ်ခြင်း၊ Special Effects များထည့်သွင်းဖန်တီးခြင်း၊ ကုမ္ပဏီအမှတ်တံဆိပ်များ၊ လိုဂိုများ၊ကြော်ငြာဒီဇိုင်းများနှင့် Layout Desing များဖန်တီးခြင်းတို့ကို လုပ်ငန်းခွင်လက်တွေ့အသုံးချနိုင်သည် အထိအနီးကပ်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး အထူးအစီအစဉ်အဖြစ် ကျောင်းသားနှင့်ရုံးဝန်ထမ်းများအတွက် ရုံးချိန်လွတ်တန်းခွဲများနှင့်အထူးအမြန်သင်တန်းများလည်း စီစဉ်ပေးထားသလို အချိန်မှန်၊ ပျက်ရက်မရှိကြိုးစားအားထုတ်သူ သင်တန်းသားများအား 20% Discount ပေးအပ်သွားရန်လည်းစီစဉ်ထားကြောင်းသိရသည်။ အသေးစိတ်အချက်များကို အမှတ် ၂၂၆၊ ပ-ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁ ၃၈၉၀၃၈၊ ၀၉ ၇၃၁၈၄၅၂၅ သို့ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

...

## MMDC သင်တန်းကျောင်းတွင် Graphic Design သင်တန်းဖွင့်လှစ်မည်

MMDC သင်တန်းကျောင်းမှ Graphic Design သင်တန်းကို အောက်တိုဘာလထဲတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ၎င်းသင်တန်းသည် ပထမဆုံးအကြိမ်ဖွင့်လှစ်တာဖြစ်ပြီး သင်တန်း သားဦးရေ(၂၅) ယောက်သာလက်ခံမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ တစ်လခွဲဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် (၁သိန်းခွဲ) ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် MMDC သင်တန်းကျောင်း ဖုန်း ၀၁-၅၃၄၇၆၀၊ Ext - ၅၅၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စန္ဒာ**

KMD Computer Centre
Since 1986
Basic Mobile Course
မိုဘိုင်းဖုန်းအရောင်းသင်တန်း
◆◆ အတန်းချိန် ◆◆
20 Sep 2013 ( Mon - Fri ) 11:30 - 1:00
22 Sep 2013 ( Sat & Sun )1:00 - 4:00
10 ရက်သင်တန်း
Mobile Phone အရောင်းဆိုင်များတွင်ဝန်ထမ်းလုပ်လိုသူများ၊
Mobile Device များကိုကိုယ်တိုင်နားလည်ပြီးထိရောက်စွာ
အသုံးပြုလိုသူများ အတွက်သင်ကြားပေးမည့်သင်တန်းဖြစ်ပါသည်။
(ပန်းဆိုးတန်း) ☎ - ၃၈၁၁၂၉ / ၃၈၁၇၇၆ / ၃၈၁၀၃၅
(မြေနီကုန်း) ☎ - ၅၂၇၄၃၆ / ၅၃၄၁၇၀ / ၅၀၂၂၃၃

ကိုမျိုးမင်း LG
LCD, PLASMA, TV SALES & SERVICE CENTRE
♦ LG, SONY, PANASONIC, SAMSUNG, LCD, PLASMA များကို ဈေးနှုန်းချိုသာစွာဖြင့် အထူးပြုပြင်ပေးသည်။
♦ LCD, PLASMA များအတွက် အပိုပစ္စည်းများလည်း ရရှိနိုင်ပါသည်။
အမှတ် (၁၇၂)၊ မြေညီ၊ ၃၄ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၇၀၀၃၁၆၊ ၀၉ ၇၃၁၈၅၅၁၉

## Book Review

### Android ပေါ်မှလက်တွေ့သုံး နည်းပညာသစ်များ

ပြုစုသူ – သန်းထိုက် (ရွှေရိပ်)



ဆက်သွယ်ရေးနည်းစနစ်များ ထွန်းကားလာတာနဲ့အမျှ Mobile နည်းပညာရပ်တွေဟာလည်း တစ်နေ့ပြီးတစ်နေ့တိုးတက်ပြောင်းလဲနေပါတယ်။ အရှိန်အဟုန်နဲ့ဖြစ်ပေါ်နေတဲ့ နည်းပညာရေစီးကြောင်းထဲမှာ အမီ လိုက်နိုင်ဖို့အတွက် လေ့လာဖတ်ရှုသင်ယူစရာ သင်ခန်းစာများလည်းအများအပြားရှိလာပါပြီ။ Mobile နည်းပညာရပ်ကိုစိတ်ဝင်စားပြီး လေ့လာလိုသူများအနေနဲ့ Mobile ဖုန်းတစ်လုံးရဲ့ Software များကို အဓိကမောင်းနှင်ပေးနေတဲ့ Operating System အကြောင်းကို သင်တန်းကျောင်းများမှာ သွားရောက်သင်ယူဖို့အကြောင်းကြောင်းကြောင့် အဆင်မပြေသူများ၊ အနီးကပ်လေ့လာဖို့ လိုအပ်သူများအစရှိတဲ့ စာဖတ်ပရိသတ်များအတွက် ယနေ့ Mobile လောကမှာ လူသုံးအများဆုံးနဲ့ဈေးကွက်ထဲမှာကျယ်ကျယ်ပြန့်ပြန့်တွေ့နေရတဲ့ Android OS အကြောင်းကို ရေးသားဖော်ပြထားတဲ့ Android ပေါ်မှလက်တွေ့သုံးနည်းပညာအသစ်များစာအုပ်ကို မိတ်ဆက်ပေးလိုက်ပါတယ်။

ဒီစာအုပ်ထဲမှာ ကဏ္ဍတွေအနေနဲ့ Mobile ကိုအစပြုလေ့လာခြင်း၊ Mobile ဆိုင်ရာကြိုတင်လေ့လာစရာ၊ Recovery Mode ကိုလေ့လာခြင်း၊ Android SDK နှင့် Java ကိစ္စစတဲ့ အခြေခံသင်ခန်းစာတွေကနေပြီး Android Root လုပ်ခြင်း၊ Root မလိုဘဲမြန်မာစာထည့်သွင်းပုံ၊ Official Firmware မြှင့်တင်ခြင်း၊ Online မှ Update လုပ်ခြင်း၊ Root Tool အသစ်များကိုလေ့လာခြင်း၊ Screen Lock ကိုဖြတ်ကျော်ခြင်းနှင့် အမည်မသိတရုတ်ဖုန်းများ Root လုပ်ခြင်းစတာတွေကို ဖုန်းအမျိုးအစားအလိုက် တစ်ဆင့်ချင်းရှင်း လင်းပြသထားပါတယ်။ ဒါ့အပြင် Mobile ဖုန်းနဲ့ပတ်သက်ပြီးဖြစ်ပေါ်လာနိုင်တဲ့အထွေထွေပြဿနာများကိုလည်း လေ့လာနိုင်အောင်ရေးသားထားပါတယ်။ Android ပေါ်မှလက်တွေ့သုံးနည်းပညာအသစ်များစာအုပ်ကို မဇ္ဈိမစာပေ၊ ဖုန်း-၃၉၂၈၃၅၊ ၀၉၇၃၀၅၉၉၃၅၅မှတစ်အုပ်လျှင် ၄၅၀၀ကျပ် ဖြင့်ဖြန့်ချိပါတယ်။

## Bachelor of Business Administration (BBA) Program အတွက် လျှောက်လွှာများခေါ်ယူနေ

Myanmar Professional Development Center(MPDC) နှင့် Assumption University of Thailand (ABAC) တို့ ပူးပေါင်းဖွင့်လှစ်မည့် Bachelor of Business Administration (BBA) Program အတွက် လျှောက်လွှာများအား ခေါ်ယူနေကြောင်း သိရှိရပါသည်။

MPDC နှင့် ABAC တို့ ပူးပေါင်း၍ Bachelor of Business Administration (BBA) သင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အောက်တိုဘာလမှစတင်ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်ပြီးသင်တန်းကာလမှာ လေးနှစ်ကြာမြင့်မည်ဖြစ်ပါသည်။

ဆယ်တန်းအောင်မြင်သူများအနေဖြင့် ပထမနှစ်ကို တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာပြည်တွင် သင်တန်းပြီးဆုံးသည်အထိတက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက Assumption University of Thailand (ABAC) မှ တရားဝင်အသိအမှတ်ပြုဘွဲ့လက်မှတ်များကို ကိုယ်တိုင်သွားရောက်ယူနိုင်မည်ဖြစ်သည်။

သင်တန်းကြေးမှာ တစ်နှစ်စာကို USD 3200 ဖြစ်ပြီး သင်တန်းသားဦးရေမှာ ၄၀ဦး နှင့် ၅၀ဦး ကြားသာ လက်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့၊ ၀၁-၅၀၇၀၄၃၊ ၀၉-၄၂၀၁၁၄၅၀၁၊ ၀၉-၄၃၁၉၂၃၆၀၊ မန္တလေးမြို့ ၀၁-၁၂၀၁၂၈၉၊ ၀၉-၇၃၂၀၃၂၀၇၊ Email: sandra@newlink.com သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရပါသည်။

**စန္ဒာ**

" အချိန်တို အတွင်း နိုင်ငံတကာ အဆင့်မီ နည်းပညာ နှင့် ဆွဲဆောင်မှု အပြည့် ရှိသော ဒီဇိုင်း တို့ဖြင့် သင့် ၏ ..
Website ကို လွှင့်တင်လိုက်ပါ "
NEW WORTH
နှစ်စဉ်ကြေး - အနိမ့်ဆုံး ၅၀၀၀၀ ကျပ်မှ စတင် လွှင့်တင်ပေးပါသည်။
Web Services Provider
Call Us : 01 1221275 , 09 310 54128
www.newworth.asia

# Buying BlackBerry : Which company is the best fit ?

ကနေဒါနိုင်ငံအခြေစိုက် BlackBerry ကုမ္ပဏီဟာလည်း ဈေးကွက်ရှာဖွေမှုကိုထင်သလောက်မရှဲ့ထွင်နိုင်တဲ့အတွက် ရေရှည်ရပ်တည်နိုင်ဖို့ ကုမ္ပဏီကိုအရောင်းစာရင်းတင်ထားပြီဖြစ်ပါတယ်။ လေလံစနစ်ပုံစံမျိုးနဲ့ရောင်းချမှုကိုဆောင်ရွက်သွားဖို့ပါရည်ရွယ်ထားတာဖြစ်ပြီး လာမယ့်နိုဝင်ဘာမှာ အဆုံးသတ်နိုင်ဖို့ကိုပါ BlackBerry က မျှော်လင့်ထားတယ်လို့ ပတ်သက်ဆက်စပ်သူတွေက ဆိုထားကြပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လမှာပဲ BlackBerry ဟာ မဟာဗျူဟာပြောင်းလဲကျင့်သုံးဖို့အတွက် အထူးကော်မတီဘုတ်အဖွဲ့ကိုဖွဲ့စည်းခဲ့ကြတာဖြစ်ပြီး အဲ့ဒီအချိန်ကတည်းက ကုမ္ပဏီရဲ့ပိုင်ဆိုင်မှုတွေကို တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ် အလုံးစုံပဲဖြစ်ဖြစ် ဝယ်ယူဖို့စိတ်ဝင်စားတဲ့အဖွဲ့အစည်းတွေနဲ့ ကနဦးအဆင့်ဆွေးနွေးပြောဆိုမှုတွေကို စတင်လုပ်ဆောင်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွေအရတော့ ကုမ္ပဏီအဖွဲ့အစည်းတစ်ရပ်တည်းက BlackBerry ကိုအလုံးစုံဝယ်ယူဖို့ဆိုတာ သိပ်မလွယ်နိုင်ပါဘူး။ ပေါင်းစပ်ဝယ်ယူနိုင်မှသာ ပိုမိုအဆင်ပြေဖို့ရှိနိုင်တဲ့အတွက် Oracel, HP, Lenovo နဲ့ Cisco တို့အားလုံးဟာ BlackBerry ရဲ့အရေးပါတဲ့ပိုင်ဆိုင်မှုလုပ်ငန်းတွေကိုခွဲဝေလုပ်ဆောင်နိုင်မှပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူတွေကဘယ်လိုအပိုင်းတွေကို ရယူသွားနိုင်ကြမလဲဆိုတာက လက်ရှိမှာစောင့်ကြည့်ရမယ့်အနေအထားမျိုးပဲရှိနေပါသေးတယ်။ ထူးခြားမှုတစ်ခုက Microsoft က Nokia ကိုဝယ်ယူလိုက်ပြီဆိုပေမယ့် သူတို့အနေနဲ့ BlackBerry ကိုတစ်စိတ်တစ်ပိုင်းဖြစ်ဖြစ် ဝယ်ယူနိုင်ဖို့ရှိနေတယ်ဆိုတဲ့နောက်ဆက်တွဲသတင်းကလည်း စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။

# KitKat, the Next Generation Mobile OS of Google

Google ဟာ နောက်အသစ်ထုတ်မယ့် Mobile operating system အမည်ကိုတရားဝင်မိတ်ဆက်ပေးလိုက်ပြီဖြစ်ပါတယ်။ ထူးခြားတာက ပရိသတ်ထုအပါအဝင် နည်းပညာနယ်ပယ်ကလူတွေပါ အံ့ဩသွားစေတာက အရင်သတင်းထွက်ခဲ့တဲ့ Key Lime Pie ဆိုတဲ့အမည်မဟုတ်ဘဲ KitKat ဆိုတဲ့ ချောကလက်ဝေဖာမုန့်တစ်မျိုးရဲ့အမည်ဖြစ်နေတာပဲဖြစ်ပါတယ်။ Version ကတော့ 4.4 အဖြစ်နဲ့ထုတ်ပေးသွားမှာဖြစ်ပါတယ်။ KitKat ဟာ Nestle ရဲ့ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး အမေရိကန်နိုင်ငံမှာကုန်အမှတ်တံဆိပ်လိုင်စင်တင်ထားပြီးဖြစ်ပါတယ်။ Nestle ကတော့ တစ်ကမ္ဘာလုံးဆိုင်ရာအထိ ကုန်အမှတ်တံဆိပ်ကိုပိုင်ဆိုင်ထားပါတယ်။ အမေရိကန်မှာတော့ Hershey ကုမ္ပဏီက လိုင်စင်ရယူထားတာဖြစ်ပါတယ်။ ဒါကြောင့်လည်း Google ဟာ သူတို့ရဲ့ Mobile OS အသစ်အမည်ကို KitKat အဖြစ်သုံးနိုင်ဖို့အတွက် Hershey ကုမ္ပဏီနဲ့ လွန်ခဲ့တဲ့ ၆ လကနေ ၉ လလောက်ကတည်းက ချဉ်းကပ်ဆွေးနွေးမှုတွေလုပ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ Google က ကြေညာမိတ်ဆက်လိုက်ပြီဖြစ်တဲ့အတွက် Googel နဲ့ Hershey တို့ တိကျတဲ့သဘောတူညီမှုတစ်ရပ်ကိုရရှိထားပြီဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။ အမည်အသုံးပြုခွင့်အတွက် Googel အနေနဲ့ Hershey ကို ငွေကြေးဘယ်လောက်ပေးခဲ့ရသလဲဆိုတာတော့ မသိရပါဘူး။ နောက်ဆက်တွဲသတင်းတွေအရတော့ Google ဘက်က ငွေကြေးတစ်စုံတစ်ရာမပေးရတဲ့ သဘောတူညီချက်ဖြစ်တယ်လို့ဆိုထားပါသေးတယ်။ ကုမ္ပဏီ ၂ ခုရဲ့ကုန်အမှတ်တံဆိပ်ကို အပြန်အလှန်အကျိုးအတွက် သဘောတူညီအသုံးပြုတဲ့သဘောမျိုးပဲဖြစ်ပါတယ်။ မူရင်းကုမ္ပဏီဖြစ်တဲ့ Nestle ကတော့ Android ရဲ့လာဘ်ကောင်ရုပ်ကို KitKat တံဆိပ်ပါချောကလပ်အခုပေါင်း သန်း ၅၀ ကျော်မှာ ရိုက်နှိပ်အသုံးပြုကာ လူသိရှင်ကြားဖြစ်အောင်လုပ်ဆောင်ဖြန့်ဖြူးသွားမှာဖြစ်ပါတယ်။ ဈေးကွက် ၁၉ အထိပေးပို့သွားဖို့ရှိပြီး ဒီအထဲမှာ UK၊ အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယ၊ ဂျပန်နဲ့ရုရှားနိုင်ငံတို့ပါပါဝင်ပါလိမ့်မယ်။ ဒီ KitKat ချောကလက်စားသုံးသူအသက်အရွယ်ကိုကြည့်လိုက်မယ်ဆိုရင် ၁၈ နှစ်ကနေ ၃၄ နှစ်အတွင်းမှာ အများဆုံးရှိနေကြလို့ Google ရဲ့သစ်လွင်တဲ့ Mobile OS သစ်နဲ့ လိုက်ဖက်မယ်ဆိုပြီး KitKat တာဝန်ရှိသူ Ms.Podhajsky က ပြောဆိုသွားခဲ့ပါသေးတယ်။ Google ဟာ Mobile OS သစ်ရဲ့အမည်ကိုပဲ အဓိကမိတ်ဆက်သွားတာဖြစ်ပြီး feature ပိုင်းတွေအတွက်တော့ ဘာမှမပြောသေးပါဘူး။ လာမယ့်အောက်တိုဘာမှာ ဒီ OS သစ်ကို feature ပိုင်းတွေနဲ့တကွ မိတ်ဆက်လာဖို့မျှော်လင့်ရပါတယ်။




# Toshiba 8-inch Encore Tablet




Toshiba ဟာ IFA ပြပွဲမှာ Encore အမည်ရှိ Windows 8.1 tablet တစ်လုံးကိုမိတ်ဆက်သွားခဲ့ပါတယ်။ ထူးခြားတာက Intel ကနောက်ဆုံးထုတ်လုပ်လိုက်တဲ့ processor အတန်းအစား Bay Trail ကိုသုံးကာ ချပြလိုက်တဲ့အချက်ပဲဖြစ်ပါတယ်။ ဒီလိုသုံးထားတဲ့အတွက် အရင် desktop အဟောင်းမှာသုံးထားတဲ့ Windows app တွေအားလုံးကို run ပေးနိုင်တဲ့ အားသာချက်ကိုရရှိမှာဖြစ်ပါတယ်။ Intel ကမိတ်ဆက်ပေးထားတဲ့အတိုင်းပဲ သူတို့ရဲ့ Bay Trail chip ဟာ အရင်ထုတ်ထားတဲ့ Clover Trail chip ထက် စွမ်းအင်သုံးစွဲမှုထက်ဝက်လျှော့ချပေးနိုင်မှာဖြစ်သလို performance စွမ်းဆောင်မှုအပိုင်းမှာလည်း 50% ကနေ 60% အထိတိုးတက်လာဦးမှာဖြစ်ပါတယ်။ ဒီလို chip ကိုအသုံးပြုထားတဲ့ ပထမဆုံး Windows 8.1 tablet တစ်လုံးပဲဖြစ်ပြီး Acer Iconia W3 tablet ရဲ့အဓိကပြိုင်ဘက်ဖြစ်လာမယ်လို့ သုံးသပ်ထားကြပါတယ်။ resolution ပိုင်းမှာလည်း Iconia W3 လိုပဲ 1280x800 pixel ကိုပဲသုံးထားပြီး display ပိုင်းမှာတော့ TFT IPS display နည်းပညာကို အသုံးပြုထားလို့ wide viewing angle ကိုကောင်းကောင်းထောက်ပံ့ပေးနိုင်ပါတယ်။ နောက်ကင်မရာက 8MP ရှိပြီး ရှေ့ကင်မရာကတော့ 2MP ရှိမှာဖြစ်ပါတယ်။ stereo speaker, Instant Go, GPS စနစ်တွေအားလုံးပါဝင်မှာဖြစ်သလို Microsoft ရဲ့ Office Home & Student 2013 software ကိုပါသုံးနိုင်မှာဖြစ်ပါတယ်။ Toshiba Encore tablet ဟာ 32GB storage နဲ့ထွက်လာမှာဖြစ်ပြီး microSD slot ထောက်ပံ့ထားလို့ နောက်ထပ် 32GB ကိုထည့်သွင်းအသုံးပြုနိုင်ပါလိမ့်မယ်။ connectivity ပိုင်းအတွက် micro HDMI အပါအဝင် စုံစုံလင်လင်တပ်ဆင်ပေးထားပြီး ဈေးနှုန်းကတော့ ဒေါ်လာ ၃၃၀ လောက်ကျသင့်ပါလိမ့်မယ်။ Windows 8.1 က အောက်တိုဘာမှ တရားဝင်ထွက်မှာဖြစ်လို့ အဲ့ဒီ OS သုံးထားတဲ့အချက်ကြောင့် Encore tablet ဟာ နိုဝင်ဘာရောက်မှ ဈေးကွက်ထဲဝင်လာဖို့ရှိပါတယ်။




## Local News

### Sony အမှတ်တံဆိပ် Memory Card, External Hardisk, USB Charger များကို မိတ်ဆက်ပြသခဲ့

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော RME Seminar ၌ TMW Enterprise Limited မှ ဖြန့်ချိပေးလျက်ရှိသော Sony အမှတ်တံဆိပ် Memory Stick, External Hardisk နှင့် အသစ်ထပ်မံထုတ်လုပ်လိုက်သော USB Charger များကိုမိတ်ဆက်ပြသခဲ့ကြောင်းသိရှိရသည်။ ယခုအသစ်ထွက်ရှိလာသော USB Charger များသည် အကြိမ် ၁၀၀၀ ခန့် ပြန်လည်အားသွင်းအသုံးပြုနိုင်ပြီး တစ်ကြိမ်အားသွင်းထားလျှင် တစ်နှစ်ကြာသောအချိန်အထိ Power များ ထိန်းသိမ်းနိုင်သည်။ USB Charger (mAh 7000 & 10000) များတွင် output USB Port ၂ ခုပါရှိသောကြောင့် မိမိတို့၏ Device များကို တစ်ပြိုင်နက်အားသွင်းနိုင်ကာ Automatic Cut off system လည်းပါရှိသည်။ ထို့အပြင် External Harddisk နှင့် Memory Stick များတွင် USB 3.0, Recover damaged files with file Rescue and "X pict Story ™" စသော နောက်ဆုံးပေါ်နည်းပညာများပါဝင်သည်။ Sony မှထုတ်လုပ်သော External Harddisk များကို ၃ နှစ်အာမခံနှင့် Memory Stick များကို ၅ နှစ်အာမခံတို့ဖြင့်ရောင်းချပေးသွားမည်ဖြစ်သည်။ External Harddisk များနှင့် Smart Phone များတွင် အသုံးပြုနိုင်သောအရည်အသွေးမြင့် USB Charger များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းသိရှိရသည်။

### MSI Gaming Mouse ဝယ်ယူသူတိုင်းအား Vakok Online Game မှ အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်မည်

မြန်မာနိုင်ငံအတွင်း ရောင်းအားအကောင်းဆုံးသော Gaming Notebook အမျိုးအစားဖြစ်သည့် MSI အမှတ်တံဆိပ် Notebook များကို ဝယ်ယူလိုသူများအနေဖြင့် ယခုစက်တင်ဘာလ ၁၀ ရက်နေ့ (အင်္ဂါနေ့) မှစ၍ အမှတ်တရလက်ဆောင်များရယူပြီး ဝယ်ယူအားပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။

MSI Brand ၏ Promotion အစီအစဉ်မှာ MSI Gaming Notebook ဝယ်ယူအားပေးသူများအတွက် Vakok Online Game မှ Vakok ID Card၊ Top-Up Card (for 1 month)၊ MSI Gaming Mouse နှင့် Gaming Mouse Pad များကို ပြန်လည်လက်ဆောင်ပေးအပ်သွားရန်စီစဉ်ထားခြင်းဖြစ်သည်။

P.P

# Electronic Guide

Audio Collection | Electronic Collection | Electronic Gadgets & Prices

OUR SELECTED MARKET COLLECTIONS




### Kangaroo Instant Kettle Model No. KG 333

38,000/-

Kangaroo အမှတ်တံဆိပ် Instant Kettle ဖြစ်ပြီး အသုံးပြုရလွယ်ကူ ရိုးရှင်းပါတယ်။ ကျိုချက်နိုင်တဲ့ ရေပမာဏက ၁.၇ လီတာဖြစ်ပြီး အသုံးပြုနေစဉ် မတော်တဆအပူလောင်ခြင်းမရှိအောင် အပူကာပစ္စည်းများ ထည့်သွင်းတည်ဆောက်ထားပါတယ်။ filter တစ်ခုပါရှိပြီး စွမ်းအင်သုံးစွဲမှုက 2200W ဖြစ်ပါတယ်။ ရေနွေးပူလောင်ခြင်း မတော်တဆမဖြစ်အောင် safety lock lid ကို အသုံးပြုထားပြီး ရေပမာဏကို ကြည့်ရှုနိုင်ဖို့ External water level indicator က ညွှန်ပြပေးနိုင်ပါတယ်။ ပလပ်ကြိုးအလွယ်တကူ သိမ်းဆည်းဖို့ cord storage ပါရှိပြီး အဖြူရောင်သုံးထားတဲ့ ရိုးရှင်းတဲ့ ဒီဇိုင်းပုံစံမျိုးဖြစ်ပါတယ်။ ဈေးနှုန်းသင့်တင့်မှုရှိပြီး on/off switch, overheat protection စတာတွေလည်း ပါဝင်ပါတယ်။

Infinity | 01-249162, 01-8610454




### Master Water Dispenser Model No. MWD- CR 9900

105,000/-

ဂျပန်ကွာလတီနဲ့ ထုတ်လုပ်ထားတဲ့ master အမှတ်တံဆိပ် water dispenser စက်ဖြစ်ပြီး stainless steel ဖြင့်ပြုလုပ်ထားပါတယ်။ Hot & Normal & Cold အသုံးပြုနိုင်ပြီး အောက်ဘက်မှာ ရေခဲသေတ္တာအခန်းငယ်လေးတစ်ခုပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Hot water 90 ˚C နှင့် ငါးလီတာဝင်ဆံ့ပြီး၊ Cold water 10 ˚C နှင့် တစ်လီတာဝင်ဆံ့မှာဖြစ်တယ်။ Cooling System 150W နှင့် heating System 420W ကို အသုံးပြုထားပါတယ်။ ရေခဲသေတ္တာနှင့် dispenser နှစ်မျိုးအတွက် 570 W ကိုအသုံးပြုထားပြီး Compressor Cooling အသုံးပြုထားသောကြောင့် အပူ၊ အအေးကို မြန်ဆန်စေမှာဖြစ်တယ်။ 1 year warranty ပေးထားပြီး အနီနှင့် အပြာရောင်နှစ်မျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

Multi World | 01-374188

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more



### Kangaroo R.O water Purifier (Sixth Filter)

18,000/-

Kangaroo R.O water Purifier မှာ အသုံးပြုရမယ့် Sixth Filter far infrared Ray ceramic ball ဖြစ်ပါတယ်။ sixth filter က ရေမော်လီကျူးအစုတွေကို သီးသန့်ခွဲထုတ်ခြင်းကို လုပ်ဆောင်ပြီး အသားအရေခြောက်သွေ့မှု ကာကွယ်ခြင်း၊ အိုမင်းရင့်ရော်မှု ကာကွယ်ခြင်း အကျိုးကျေးဇူးတွေ ရရှိစေပါတယ်။ ceramic ball က ၈ ဆကနေ ၁၂ ဆလောက်ထိသေးငယ်တဲ့ infrared ray တွေ လွှတ်ထုတ်ခြင်းဖြင့် ရေမော်လီကျူးအစုတွေကို သီးခြားခွဲထုတ်ပေးပါတယ်။ ရေမော်လီကျူးတွေကို ခွဲထုတ်လိုက်တဲ့ရလဒ်အနေနဲ့ negative ions တွေကို လျှပ်စစ်သုံးဓာတ်ခွဲလိုက်ခြင်းဖြင့် ရေထဲမှာ အောက်စီဂျင်ဓာတ်တိုးစေပါတယ်။ အဲလို Activated water ကို သောက်ခြင်းဖြင့် ခန္ဓာကိုယ်ခြောက်သွေ့ခြင်းနဲ့ အိုမင်းရင့်ရော်မှုတွေကို ကာကွယ်ပေးပါတယ်။ အသုံးပြုတဲ့ ရေအမျိုးအစားပေါ်မူတည်ပြီး တစ်နှစ်တစ်ခါ လဲလှယ်ရမှာဖြစ်ပါတယ်။ အသုံးပြုနိုင်တဲ့ ရေပမာဏကတော့ ၇၂,၀၀၀ လီတာဖြစ်ပါတယ်။

Infinity | 01-249162, 01-8610454




### Kangaroo R.O water Purifier (Seventh Filter)

23,000/-

Kangaroo R.O water Purifier ရဲ့ Seventh Filter (Alkaline filter) ဖြစ်ပြီး အက်ဆစ်ဓာတ်ရှိတဲ့ရေကို weak အယ်ကာလိုင်အဖြစ်ပြောင်းပေးပြီး PH level ညှိပေးကာ ionized calcium တွေထုတ်ပေးခြင်းကို လုပ်ဆောင်ပေးတာဖြစ်ပါတယ်။ ရေကို သန့်စင်ပေးပြီး PH ကို ညှိပေးတဲ့အပြင် အကျိုးပြုဓာတ်သတ္တုများ ဖြည့်ပေးခြင်း၊ အောက်စီဂျင်ဓာတ်တိုးစေခြင်း၊ ionized calcium ထုတ်ပေးခြင်းဖြင့် ကျန်းမာတဲ့ခန္ဓာကိုယ် ရရှိဖို့အတွက် အပြည့်အဝ လုပ်ဆောင်ပေးပါတယ်။ ၂ နှစ် တစ်ခါ လဲလှယ်ရမှာဖြစ်ပြီး အဓိက, ကတော့ အသုံးပြုတဲ့ရေအမျိုးအစားပေါ် မူတည်ပါတယ်။ သုံးနိုင်တဲ့ ရေပမာဏကတော့ လီတာ ၈၀,၀၀၀ ဖြစ်ပါတယ်။

Infinity | 01-249162, 01-8610454

### Kangaroo Electric Water Heater Model No. KG 60

152,000/- (including installation)




Kangaroo Electric Water Heater က ၁၀မိနစ်အတွင်းမှာ ရေပူရရှိအောင် စွမ်းဆောင်နိုင်ပါတယ်။ စွမ်းအင်သုံးစွဲမှုက Watt 2400 ဖြစ်ပြီး အမြင့်ဆုံးအပူချိန်က 75˚ ဖြစ်ပါတယ်။ Inner tank အထူက 1.8mm ရှိပြီး တိုင်ကီအမျိုးအစားက horizontal ဖြစ်ပါတယ်။ အလေးချိန်ကတော့ 19.5 Kg ရှိပါတယ်။ Inner tank ကို synthetic Diamond coated ကိုအသုံးပြုထားပြီး တာရှည်ခံ အသုံးပြုနိုင်အောင် လုပ်ဆောင်ထားတဲ့အပြင် မြန်မြန်ပူအောင်နဲ့ အပူတာရှည်ခံအောင် စွမ်းဆောင်နိုင်ပါတယ်။ Double inner tank ထည့်သွင်းပေးထားတဲ့အတွက် တစ်ချိန်တည်းမှာ tank နှစ်ခုလုံးသုံးနိုင်ပါတယ်။ tank တစ်ခုကို ၁၆ လီတာ ဝင်ဆံ့ပြီး 50% သောစွမ်းအင်ကို အသုံးပြုပါတယ်။ tank နှစ်ခုဆို ၃၂ လီတာကို 100% စွမ်းအင်အသုံးပြုနိုင်တဲ့အတွက် အရေအတွက် ၆ ဦးရှိတဲ့ မိသားစုတွေလိုအပ်တဲ့ ရေပူကို လိုအပ်တဲ့အချိန်မှာ တစ်ခါတည်းရနိုင်ပါတယ်။ မဂ္ဂနီဆီယမ် bar က သံချေး၊ သဲ၊ ကျောက်တုံး၊ ထုံးစတာတွေကို စုပ်ယူပြီး tank အတွင်းရှိ ရေအရည်အသွေးကို ကောင်းမွန်စေပါတယ်။ inner tank and heating element ကို ၅ နှစ်အာမခံပေးထားပြီး အခြားအီလက်ထရစ်အစိတ်အပိုင်းအတွက် တစ်နှစ်အာမခံပေးထားပါတယ်။

Infinity | 01-249162, 01-8610454

### Kangaroo Instant Kettle Model No. KG 347

35,000/-



Kangaroo Instant Kettle က 2200W အသုံးပြုပြီး ဒီဇိုင်းသေသပ်မှုရှိကာ အလွှာနှစ်ထပ် ထည့်သွင်းတည်ဆောက်ထားပါတယ်။ ရေနွေးကျိုနေတဲ့အချိန်မှာ အပူလွန်ကဲမှုမဖြစ်အောင် ကာကွယ်ပေးထားပါတယ်။ ကျိုချက်နိုင်တဲ့ ရေပမာဏကတော့ ၁.၇ လီတာဖြစ်ပြီး အသုံးပြုနေစဉ်အတွင်း အပူဒဏ်ကြောင့် မတော်တဆထိခိုက်မှုမဖြစ်စေရန် အပူကာပစ္စည်းများနဲ့ ထည့်သွင်းတည်ဆောက်ထားပါတယ်။ အဖြူရောင်နဲ့ ငွေရောင် ရောစပ်ထားတဲ့ ဒီဇိုင်းပုံစံရှိပြီး ရေပမာဏကို ဖော်ပြပေးတဲ့စနစ်လည်း ပါရှိပါတယ်။ Cord storage ပါရှိတဲ့အတွက် သိမ်းဆည်းရလွယ်ကူစေမှာဖြစ်ပါတယ်။

Infinity | 01-249162, 01-8610454

Ks 100,000



## 1. Sony Blue - Ray Player
Model No.S1100

- Full HD (1920 x 1080p)
- Triluminos Colour
- Easy System Menu
- Sony Entertainment Network
- High Speed HDMI Cable Included

Phone : 09-73240123
(Multi Generation Electronics)

Ks 83,000



## 2. Master Ari Cooler
Model No. 1253CR-M (Bubble)

- Voltage : 220 ~ 240 V, 50 Hz
- Power : 125 W
- Serial No : MACM0000293B

Phone : 01-374188, 389688, 398046
(Multi World Electronics)

Ks 105,000



## 3. Master Air Conditioner
Model No. MASIU-C9RR (FS)

- Rated Volt : 220 ~ 240V, 50Hz
- Rated power input : 900W
- Max power input : 1170W
- High Pressure : 2.8 MPa
- Low Pressure : 1.2 Mpa

Phone : 01-374188, 389688, 398046
(Multi World Electronics)

Ks 210,000



## 4. Master Air Conditioner
Model No. MASIU-C12RR(FW)

- Rate Volt : 220 ~ 240 V, 50 Hz
- Rated Power Input : 1200 W
- Max Power Input : 1560W
- High Pressure : 2.8 MPa
- Low Pressure : 1.2 MPa

Phone : 01-374188, 389688, 398046
(Multi World Electronics)

Ks 65,000



## 5. Master Mist Fan
Model No. MMF-812(BK) 80MIR

- Voltage : 220 ~ 240 V, 50Hz
- Power : 80 W

Phone : 01-374188, 389688, 398046
(Multi World Electronics)

# ELECTRONIC COLLECTION

## 1. Sharp 2 Door Refrigerator
Model No. SJS - 192K

- Express I/O Making Function
- Energy Efficient LED Lighting
- Ag+ Nano Deodorizer
- Tempered Glass Shelf
- Key Function

Phone : 01-252990, 252991
(Samsung AA Electronics)



Ks 244,000

## 2. TOSHIBA 1 Door Refrigerator
Model No. GR-1834

- Power (V ~ / Hz) - 220V / 50Hz
- Volume Liter - 185.4 / CU.FT - 6.6
- Cooling System - Super direct cool
- Temperature Control - Automatic
- Defrost System - Semi - Automatic

Phone : 01-252990, 252991
(Samsung AA Electronics)



Ks 214,500

## 3. Samsung 23" LED TV
Model No. UA23F4003

- Resolution : 1366 x 768
- Clear Motion Rate : 100Hz
- Hyper Real Engine
- Wide Color Enhancer

Phone : 09-73240123
(Multi Generation Electronics)



Ks 165,000

## 4. Sony 60" 3D Smart TV
Model No. KDL - 60R550

- Full HD / Motion Flow XR 200
- Clear Resolution Enhancer
- Sound Booster
- Internet TV / Wi Fi Certified
- Screen Mirroring
- Free Sony 3D Glass (4) Pcs

Phone : 09-73240123
(Multi Generation Electronics)



Ks 1,800,000

## 5. LG Twin Tub Washer
Model No. WP - 999RT

- Capacity : 8.0 Kg
- Roller Jet Punch + 3
- Wind Jet Dry
- Anti - Rust Resin

Phone : 09-73240123
(Multi Generation Electronics)



Ks 160,000

## 6. LG 42" Full HD LED TV
Model No. 42LN5120 (2013 New Model)

- Triple XD Engine
- IPS LED Panel
- USB Playback
- Built in speaker with 10W
- Narrow Bezel

Phone : 09-73240123
(Multi Generation Electronics)



Ks 425,000

Ks 210,000



## 6. Nikon Camera
Model No. S9300

- Great zoom range
- Fast autofocus
- Reliable white balance
- High quality screen
- GPS capability
- 18x wide optical zoom

Phone : 01-202755, 290295 (Daw Aye)

Ks 157,000



## 8. Canon Camera
Model No. SX160

- Low Cost
- Long zoom
- High resolution
- Manual control options
- 16.0 megapixles
- 16x optical zoom

Phone : 01-202755, 290295 (Daw Aye)

Ks 367,000



## 10. Nikon Camera
Model No. P520

- 18.1MP sensor
- 42x optical zoom
- ISO 100 - 3200 (extendable to 12,800)
- 1920x1080p HD video capture at 30fps
- Massive zoom lens
- First class LCD screen

Phone : 01-202756, 290295 (Daw Aye)

Ks 50,000



## 12. Panasonic Juicer
Model No. MJ - 68M

- Category : Appliances
- Product type : juice extractor
- Power : 200 watts, Centrifugal Juicer
- Motor : 12500 RM
- Speed control : 1+ pluses
- Built-in circuit breaker
- Safely lock clamp, Stainless steel spinner

Phone : 01-374188, 389688, 398046
(Multi World Electronics)

Ks 24,000



## 14. Philips Iron
Model No. GC1903

- Type : steam
- Water Tank capacity : 180ml
- Power consumption : 1440W
- Swivel cord
- Self Clean Facility

Phone : 01-256501, 256504 (e-mart)

Ks 36,000



## 7. Philips Iron
Model No. GC1990/26

- Water tank capacity : 180ml
- Button groove : up ironing along buttons and seams
- Power : 1700W, Voltage : 220V
- Frequency : 50~60Hz
- Dimesions : 26.1 x 11.5 x 13.6 cm
- Weight : 1.06 kg

Phone : 01-256501, 256504 (e-mart)

Ks 22,000



## 9. Philips Iron
Model No. GC148/37

- Lightweight, quality iron
- Easy gliding on all fabrics
- Reaches into tricky areas
- Iron temperature - ready light
- Easy setup and storage

Phone : 01-256501, 256504 (e-mart)

Ks 606,500



## 11. BOSCH Radiant Hob (60CM)
Model No. PKK 651T14E

- 3 Radiant - cooking zones
- left dual-circuit cooking zone : 2.7 KW, 2KW
- Rear Right : 1.2KW, Front Right : 2KW, 0.8KW
- Variable 17 stages power setting for each zone
- zone extension activation with a touch sensor
- Kitchen timer with buzzer
- Timer limit automatic shut off function

Phone : 01-256501, 256504 (e-mart)

Ks 130,000



## 13. BOSCH Hand Stick Cleaner
Model No. BBHMOVE2

- Black
- 2 in 1 : Handheld and handstick in one appliance
- Able to stand free without holder or docking station
- Space saving foldability
- Washer filter

Phone : 01-256501, 256504 (e-mart)

Ks 118,600



## 15. BOSCH Vacuum Cleaner
Model No. BSD3023GB

- Input power : 2000 W
- Dust bag capacity : 4L
- Variable suction control
- Automatic cable rewind
- Ergo grip handle
- 2 large fixed wheels / swivel wheel

Phone : 01-256501, 256504 (e-mart)

# AUDIO REVIEWS

## Yamaha RX-V1067

Digital Home Theater Receiver ဖြစ်ပြီး၊ အကြမ်းခံတယ်၊ ပြောင်လက်တောက်ပနေတဲ့ကိုယ်ထည်ကို သုံးထားတယ်။ ကိုယ်ထည်က ကြီးမားခန့်ထည်မှုရှိပြီး၊ အပူဒဏ်နဲ့တုန်ခါမှုကို ကာကွယ်ပေးနိုင်တဲ့ heat sink စနစ်ကို သုံးထားတာပါ။ စပီကာ ၉ လုံးပါပြီး၊ setup option တွေ အများကြီးပေးထားပါတယ်။ အသံချဲ့အားကောင်းသလို ကြည်လင်ပြတ်သားတဲ့အသံကို ထုတ်ပေးနိုင်ပါတယ်။ ဗီဒီယိုတွေ၊ သီချင်းတွေကို အသံအားအကောင်းဆုံးချဲ့ပေးနိုင်တဲ့ reveiver ပါ။ 7.2 channel စနစ်ဖြစ်ပြီး၊ channel တစ်ခုစီမှာအသံအား 120-watt ထုတ်ပေးနိုင်ပါတယ်။ LCD display ပါပြီး ဘယ်အစီအစဉ်ကို နားဆင်ခံစားနေတယ်ဆိုတာကို ဒီဂျစ်တယ်စာလုံးနဲ့ ပြပေးပါတယ်။ Remote control ကအသံချိန်ညှိတာ၊ channel ရွေးတာကို အဝေးကနေလှမ်းပြီး ထိန်းချုပ်နိုင်မှာပါ။ Receiver ရဲ့ နောက်ဘက်မှာဆိုရင်လည်း port တွေ အများအပြားပါပါတယ်။ HDMI input ၈ ခုရှိပြီး၊ HDTV တွေနဲ့ ချိတ်ဆက်သုံးနိုင်ပါတယ်။ Ethernet port ပါလို့ DLNA device တွေနဲ့ချိတ်ဆက်ကာ web-base ရေဒီယိုအသံလွှင့်ဌာနတွေ အမြောက်အမြားကို ချိတ်ဆက်နိုင်ပါလိမ့်မယ်။ နားကြပ်နဲ့လည်းတွဲသုံးနိုင်ပါတယ်။ FM/AM tuner နဲ့အတူ ရေဒီယိုလိုင်းတွေကိုလည်း ဖမ်းယူနိုင်တယ်။ အလိုအလျောက်အသံစံကိုက်ညှိနိုင်တဲ့ YPAO စနစ်ကလည်း စပီကာ level နဲ့ သင့်တော်တဲ့ sound effect ကို ရရှိမှာပါ။ အမြင့်သံကို ပီသစွာထုတ်ပေးနိုင်ပြီး၊ အသံတစ်ခန်းလုံးလွှမ်းအောင်လွှင့်နိုင်ပါတယ်။ ပြောင်းလွယ်ပြင်လွယ်တဲ့ စပီကာစနစ်ဖြစ်ပြီး 7.1 mode ကို သုံးနေရင်းကနေ ရုပ်ရှင်ကြည့်တဲ့အခါ ပိုမိုသင့်တော်တဲ့ နောက်ဘက်အရံစပီကာကို ပြောင်းသုံးနိုင်ပါတယ်။ USB port ပါပြီး၊ portable audio player, flash drive တို့လည်းသုံးနိုင်မှာပါ။




Hi-Fi Showroom | Ph : 01-248079

## PSB T6

PSB T6 ဟာ မြင့်မားသွယ်လျတဲ့ကိုယ်ထည်ရှိပြီး အဆန်းသစ်ဆုံးဒီဇိုင်းတွေနဲ့ ဖန်တီးထားတဲ့ မတ်တပ် Tower စပီကာအမျိုးအစားပဲ ဖြစ်ပါတယ်။ Three-way ဒီဇိုင်းဖြစ်ပြီး 5.25-inch self-contained modrange driver ကိုထည့်သွင်းပေးထားတာကြောင့် အသံစွမ်းအားပြည့်ဝမှုကို အမြင့်ဆုံးအနေအထားထိ ခံစားနိုင်မှာပါ။ ဒါ့အပြင် 6.5-inch woofers ၂ ခုနဲ့ 1-inch titanium-dome tweeter ကလည်း အသံအရည်အသွေးအဆင့်မြင့်မားဖို့အတွက် အကောင်းဆုံးပံ့ပိုးပေးထားနိုင်ပါတယ်။ 500 Hz နဲ့ 2.2 kHz နှုန်းရှိတဲ့ အသံအကူးအပြောင်းကြိမ်နှုန်းအားတွေကို ရရှိနိုင်မှာဖြစ်ပြီး Bass သံတွေကလည်း ကြိမ်နှုန်းတုန့်ပြန်မှုပေါ်လိုက်ပြီး သဟဇာတဖြစ်အောင် အကောင်းဆုံးထုတ်လွှတ်ပေးနိုင်ပါတယ်။ ပါဝါသုံးစွဲမှုပမာဏကတော့ အများဆုံး 200 Watt ကနေ အနည်းဆုံး 20 Watt အထိရှိပါတယ်။ အသံတုန့်ပြန်အား 89dB အပြည့်အဝရရှိခံစားနိုင်မှာဖြစ်ပါတယ်။ လျှပ်စီးကြောင်းဟန့်တားနိုင်မှုကပုံမှန်အားဖြင့် 6 ohms ရှိပြီး အနိမ့်ဆုံး 4 ohms ရှိပါတယ်။ နောက်ထပ်ဆန်းသစ်တဲ့အဆင့်မြင့် features တွေကိုလည်း ထည့်သွင်းပေးထားပါတယ်။ အရည်အသွေးမြင့်မားပြီး နေရာစားသက်သာတဲ့အပြင် ဈေးနှုန်းသင့်တင့်မျှတမှုရှိတာကြောင့် အလွန်အသုံးပြုသင့်တဲ့စပီကာ ဖြစ်ပါတယ်။




Super Crown | Ph : 09-5100300

## Yamaha NS B750

Yamaha NS B750 ဟာ အံ့မခန်းဖွယ်ရာကောင်းလောက်အောင် အရည်အသွေးမြင့်အသံတွေကို ထုတ်လွှတ်ပေးနိုင်ပြီး သပ်ရပ်ကောင်းမွန်တဲ့စပီကာပဲဖြစ်ပါတယ်။ အတွင်းထဲမှာအသုံးပြုထားတဲ့ ပစ္စည်းကိရိယာတွေက အလွန်အဆင့်မြင့်ပြီး ဆန်းသစ်မှုလည်းရှိပါတယ်။ A-PMD cone ပါရှိတဲ့ 5-inch subwoofer နဲ့ DC-dome ပါရှိတဲ့ 1-inch tweeter ကိုထောက်ပံ့ပေးထားပြီး ဘယ်တေးသီချင်းသံစဉ်များနဲ့မဆို လိုက်ဖက်မှုရှိအောင် ပြောင်းလဲနိုင်တဲ့အပြင် တင်ဆက်ပြသမှုတွေကို ပြုလုပ်တဲ့အခါမှာလည်း အသုံးပြုရတာအလွန်အဆင်ပြေပါတယ်။ ဒီစပီကာဟာ bi-amping / bi-wiring apps တွေနဲ့လည်း တွဲဖက်သုံးနိုင်ပါတယ်။ Bass သံကို ကောင်းကောင်းထုတ်ပေးနိုင်တဲ့ 2-way စပီကာအမျိုးအစားပဲဖြစ်ပြီး Three-way mitered-joint construction ဖြစ်ပါတယ်။ တုံ့ပြန်ထုတ်ပေးနိုင်တဲ့ အသံကြိမ်နှုန်းအားက 60 Hz-50kHz ဖြစ်တဲ့အပြင် အသံကူးပြောင်းတဲ့အခါမှာ ထွက်ပေါ်လာမယ့် အသံကြိမ်နှုန်းအားက 4kHz ဖြစ်ပါတယ်။ ပါဝါသုံးစွဲမှုပမာဏက အများဆုံး 120 Watt ကနေ အနည်းဆုံး 30Watt အထိရှိပါတယ်။ အရည်အသွေးပိုင်းကလည်း စွမ်းအားပြည့်ဝပြီး ပုံစံလေးကလည်း ဆန်းသစ်တဲ့ တြာပီဇီယံပုံလေးဖြစ်တာကြောင့် ဝယ်ယူအသုံးပြုသင့်တဲ့ပစ္စည်းလေး ဖြစ်ပါတယ်။




Hi-Fi Showroom | Ph : 01-248079

## Panasonic DVD HT (Home Theatre System)

Panasonic ရဲ့အဆင့်မြင့် DVD Home theatre တစ်စုံဖြစ်ပါတယ်။ စပီကာ ၆ လုံးနဲ့ DVD Player တို့ဖြစ်ပါတယ်။ 20cm woofer ကနေ ကြည်လင်ပြတ်သားတဲ့ ဘယ်သံထုတ်ပေးမှုနဲ့အတူ ဇာတ်လမ်း၊ တေးသီချင်းတွေကို အသံအားကောင်းကောင်းနဲ့ ခံစားနိုင်ပါလိမ့်မယ်။ စပီကာ ၆ လုံးစနစ်ဖြစ်ပြီး၊ မတ်တတ်စပီကာအရှည် ၄ လုံးနဲ့ အသေး ၂ လုံးဖြစ်ပါတယ်။ 5.1 front layout ပုံစံဖြစ်ပြီး စပီကာအရှည် ၄ လုံးကို တီဗွီရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ထားသုံးကာ၊ အသေးဆုံးတစ်လုံးကို အလယ်မှာထားပြီး subwoofer ကိုနံရံမှာကပ်ပြီး သုံးခြင်းဖြင့် အသံတစ်ခန်းလုံးလွှမ်းအောင်ထုတ်ပေးနိုင်ပါတယ်။ Subwoofer စပီကာကို နံရံမှာကပ်သုံးတာက အခန်းကိုနေရာစားသက်သာသလို စတိုင်လ်ကျလှပပါတယ်။ အသံအားထုတ်ပေးနိုင်မှုစုစုပေါင်းအားက 1000-watt ရှိပြီး၊ Dolby Digital mode, Dolby Pro Logic II mode တွေရရှိပါတယ်။ စပီကာအရှည် ၄ လုံးမှာ 6.5cm Cone Type Super Tweeter တွေသုံးထားပြီး Subwoofer မှာတော့ 20cm Cone Type woofer သုံးထားပါတယ်။ DVD player က USB port ပါတဲ့အတွက် USB device ထဲကပုံတွေ၊ ဗွီဒီယိုတွေ၊ သီချင်းတွေကို ဒီ player မှာ တိုက်ရိုက်ချိတ်ကြည့်နိုင်ပါတယ်။ HDMI Output, Video output, Optical Input, Analog Audio Input အပါအဝင် Mic Input နဲ့ HDMI cable လည်း ပါပါတယ်။ ပါဝါသုံးစွဲမှုက AC 220-240V ပါ။ ပုံမှန်သုံးစွဲမှုက 75-watt ဖြစ်ပြီး၊ Standby ထားမယ်ဆိုရင် 0.4-watt သာရှိပါတယ်။




Panasonic Showroom | Ph : 01-296578

## Panasonic DMP-BD79

BBC iPlayer, Netflix နဲ့ YouTube, Facebook, Twitter နဲ့ Picasa တို့လို online service တွေတွဲဖက်သုံးနိုင်တဲ့ Full-HD Blu-ray player ပါ။ Online service တွေနဲ့ တွဲသုံးနိုင်လို့ အင်တာနက်ဗီဒီယို၊ သီချင်းစတာတွေကို အလွယ်တကူခံစားနိုင်မှာပါ။ DLNA နဲ့ USB playback တို့လို feature တွေပံ့ပိုးထားပါတယ်။ Home network နဲ့ချိတ်ပြီးဖြစ်ဖြစ်၊ USB memory stick တပ်ပြီးဖြစ်ဖြစ် ဓာတ်ပုံ၊ သီချင်း၊ ဗွီဒီယိုတွေကို ကြည့်ရှုနိုင်မှာပါ။ ပုံတွေအတွက် JPEG format ရပြီး သီချင်းကို MP3, WMA နဲ့ ဗွီဒီယိုတွေကို MKV, MP4 format တွေနဲ့ကြည့်ရှုနိုင်ပါတယ်။ ပုံတွေကို အရည်အသွေးမြင့်မြင့်နဲ့ ကြည့်ရှုနိုင်ရုံသာမက DVD, CD တွေကို playback လုပ်နိုင်တဲ့ player ပါ။ ပုံတွေရော၊ ဗီဒီယိုတွေကိုပါ HD အရည်အသွေးပေးစွမ်းနိုင်ပါတယ်။ Windows 7 နဲ့အထက် PC တွေနဲ့ချိတ်ဆက်တဲ့အခါ ကြိုးနဲ့ (သို့) ကြိုးမဲ့စနစ်နဲ့ ချိတ်နိုင်ပါတယ်။ USB port ပါပြီး တခြား hard disk drive တွေနဲ့ တွဲသုံးနိုင်ပါတယ်။ Network ချိတ်ထားတဲ့ storage drive တွေ မှာ WAV, FLAC လိုမျိုး အရည်အသွေးမြင့် audio file တွေကို သိမ်းဆည်းထားချင်တယ်ဆိုရင်လည်း LAN network ကတဆင့်သုံးနိုင်သလို၊ Hi-Fi system က တစ်ဆင့်အကောင်းဆုံးအရည်အသွေးနဲ့ playback လုပ်နိုင်မှာပါ။ Ethernet port ပါပြီး၊ online နဲ့ network feature တွေအားလုံးကိုရယူသုံးစွဲနိုင်ပါလိမ့်မယ်။ ကိုယ်ပိုင်ပုံတွေကို သုံးပြီးတော့ ဒီ player ရဲ့ User Interface screen နောက်ခံကို ပြောင်းလဲနိုင်ပါတယ်။ Multi-User mode ဖြစ်ပြီး အသုံးပြုသူ ၄ ဦးကနေ ကိုယ်ပိုင် setting တွေသတ်မှတ်ပြီး သုံးနိုင်ပါတယ်။ Setting တွေကို အဝေးထိန်းခလုတ်ကနေတစ်ဆင့် ထိန်းချုပ်နိုင်ပါတယ်။




Panasonic Showroom | Ph : 01-292664

## KEF Q800ds

KEF Q800ds ဟာ ကိုယ်ထည်တစ်ခုတည်းနဲ့ စပီကာ ၂ ခုပုံစံမျိုးဖြစ်အောင် ဒီဇိုင်းဖန်တီးထားတဲ့ စပီကာပဲဖြစ်ပါတယ်။ Three-way dipole စပီကာအမျိုးအစားဖြစ်ပြီး စပီကာတစ်ခုစီမှာ 130mm (5.25-inch) Uni-Q driver တစ်ခုစီပါရှိတာကြောင့် အသံတွေကို စည်းချက်ညီညီထုတ်လွှတ်ပေးစွမ်းနိုင်ပါတယ်။ 1-inch vented alluminium dome HF ကိုထောက်ပံ့ပေးထားတဲ့အတွက် လူတွေရဲ့အသံတွေကိုလိုက်ပြီး ၄င်းတို့ရဲ့စိတ်ခံစားမှုအခြေအနေတွေအထိ အသေးစိတ်ကျလောက်အောင် ကြည်လင်ပြတ်သားစွာ သိရှိခံစားနိုင်ပါတယ်။ ဒါ့အပြင်စွဲမက်စရာကောင်းတဲ့ နောက်ဆုံးပေါ် Q400b sub- woofer လည်းပါရှိပါတယ်။ အရွယ်အစားကအနေတော်လေးဖြစ်ပြီး အောက်ဘက်မှာချထားနိုင်သလို နေရာစားသက်သာအောင် နံရံမှာလည်းချိတ်ဆွဲထားနိုင်ပါတယ်။ အသံကြိမ်နှုန်းတုန့်ပြန်မှုစွမ်းအား 100Hz-40 kHz ရှိပြီး အသံကူးပြောင်းကြိမ်နှုန်း 300Hz နဲ့ 2.5kHz ရှိပါတယ်။ ပါဝါသုံးစွဲမှု ပမာဏက အများဆုံး 100 Watt ကနေ အနည်းဆုံး 10 Watt အထိရှိနိုင်ပါတယ်။ အသံတုန့်ပြန်အားကို 85dB လောက်ထိခံစားနိုင်မှာဖြစ်ပြီးလျှပ်စီးကြောင်းဟန့်တားနိုင်မှုက 8 ohms ရှိပါတယ်။ ကားမောင်းနေရင်းနဲ့ အသုံးပြုမှာလား၊ တောအုပ်ထဲ၊ ပြပွဲခန်းမထဲမှာ အသုံးပြုမှာလားဆိုပြီး ကိုယ်နားဆင်နေတဲ့ နေရာအနေအထားပေါ်လိုက်ကာ ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြောင်းလဲအသုံးပြုနိုင်တဲ့ 3-D effects တွေလည်း ပါရှိပါတယ်။




Super Crown | Ph : 09-5100300

## ASUS N56VZ-S4247H

**Golden Power Technology**
**226664, 210943**

Performance အမြင့်ဆုံးကိုမှ သုံးချင်သူများနှင့် လုပအကြမ်းခံပြီး Warranty လည်းစိတ်ချရတဲ့ Asus N Series ထဲမှ Asus N56VZ-S4247H နဲ့ မိတ်ဆက်ချင်ပါတယ်။

Processor ကိုလည်း အမြင့်ဆုံး Core i7-3630QM-2.4GHz သုံးပေးထားပြီး memory 8GD3/1600 (up to 16G) ပါဝင်တဲ့အတွက် Software အမြင့်ပိုင်းတွေသုံးမယ်ဆိုရင်လည်း အဆင်ပြေစေပါတယ်။ HDD အနေနဲ့ Sata 1TB ပါဝင်တဲ့အတွက် data တော်တော်များများကိုလည်း Storage လုပ်နိုင်ပါတယ်။ Graphic ပိုင်းတွင်လည်း Storage လုပ်နိုင်ပါတယ်။

Graphic ပိုင်းတွင်လည်း Nvidia GT 650 M(2G/DDR3) ကလည်း Design သမားတွေ၊ Game ကစားချင်သူများနဲ့ တခြား Software အမြင့်ပိုင်း သုံးချင်သူတွေအတွက်လည်း ကြိုက်နှစ်သက်စေမှာပါ။ Blu-Ray DVDRW လည်းပါဝင်ပြီး Windows 8 ဖြစ်တဲ့အတွက် Windows 7 နဲ့မတူတဲ့ Feature တွေကိုလည်း ခံစားမှုပေးစွမ်းမှာပါ။

ရုံးသမားတွေ၊ accountant သမားတွေအတွက် 15.6" size ကလည်း numeric key ပါဝင်တဲ့အတွက် သုံးစွဲသူတွေကို လွယ်ကူလျင်မြန်စွာနဲ့ အလုပ်တွေကို ပြီးမြောက်စေပါတယ်။

Super Hybrid Engine technology ပါဝင်တဲ့အတွက် Power စားလည်း သက်သာစေပါတယ်။

Internet အသုံးပြုနိုင်မည့် Wifi စနစ်၊ အသံပိုင်းဆိုင်ရာမှာ ကြည်လင်ပြတ်သားပြီး ရသမျိုးစုံပေးစွမ်းနိုင်မယ့် Sonic Master Speaker အပြင် External Sub-Woofer ကလည်း အသံပိုင်းကို ပိုမိုကောင်းမွန်စွာ လုပ်ဆောင်ပေးပါတယ်။ Warranty အားဖြင့် ၃ နှစ်အာမခံ (၂ နှစ်ပစ္စည်းနှင့် လက်ခအခမဲ့+၁နှစ်လက်ခအခမဲ့) ဖြင့် ဝန်ဆောင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။




## Silicon Power, Blaze B10

**Golden Power Technology**
**226664, 210943**

တိုးတက်နေတဲ့ IT ခေတ်ထဲ မှာ Flash drive များကို လူတိုင်းနီးပါး သုံးလာကြပါတယ်။ ဆန်းသစ်တဲ့ design တွေနဲ့ လုပအကြမ်းခံသည့် Taiwan Brand တစ်ခုဖြစ်တဲ့ Blaze B10 Flash drive အား ဖော်ပြပေးပါမယ်။ USB 3.0 ပါဝင်တဲ့အတွက် data transfer တွေကိုလည်း USB 2.0 ထက် 10ဆ ပိုမိုမြန်ဆန်စေပါတယ်။ သူ့ရဲ့ထူးခြားချက်က Temperature ကို 31˚C ထက် ပိုမိုများသွားမယ်ဆိုရင် Flash drive ရဲ့ မျက်နှာပြင်တွင် Color changes ဖြစ်သွားတာကို တွေ့မြင်ရမှာပါ။ ထို့ကြောင့် သင့်ရဲ့ laptop ကို overheat ဖြစ်မဖြစ် ချက်ချင်းသိနိုင်ပါတယ်။ internal LED indicator မီးလုံးပါဝင်တဲ့အတွက် data တွေကို transfer လုပ်၊ မလုပ်ကိုလည်း သိရှိနိုင်ပါတယ်။ Color အနေနဲ့ Turkey Blue ကို သုံးပေးထားတဲ့အတွက် သုံးစွဲသူတွေကို ကြိုက်နှစ်သက်စေမှာပါ။ Warranty အားဖြင့်လည်း Lifetime ပေးထားတဲ့အတွက် သုံးစွဲသူတွေကို ယုံကြည်စိတ်ချမှု ရရှိစေမှာပါ။ Design ဆန်းသစ်မှု၊ လုပသေသပ်မှု၊ အကြမ်းခံပြီး လူကြိုက်များတဲ့ Blaze B10 ကို မိမိကြိုက်နှစ်သက်ရာရွေးချယ်၍ ကွန်ပျူတာဆိုင်များအများစုတွင် ဝယ်ယူရရှိနိုင်ပါသည်။




## ELECOM PC Carrying Bag

**Cyber Plus**
**227539, 221792, 73056483**

ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစု အများဆုံးရရှိထားပြီး ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသော ဂျပန်အရည်အသွေး၊ ဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားသည့် ELECOM အမှတ်တံဆိပ် "MACHIKOG" ဘေးလွယ်အိတ်လေးဖြစ်ပါတယ်။ လေထီးအသားဖြင့် ပြုလုပ်ထားတဲ့အတွက် သာမန်ရေစိုခံနိုင်မည့်အပြင် လွယ်အိတ်အတွင်းသို့ ရေစိမ့်ဝင်မှုကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ လွယ်အိတ်အတွင်း Notebook PC၊ Tablet PC အပြင် အခြားသေးငယ်တဲ့ အပိုပစ္စည်းများ ပါဝင်ထည့်သွင်းနိုင်ပါတယ်။ ဖြုတ်ရလွယ်သော အတွင်းအိတ်ငယ်ပါရှိပြီး Laptop၊ Tablet အရွယ်မရွေးထည့်နိုင်အောင် အရှင်ပြုလုပ်နိုင်သည့်အပြင် ကပ်ခွာပါရှိသည့်အတွက် Laptop၊ Tablet များကို တည်ငြိမ်အောင်ထိန်းထားနိုင်မှာလည်းဖြစ်ပါတယ်။ လွယ်အိတ်ကလေးရဲ့ အတွင်းပိုင်းမှာ ဖုန်း၊ adaptor စသည့် accessory များထားရှိနိုင်မည့် အိတ်ကပ်နှစ်ခုပါရှိပါတယ်။ Body နှင့် Fitting ဖြစ်စေရန် သိုင်းကြိုးလည်း ပါရှိမှာဖြစ်ပါတယ်။




## MSI B75MA-E33

**Royal Smart**
**240110**

Intel ရဲ့ B75 Express Chipset ကို အခြေခံထားတာဖြစ်ပါတယ်။ လုပ်ဆောင်ချက်စွမ်းရည်တွေက ဈေးနှုန်းနဲ့ အလွန်လိုက်ဖက်တဲ့ Motherboard ဖြစ်ပါတယ်။ အိမ်မှာပဲ သုံးသုံး၊ ရုံးအတွက်ပဲဝယ်ဝယ်၊ ဂိမ်းတွေအတွက်လည်း အဆင်ပြေတဲ့ ဘက်စုံသုံး Motherboard အမျိုးအစားဖြစ်ပါတယ်။ CPU ကို Intel ရဲ့ နောက်ဆုံးပေါ် core i7, i5, i3 (Ivy Bridge) Processor တွေ တပ်ဆင်အသုံးပြုမှာဖြစ်ပြီး စွမ်းအင်ချွေတာမှုနှင့်စွမ်းဆောင်ရည်ပိုင်းအတွက် အသင့်ရှိနေစေပါတယ်။ Memory ကို DDR3 1066/1333/1600 တွေ ထောက်ပံ့ပေးနိုင်ပြီး Dual Channel ဖြစ်ပါတယ်။ Graphics Bandwith ကို နှစ်ဆပိုမြန်အောင် လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ Data သွားနှုန်း 6Gb/s ဖြင့် လုပ်ဆောင်ပေးမယ့် SATA 3 port ၁ ခု၊ SATA 2 (3Gb/s) port ၃ ခု ပါဝင်တယ်။ အသံအရည်အသွေးကောင်းမွန်မှုအတွက် Realtek ALC 887 အမျိုးအစားဖြစ်တယ်။ I/O port တွေအနေနဲ့ USB 3.0 ၂ ခု၊ USB 2.0 ၄ ခု၊ Gigabit LAN ၁ ခုနှင့် Display output အနေနဲ့ HDMI port ၁ခု၊ D-Sub (VGA)port ၁ ခုစီ ပါဝင်တယ်။

နည်းပညာထောက်ပံ့မှုပိုင်းမှာတော့ Intel ရဲ့ Small Business Advantage နည်းပညာက အသုံးပြုသူတွေအနေနဲ့ အသုံးတည့်မယ့် နည်းပညာဖြစ်ပါတယ်။ Software Monitor စနစ်၊ သတ်မှတ်ရက်နှင့် အချိန်တိကျစွာ အလိုအလျောက် Data တွေ သိမ်းနိုင်ပြန်ထုတ်နိုင်တယ်။ မလိုလားအပ်တဲ့ Virus နှင့် Data ခိုးယူမှုကာကွယ်ဖို့ USB Blocker စနစ်၊ သင့်ကွန်ပျူတာရဲ့ ကျန်းမာရေးကို အချိန်တိကျစွာနဲ့ စစ်ဆေးဆောင်ရွက်သန့်စင်ပေးမယ့် PC Health Center၊ မနက်ပိုင်း အလိုအလျောက်ပါဝါဖွင့်ပြီး ဆက်အသုံးပြုနိုင်စေမယ့်စနစ်၊ Display အချင်းချင်း Sharing ပြုလုပ်နိုင်တဲ့ Wireless Display စနစ်တွေ ပါဝင်တယ်။




## Lenovo A-3000H (jelly bean 4.2.1)

**SCS computer**
**01-290384, 09-73000101, 09-421142246**

နာမည်ကြီး Lenovo ကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်တဲ့ Third generation တစ်ခုဖြစ်တဲ့ Tablet အသစ်လေးပဲဖြစ်ပါတယ်။ OEM screen နှင့် မှန်သားမှာ အထူးကောင်းမွန်လာပြီး Resolution မှာလည်း 1024x800 ဖြစ်လာပါတယ်။ CPU ကို dual core 1.6Ghz အသုံးပြုထားပြီး 1GB LP DDR3 ကို တပ်ဆင်ထားပါတယ်။ internal storage 4GB ဖြင့် ရရှိနိုင်ပြီး ထပ်မံဖြည့်သွင်းအသုံးပြုချင်သူများအနေဖြင့် 64GB အထိ အသုံးပြုနိုင်ပါတယ်။ Android version 4.2.1 jelly bean ဖြစ်တာကြောင့် ကြည်လင်ပြတ်သားစွာ HD game အနိမ့်အမြင့်များကို resolution ကောင်းမွန်စွာဖြင့် ကစားနိုင်မှာဖြစ်ပါတယ်။ SIM card internet ဖြင့် internet အသုံးပြုနိုင်ပြီး wifi အင်တာနက်ကိုလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ WCDMA နှင့် GSM ကိုပါ ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ SIM card slot ၂ ခု ပါဝင်တာကြောင့် ကဒ်နှစ်ကဒ်ကို တစ်ပြိုင်တည်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ bluetooth 4.0 ဖြစ်တာကြောင့် မြန်နှုန်းမြင့် data transfer ဖြင့် application, movie နှင့် music များကို transfer ပြုလုပ်နိုင်တာကြောင့် အသုံးပြုသူများအနေဖြင့် အကြိုက်တွေ့စေမယ့် Tablet လေးပဲဖြစ်ပါတယ်။ လက်ဆောင်ပေးရန်ဖြစ်စေ၊ အပျင်းပြေ Game ဆော့ရန်ဖြစ်စေ ကျောင်းသုံး ရုံးသုံးပါ အသုံးဝင်တဲ့ Tablet လေးကို colour အနက်ရောင်အပြောင်သားဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။




## PQI Connect

**Royal Ayeyarwaddy Co.,Ltd**
**394494**

PQI Connect ဟာ Multimedia ဖိုင်တွေကို share လုပ်တာတွေ၊ devices တွေတစ်ခုမှတစ်ခုဆီ ဖိုင်တွေကို အကူးအပြောင်းလုပ်တဲ့နေရာတွေမှာ အသုံးပြုနိုင်ပါတယ်။ ဒီ device လေးမှာ တစ်ဖက်က Standard USB ခေါင်းနဲ့ တစ်ဖက်က micro USB ခေါင်းဆိုပြီး ခေါင်း ၂ ခေါင်း ပါရှိပါတယ်။ Standard USB ခေါင်းက ရိုးရိုးကွန်ပျူတာတွေမှာရှိတဲ့ USB ports တွေနဲ့ချိတ်ဆက်တဲ့အခါမှာသုံးနိုင်ပြီး Micro USB ခေါင်းကတော့ စမတ်ဖုန်းတွေနဲ့ tablets PC တွေနဲ့ချိတ်ဆက်တဲ့အခါမှာ အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် USB cable ကြိုးမလိုတော့ဘဲနဲ့ သီချင်းတွေ၊ ဗီဒီယိုတွေ၊ ဓာတ်ပုံတွေ အစရှိတဲ့ ဖိုင်တွေကို အလွယ်ကူ၊ အလျင်မြန်ဆုံးနည်းလမ်းတွေနဲ့ ကူးပြောင်းသိမ်းဆည်းနိုင်တဲ့အပြင် ဘက်ထရီစားသက်သာစေပြီး လုံခြုံစိတ်ချမှုလည်းရှိပါတယ်။ Android OS အတွက် PQI မှထုတ်လုပ်ထားတဲ့ PQI Connect+ app ကိုအသုံးပြုပြီး ဘာမှမလိုအပ်ဘဲ ဖိုင်တွေကို တိုက်ရိုက်ဝင်ရောက်အသုံးပြုနိုင်ပါတယ်။ Touch တစ်ချက်တည်းဖြင့် မိုတိုင်း device နဲ့ PQI Connect ကြားထဲမှာ Multimedia ဖိုင်တွေကိုကူးပြောင်းစီမံမှုတွေကိုလျင်မြန်ချောမွေ့စွာ ပြုလုပ်နိုင်ပါတယ်။ PQI ရဲ့ USB 2.0 COB မူပိုင်နည်းပညာနဲ့ ပြုလုပ်ထားတာကြောင့် အရွယ်အစားသေးငယ်ပြီး လုပ်ဆောင်ချက်တွေကို အကောင်းဆုံးနဲ့အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်ပါတယ်။




## Secueasy DVR (SE-RD624V- 4 channel, SE-RD628V- 8 channel)

**Smart Computer Technology**
**01-256636,-38911,-377087**

Secueasy Brand DVR (Digital Video Recorder) ဖြစ်ပါတယ်။ Model No. က (SE-Rd624V- 4 channel, SE-RD628V- 8 channel) ပါ။ Video output နှင့် VGA output ပါရှိသောကြောင့် Security Camera များကို TV နှင့် ချိတ်ဆက်၍ ပုံရိပ်များကို တိုက်ရိုက်ကြည့်ရှုနိုင်သည်။ Audio Port ပါရှိသောကြောင့် အသံ file များကို ဖမ်းယူရရှိနိုင်သည်။ ၎င်းစက်ထဲတွင် Hard Disk ထည့်ရန် Rack ပါရှိသောကြောင့် ယင်း Hard Disk ဖြင့် ပုံရိပ်များကို Record ယူထားနိုင်သည်။ မိမိကြည့်လိုသော Data နှင့် ပုံရိပ်များကို ရက်၊ လ၊ နှစ်အချိန်အတိအကျဖြင့် ပြန်လည်ကြည့်ရှုနိုင်သည်။ USB port ပါဝင်သောကြောင့် USB stick ဖြင့် မိမိသိမ်းလိုသော အရေးကြီး file များကို ကူးယူကြည့်ရှုနိုင်သည်။ ၆ လ အာမခံဖြင့် ဝယ်ယူရရှိနိုင်သည်။




IBTC
GRAND ROYAL
Premium Drinking Water
Enjoy Life!

## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ




**Splinter Cell Black List**

Splinter Cell Blacklist သည် နောက်ဆုံးထွက် Action Shooter Game ဖြစ်သည်။




**The Bureau**

The Bureau သည် အသစ်ထွက် Action Adventure Game ဖြစ်သည်။




**Tune Up 2014**

Tune Up 2014 နောက် အသစ်ထွက် Files ရှင်းသော PC Software ဖြစ်သည်။




**Lost Planet 3**

Lost Planet သည် နောက်ဆုံးထွက် Action Shooter Game ဖြစ်သည်။

**MY DATA GAME & SOFTWARE CD/ DVD**

ဖုန်း – ၀၉–၅၁၉၆၇၂၄၊ ၀၉–၅၀၄၆၀၈၅၊ ၀၉–၇၃၁၀၅၀၁၀ မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

## Rayman Legends နှင့်အတူ Platforming ဂိမ်းသစ်များဝင်ရောက်




PC၊ PS3 နှင့် Xbox 360 ဂိမ်းစက်များအားလုံးတွင်တစ်ပြိုင်တည်းကစားနိုင်မည့် Platforming ဂိမ်းသစ်များ ဝင်ရောက်လာပါတယ်။ Rayman Legends ဟာ ကစားသူလေးယောက် တစ်ပြိုင်တည်းကစားနိုင်မည့် Platforming ဂိမ်းသစ်တစ်ခုဖြစ်ပြီး Rayman နှင့် သူငယ်ချင်းများနေရာမှ Teensies အမည်ရ သတ္တဝါလေးများကို ကယ်တင်ရမည့် 2D gameplay နှင့် 3D graphics တို့ ရောစပ်ထားသော ဂိမ်းသစ်ဖြစ်ပါတယ်။ Brothers - A Tales of Two Sons အမည်ရ ဇာတ်လမ်းအသားပေး ဂိမ်းသစ်နှင့်အတူ နာမည်ကျော် Sega Genesis game ဖြစ်သည့် Mickey Mouse ပါဝင်သော Castle of Illusions ၏ 3D remake ဂိမ်းသစ်လည်းဆက်လက်ထွက်ရှိလာပါတယ်။ 39 လမ်း (အောက်) ရှိ GAME HIVE ဖုန်းနံပါတ် 09 7311 8550 နှင့် 09 4500 41500 သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

## PC အတွက် Horror ဂိမ်းသစ် Outlast ထွက်ရှိ



ဂိမ်းမထွက်ခင် Demo များကစားပြီးကြကတည်းကကြောက်မက်ဖွယ် အကောင်းဆုံး ဂိမ်းတစ်ခုထဲတွင်ပါဝင်ကြောင်း ချီးကျူးခံထားရသည့် PC Horror ဂိမ်းသစ် Outlast ထွက်ရှိလာပြီဖြစ်ပါတယ်။ Outlast ဂိမ်းတွင် ကစားသူဟာ Colorado တောင်တန်းများပေါ်ရှိ Mount Massive Asylum အမည်ရ စိတ်ရောဂါကုဆေးရုံဟောင်းအတွင်းသို့ ရောက်ရှိနေသူ ဂျာနယ်လစ် Miles Upshur နေရာမှ ဝင်ရောက်ကာ Mount Massive ၏ ခြောက်ခြားဖွယ် သမိုင်းကြောင်းကို စုံစမ်းရမှာဖြစ်ပါတယ်။ 39 လမ်း (အောက်) ရှိ GAME HIVE ဖုန်းနံပါတ် 09 7311 8550 နှင့် 09 4500 41500 သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။




## Lost Planet 3

စာရေးသူ – *GT (Excellent)*

စိတ်ကူးကောင်း စိတ်ကူးဆန်းလေးတွေနဲ့ Sci-Fi ဂိမ်းဆန်ဆန် စိတ်ကူးယဉ်ဂိမ်းစီးရီးဖြစ်တဲ့ Lost Planet ဟာ Lost Planet : Extreme Condition နဲ့ Lost Planet 2 တို့ကို ထွက်ရှိအပြီးမှာတော့ နောက်ဆက်တွဲအဖြစ် Lost Planet 3 ကို ဆက်လက်ပွဲထုတ်လိုက်ပါပြီ။ နာမည်ကျော် Capcom ကနေ Publisher အဖြစ်နဲ့ ဖြန့်ချိပေးထားပြီး ဒီတစ်ခါ Lost Planet 3 ကို ဖန်တီးပုံဖော်ပေးတဲ့ Developer ကတော့ နာမည်ကျော်ပေါက်ဂိမ်း DmC: Devil May Cry ကို လက်စွမ်းပြရေးသားပေးခဲ့တဲ့ Western အုပ်စု Spark Unlimited ပဲဖြစ်ပါတယ်။ ဂိမ်းနယ်ပယ် platform တွေအဖြစ် PC အပြင် Play Station 3 နဲ့ Xbox 360 တို့မှာပါ ကစားခွင့်ရမှာပါ။ ဈေးကွက်စုံဖြန့်ချိပေးထားပြီး အစဉ်အလာကြီးမားတဲ့ ဂိမ်းစီးရီးဖြစ်တာကြောင့် ဒီတစ်ခွေမှာလည်း ပရိသတ်တွေအားပေးမှုရရှိဦးမှာ သေချာပါတယ်။

ဒီတစ်ခါ Lost Planet 3 ရဲ့ ဇာတ်အိမ်ဖြစ်တည်ရာကိုလည်း ယခင် စီးရီးတွေထဲကအတိုင်း E.D.N. III ဂြိုဟ်ပေါ်မှာပဲ ဖန်တီးတည်ဆောက်ထားတာတွေ့ရပါမယ်။ အချိန်ကာလကိုတော့ ပထမဆုံး Lost Planet : Extreme Condition မတိုင်မီအစောပိုင်းကာလကို အခြေခံထားပြီး Environmental ပိုင်းကိုလည်း ရေခဲပြင်အတိဖုံးလွှမ်းနေတဲ့ E.D.N III အဖြစ် ice-age ပုံစံမျိုး တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဇာတ်ကောင်နေရာမှာလည်း နောက်ပိုင်းကာလတွေမှာ Main Character ဖြစ်လာမယ့် Jim Peyton ကိုပဲ ငယ်ရွယ်နုပျိုတဲ့အသွင်သဏ္ဍာန်နဲ့ ပြန်လည်ထည့်သွင်းပေးထားတာတွေ့ရမှာပါ။ Neo-Venus Construction ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်တဲ့ Jim Peyton ဟာ E.D.N. III ဂြိုဟ်ရဲ့ သဘာဝသယံဇာတနဲ့တွင်းထွက်မျိုးစုံကို ကမ္ဘာမြေအတွက် သွားရောက် စူးစမ်းလေ့လာသူအဖြစ်နဲ့ ဒီဂိမ်းမှာကစားရမှာ ဖြစ်ပါတယ်။

ကြမ်းတမ်းလှတဲ့ ရေခဲပြင်၊ စိမ့်အေးလှတဲ့ နှင်းမုန်တိုင်းရဲ့ အအေးဒဏ်တွေကြားမှာ အသက်ရှင်ရပ်တည်ဖို့ ရုန်းကန်ရမယ့်အပြင် Neo-Venus Construction ကုမ္ပဏီနဲ့ရန်ဖက်တွေဖြစ်တဲ့ E.D.N. III က Akrid လို့ ခေါ်တဲ့ စက်ရုပ်ဂြိုဟ်သား သတ္တဝါဆန်းတွေရဲ့ အန္တရာယ်တွေနဲ့လည်း ရင်ဆိုင်ရဦးမှာပါ။ ဂိမ်းပလေးပုံစံပိုင်းကိုတော့ First person လှုပ်ရှားမှုနဲ့ Third-person shooter ရောစပ်ပေးထားပြီး Role Playing ပုံစံမျိုး ဖန်တီးပေးထားပါတယ်။ ဂရပ်ဖစ်ပိုင်းမှာလည်း ရေခဲပြင်အတိဖုံးလွှမ်းနေတဲ့ သဘာဝပတ်ဝန်းကျင်အပြင် မြူနှင်းတွေမှောင်ပိတ်နေတဲ့ Effect တွေကြားမှာ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားဖြစ်စေဖို့ အကောင်းဆုံးပံ့ပိုးပေးမယ့် Unreal Engine 3 ကို အသုံးပြုထားတာကြောင့် တော်တော်လန်းတာတွေ့ရမှာပါ။

ဒီဂိမ်းလေးကို ကစားမယ်ဆိုရင်တော့ အနည်းဆုံးအနေနဲ့ Dual core 2.5 GHz, Memory : 3 GB RAM, Graphics : GeForce 9800, ATI Radeon HD 4770, Hard Drive : 16 GB နဲ့အထက် လိုအပ်မှာဖြစ်ပါတယ်။ ဝယ်ယူကစားချင်သူတွေအတွက်ကတော့ အမြို့မြို့အနယ်နယ်တိုင်းမှာရှိတဲ့ Excellent Softwares & Games ဆိုင်တိုင်းမှာ ရရှိနိုင်ပါပြီ။

## NewPlace မှာ Xbox 360 နှင့် PS3 ဂိမ်းဇာတ်လမ်းအသစ် ဆက်လက်ဝင်ရောက်လာ

























ဂိမ်းဇာတ်လမ်းပေါင်းများစွာကိုလည်း ထည့်သွင်းကစားနိုင်သလို လိုအပ်သော System Update ကိုလည်း လာရောက်မြှင့်တင်နိုင်ပါတယ်။ PS3 Super Slime ဂိမ်းစက်အတွက်လည်း ဂိမ်းဇာတ်လမ်းအသစ်များ ထည့်သွင်းကစားနိုင်ပါတယ်။

**(ရန်ကုန်)** New Place Game Sale & Service အမှတ်–၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊ ဖုန်း–၀၉–၇၃၀၄၈၀၅၉၊ ၀၁–၃၇၆၅၁၄
www.facebook.com/groups/games. unleashed

**(မန္တလေး)** ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်–၂၁၅၊ ၃၁ လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း–၀၂–၇၃၂၈၇၊ ၀၉–၅၁၀၀၇၃၈




# PRO EVOLUTION SOCCER 2014

စာရေးသူ – *RP2 Gamer*

Pro Evolution Soccer 2014 လို့လူတွေသိကြတဲ့ PES ဟာ မကြာခင်မှာ Fifa 14 နဲ့အပြိုင်ထွက်လာဖို့အသင့်ဖြစ်နေတယ်လို့သိရတယ်။ အီးအေစပို့စ်နဲ့ကိုနာမီတို့အားပြိုင်မှုတွေဟာ ဘယ်တော့မှပြီးသွားမှာမဟုတ်သလိုဈေးကွက်လုနေတာလည်း အခုထိကိုဘယ်သူတွေအသာရနေသလဲဆိုတာခွဲခြားလို့မရနိုင်သေးဘူးဖြစ်နေတယ်။ သေချာတာကတော့လောလောဆယ်မှာခြေသွက်လက်သွက်နဲ့ဖမ်းစားပြနေတာက EA Sports ကပဲဖြစ်နေတယ်။ ကိုနာမီတောင်တစ်ခါတစ်ခါမှာနောက်နားကိုရောက်ရောက်သွားသလိုဖြစ်တာကြောင့် အများအမြင်မှာကိုနာမီဟာဈေးကွက်ထဲမှာတောင် ဒုတိယနားလောက်မှာပဲနေရတယ်လို့ပြောဖြစ်ကြတယ်။ အမှန်တော့ EA နဲ့ Konami တို့ဟာ ဒီဈေးကွက်ကို ခွဲယူနေကြတုန်းပဲရှိပါသေးတယ်။ အီးအေကငွေသုံးနိုင်တာကြောင့် ဖီဖာတို့လိုဘောလုံးအဖွဲ့ချုပ်တွေနဲ့ချိတ်ဆက်ထားလို့ အနည်းငယ်အသာရတော့ရှိတယ်။ ကျန်တဲ့အပိုင်းမှာတော့ သူမသာ၊ ကိုယ် မသာလောက်ပဲဖြစ်နေတယ်။ ဒါကြောင့် ဒီတစ်ခါမှာ Pro Evolution Soccer 2014 မှာ ဘာတွေထူးခြားလာသလဲဆိုတာကြည့်ဖြစ်လိုက်တဲ့အခါ ဂိမ်မာတွေအတွက် ဆန်းသစ်မှုတွေနဲ့ပြည့်နေမယ့် အရာတွေကိုတွေ့လိုက်ရပါတယ်။

World Soccer : Winning Eleven လို့ Japan နဲ့ South Korea အပြင်အာရှနိုင်ငံအတော်များများမှာပါလူသိများတဲ့ ဒီဂိမ်းလေးမှာတော့ Modified Version အဖြစ် ဆန်းသစ်လာတဲ့ new Fox Engine ကိုသုံးထားတဲ့အတွက်ကြောင့်အရင်ဂိမ်းလိုမျိုးမဟုတ်ဘဲနဲ့ပုံစံအသစ်ကိုတွေ့ရမှာဖြစ်နေတယ်။ UEFA Champions League, UEFA Europe League နဲ့ UEFA Super Cup တို့လိုမျိုးအထင်ကရ ပြိုင်ပွဲတွေကိုတရားဝင်လိုင်စင်ရယူပြီးတော့ ဒီဂိမ်းလေးထဲမှာနာမည်အစစ်တွေကိုအသုံးပြုဦးမှာဖြစ်နေတယ်။ ယူရိုပါလိဂ်ကတော့ ပါလာမှာဖြစ်နေတယ်ဆိုပေမယ့် Master




League, Become a Legend, and/or Leagure စတဲ့အရာတွေကတော့ ပါလာမယ် ပါမလာဘူးဆိုတာကိုတော့ မသေချာသေးတာကြောင့် ဒီအချက်ကိုတော့ငဲ့စောင်းပြီးတော့ တစ်ချက်လေးကြည့်ရမယ်၊ ကြည့်ရတာထည့်လာတာကြာနေပြီဖြစ်တာတွေကိုဂိမ်မာတွေကစားရတာပျင်းနေမှာစိုးလို့များပုံစံအသစ်နဲ့ပြောင်းလဲမယ်နဲ့တူတယ်။ ပြီးတော့ ဒီဂိမ်းမှာ အခုအကြိမ်မှာ ပါလာမယ့် exclusive license ရယူထားတဲ့ AFC Champions Leagure လည်းထည့်သွင်းလာတယ်ဆိုတာပါပဲ။ အဲဒါနဲ့အတူဆက်လက်ပြီးပါလာမှာက Argentine Primera Division ၊ Chilean Primera Division ၊ Copa Sudamericana၊ Recopa Sudamericana နဲ့ Arabic commentary တွေပဲဖြစ်တယ်။ အဲဒါတွေကို ရအောင်လို့ ကိုနာမီက အာရှနိုင်ငံတွေမှာလိုက်လံကြိုးပမ်းထားတာကို တွေ့ရမှာဖြစ်နေတယ်။

ပြီးတော့ 2013 PES မှာ အားနည်းခဲ့တာတွေကိုလည်း ပြင်ဆင်ထားတယ်။ အဲဒါတွေအပြင် တကယ့်လူတွေအပြင်မှာ ဘောလုံးကစားသလိုမျိုး မိမိကစားသမားရဲ့ဉာဏ်ရည်တုကိုပါ အပြင်လူလိုမျိုးဖြစ်အောင်လို့လုပ်ထားပေးတယ်ဆိုတာပါပဲ။ ပြိုင်ဘက်ခံစစ်သမားတွေကလည်း တိုက်စစ်သမားတွေထက်မညံ့အောင်လည်း လုပ်ပေးထားတယ်ဆိုတာပါပဲ။ တိုက် စစ်နဲ့ခံစစ်အပြိုင်အားစမ်းကြမှာဖြစ်နေလို ခံစစ်ဇုန်အတွင်းမှာတိုက်စစ်သမားတွေဘယ်လိုမျိုးအစုအဖွဲ့နဲ့ကျော်လွှန်နိုင်မလဲဆိုတာကိုပါသေချာလေးလုပ်ပေးထားပါတယ်။ ကစားသမားအပြောင်းအလဲတွေ၊ ကလပ်အသင်းရဲ့နည်းပြတွေအပြင် လုပ်အားနှုန်းအနိမ့်အမြင့်တွေကိုပါစနစ်တကျထည့်ပေးထားခြင်းဖြစ်တာကြောင့် ဒီဂိမ်းလေးဟာ ဂိမ်မာတွေအတွက်တော့မဖြစ်မနေနဲ့ဆော့ကစားရမယ့်ဂိမ်းအဖြစ်ရပ်တည်နေတယ်။ Competition တွေအနေနဲ့ကတော့အရင်အတိုင်းပါပဲ။ ဒါပေမယ့်အထက်မှာပြောခဲ့သလိုမျိုးအသစ်ထည့်ပေးထားတာတွေလည်းမြင်ရမှာဖြစ်နေတယ်။ အင်ဂျင်လည်းပြောင်းထားပေးတာကြောင့် အခုထွက်လာမယ့် ဂိမ်းကတော့ပြည့်စုံမှု တွေနဲ့အတိရှိနေမယ်လို့ဆက်လက်ပြောရမှာဖြစ်နေတယ်။ ပါလာမယ့် Competition တွေကိုတော့အောက်မှာဖော်ပြပေးလိုက်ပါတယ်။



## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ

### Lost Planet 3




Shooting (Sci-Fi Themes) ဂိမ်းအမျိုးအစားပါ။ E.D.N III ဂြိုဟ်ရဲ့သဘာဝ သယံဇာတနဲ့တွင်းထွက်မျိုးစုံကို ကမ္ဘာမြေအတွက်သွားရောက်စူးစမ်းလေ့လာသူအဖြစ်နဲ့ကြုံတွေ့လာရတဲ့အန္တရာယ်မျိုးစုံကိုရင်ဆိုင်ရမှာပါ။




### Rayman Legends

Platform / Comics Style ဂိမ်းအမျိုးအစားဖြစ်ပါတယ်။ ကမ္ဘာပေါ်ကျရောက်သွားတဲ့ ဘေးဆိုးတွေကို ဘေးမသီရန်မခစေဖို့ Level (၄၀)ကျော်ဖြတ်သန်းရမှာပါ။

### Castlevania Lords Of Shadow Ultimate Edition




Action Adventure ဂိမ်းအမျိုးအစား၊ ကမ္ဘာမြေကိုကျူးကျော်လာပြီး ဇနီးဖြစ်သူကိုပါခေါ်ဆောင်သွားတဲ့ အမှောင်ပရလောကသားမကောင်းဆိုးဝါးတွေနဲ့ ရင်ဆိုင်ရမယ့်ဂိမ်းကောင်းတစ်ခုပါ။




### Teenage Mutant Ninja Turtles Out of the Shadows

Action-adventure ဂိမ်းအမျိုးအစား၊ နယူးယောခ်ကို ခြိမ်းခြောက်လာတဲ့ Footနဲ့ Shredder တို့ဘေးရန်ကကာကွယ်ပေးမယ့် လိပ်နင်ဂျာ Leonardo, Donatello, Miche-langeloနဲ့ Raphael တို့အဖြစ်ကစားရမှာပါ။

### Formula Truck 2013




Simulation ဂိမ်းအမျိုးအစား၊ ဖော်မြူလာထရပ်ကားပြိုင်တဲ့ဂိမ်းပါ။ Practice, Single Player race, full championship, Multiplayer စတဲ့ Game Modes တွေနဲ့ပါဝင်ပါတယ်။

## အသစ်ထွက်ရှိလာသည့် ဆော့ဖ်ဝဲစီဒီများ




### Lazesoft All Products Full Collection Mega Pack

PC သမားတိုင်းဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတွေကိုဖြေရှင်းဖို့အကောင်းဆုံး Data Security Software စုစည်းမှုပါ။

### Renderosity : Poser 10 & Poser Pro 2014 New Features




Poser 10နဲ့ Poser 14 User တွေအတွက် Features သစ်တွေကိုစနစ်တကျရှင်းလင်းတင်ပြထားတဲ့ Video Training ခွေဖြစ်ပါတယ်။




### Asphalt 8 & Airbone, Metal Wars 3, Fast and Furious6 For Android

Android Platform မျိုးစုံအတွက် နာမည်ကျော် ဂိမ်းကောင်းတွေကို စုစည်းပေးထားပါတယ်။

### Ghost XPSP3 All Mainboards Auto Driver Soft



Windows OS အသစ်တွေဘယ်လောက်ကောင်းကောင်း XP ကိုပဲလိုအပ်နေသူတွေအတွက် နောက်ဆုံးထွက်ရှိလာတဲ့ Service Pack ဖြစ်ပါတယ်။




### Studiolinkedvst Swurve Hip-hop KONTAKT

Hip-Hop Beat ကိုမှ ကိုယ်တိုင်ဖန်တီးချင်တဲ့ ဝါသနာရှင်တွေ၊ ပရိုတွေအတွက် Preset (၁၅၀)ကျော်ပါဝင်တဲ့ Audio Music Plugin ခွေဖြစ်ပါတယ်။

*Excellent Softwares & Games ဖုန်း – ၀၉-၇၃၂၁၃၂၉၃(ရန်ကုန်)နှင့် ၀၉-၉၁၀၃၈၉၅၂(မန္တလေး) မှ အချက်အလက်များ ကူညီပံ့ပိုးပါသည်။*

## PS3 super slim များအတွက် Modify ကို အထူး Package ဖြင့်ပြုလုပ်ပေးမည်



PS3 super slim model များအတွက် Modify ကို 3Key ဖြင့်ရရှိပြီးနောက် ယခုလို package ဖြင့်ရောင်းချပေးခြင်းဖြစ်ပါတယ်။ 3Key အသုံးပြုရန် PS3 ရဲ့ system HDD ကို အသုံးမပြုနိုင်ပါဘူး။ External USB HDD အတွင်း game များထည့်သွင်းကစားစေတာဖြစ်ပါတယ်။ ယခု 3Key package မှာပါဝင်မယ့် Items တွေကတော့ 3Key, 500 HDD နဲ့ game ခွေ(10)ခွေလက်ဆောင်ပါဝင်ပြီး (250,000)သတ်မှတ်ပေးထားပါတယ်။ 3Key မှာစစခြင်းပြုလုပ်ခြင်းမှာ ငွေကုန်ကြေးကျများပေမယ့် နောက်ပိုင်း System update, downgrade ပြဿနာမရှိတော့ပါဘူး။ အသေးစိတ်သိရှိလိုပါက PHYO IT PLAZA (MOBILE, CAMERA, GAME) Ph-02-33431သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

အချပ်ပို - VIII မှ




## CoolFancyShop

### About

၂၀၁၂ ဩဂုတ် ၁ ရက်နေ့တွင် စတင်ခဲ့ပြီး မြန်မာပြည်နှင့် စင်ကာပူ Order များကို အဓိကထားဝန်ဆောင်မှုပေးသည်။ အခြားနိုင်ငံများမှ မှာယူပါကလည်း ပို့ပေးသည်။ USA မှ အမျိုးသား၊ အမျိုးသမီး သုံး authentic branded များဖြစ်သော Coach, AX, Kate Spade, MK, Guess စသော အသုံးအဆောင်ပစ္စည်းများကို အဓိကထား စတင်ရောင်းချခဲ့သည်။ ၂၄ နာရီ ဝန်ဆောင်မှုပေးပြီး အမှတ် – 264, 1st Floor (Rt), Seikkanthar St., Kyauktada Tsp ၊ facebook message - info@coolfancyshop.com သို့ ဆက်သွယ်စုံစမ်း မေးမြန်းဝယ်ယူနိုင်သည်။ အိမ်တိုင်ရာရောက်ငွေချေခြင်း၊ ပစ္စည်းပေးခြင်း၊ ဝန်ဆောင်မှုများကို ဈေးဝယ်သူများ စိတ်တိုင်းကျဆောင်ရွက်ပေးသည်။




## Shopping Paradise (US Online Shopping)

### About

၂၀၁၃ ၊ အောက်တိုဘာလတွင် စတင်ခဲ့ပြီး brand အစစ်အမှန်၊ new arrival item များကို ပြည်ပသွားစရာမလိုဘဲ အချိန်နဲ့တစ်ပြေးညီ ထိုက်သင့်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။ USA မှ တိုက်ရိုက်တင်သွင်းသော အိတ်၊ ဖိနပ်၊ နာရီ မျက်မှန် စသော အသုံးအဆောင်၊ အဝတ်အထည်များကို အဓိကဝယ်ယူနိုင်သည်။ အခြား International shopping website များမှ ကြိုက်နှစ်သက်ရာ item များ၏ Link ပေးပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်သည်။ ငါးသောင်းနှင့်အထက် ဝယ်ယူပါက deposit 50% ပေးရမည်ဖြစ်သည်။ Facebook တွင် message ချန်၍လည်းကောင်း၊ kkonlinetrading@gmail.com၊ ph - 0973250769 သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်သည်။

### Delivery Service

အမှတ်–၉၄၊ ၄–လွှာ၊ လမ်းသစ်လမ်း၊ junction Mawtin အနီး၊ လမ်းမတော်မြို့နယ်တွင် ကိုယ်တိုင်လာယူနိုင်သည်။ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုကို ရယူလိုပါက မြို့နယ်ပေါ်မူတည်၍ ၂၅၀၀ မှ ၄၀၀၀ ကျပ်ဝန်းကျင် ကျသင့်မည်ဖြစ်သည်။ ကျပ်နှစ်သိန်းခွဲကျော် ဝယ်ယူပါက အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။




## Kel & Group <Online Gift Shop>

### About

Authentic Coach, Calvin Klein အိတ်များကို အမေရိကန်မှ တိုက်ရိုက်မှာယူ ရောင်းချပေးလျက်ရှိသည်။ Coach factory private sale invitation ရထားသောကြောင့် 50% to 70% retail price ထက် ဈေးချိုစွာဝယ်ယူနိုင်သည်။ Kate Spade, Calvin Klein, Michael Kors, Tory Burch, Burberry, Armani Exchange, Donna Karan New York, Rado brand များနှင့် Eyes lips face (ELF) & MAC တို့ကို ဈေးနှုန်းမှန်၊ ပစ္စည်းမှန် ဝယ်ယူနိုင်သည်။ လက်ရှိတွင် အိတ်များကို မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ အများဆုံး မှာယူကြပြီး အင်္ဂလန်နှင့် ဩစတြေးလျမှလည်း မှာယူကြသည်။ onlineshop@kelgroup.org သို့ item code, color, quantity နှင့် ဝယ်ယူသူ၏ mail address, Delivery mode, type of payment များ ပေးပို့မှာယူနိုင်သည်။ payment မပြုလုပ်ခင် order confirmation ပြုလုပ်ပေးမည်ဖြစ်သည်။

### Delivery Service

ဗဟန်းတွင် ကိုယ်တိုင်လာယူနိုင်ပြီး မန္တလေး၊ နေပြည်တော်၊ တောင်ငူမြို့များသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိသည်။ အမှာစာပေါ်မူတည်၍ တင်ပို့ခကို သင့်တင့်သောနှုန်းထားဖြင့် လျှော့ပေးသည်။




NetGuide တွင် ကြော်ငြာများထည့်သွင်းလိုပါက ဖုန်း–၂၂၄၇၁၁၊ ၀၉–၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။

# MGTC Mobile Training Centre

**Mobile Software & Hardware ပြုပြင်ခြင်းနည်းပညာ (အတက်ထပ်) ထပ်တန်းကျောင်း**

အမှတ်(၃၀/A)(5) လှာ၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09 450022500, 09 420113099, 09 450066929

**ဝါရင့် B.E, M.E, Ph.D (Electronics) အင်ဂျင်နီယာများ ကိုယ်တိုင်ဦးစီး၍**
**ကျွမ်းကျင်ပညာရှင်များမှစာတွေ့ရော လက်တွေ့ပါကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပေးပါသည်။**

## SOFTWARE COURSES

### IOS, Android OS, Java OS, Symbian OS

- History & Knowledge of All OS Versions
- Configuring the internal Settings of Mobile Phones
- Variety of ways to install Application Softwares & Games
- System Backup & Restore
- Using ADB Command
- Bootloader Unlock & S On / S Off
- Hacking, Rooting, Jailbreaking
- Firmware Upgrade & Downgrade
- Understanding Base Band Transmission
- Network & User Unlock
- Using Tool Box (ATF Box, SELG Box, Volcano Box, XTC Clip Box)
- Repairing All Android Deadboot Problems Using Riff Box
- CDMA 450 Firmware (Restore & Backup)

အတတ်ဆိုတာ လေ့ကျင့်ရင်ရတယ် အကောင်းအဆိုးကို ဝေဖန်ပိုင်းခြား သိမြင်နိုင်ဖို့ဆိုတာ စနစ်တကျ သင်ယူလေ့လာပြီး ဆက်စပ်စဉ်းစားနိုင်တဲ့ ပညာရှိမှ ဖြစ်မယ်

## HARDWARE COURSES

### Mobile Phone တစ်လုံးကိုစနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ပြုပြင်နိုင်ချင်တယ်ဆိုရင် ...

- Different Sections in Mobile Phone ( PFO Section, RF Section, Baseband Section)
- Inbtroduction to Various ICs and Electronic Components (PA, Antenna Switch, RAM IC, Power IC, Charging IC, CPU, Filers)
- Soldering / Desoldering of Mobile Components
- Using Soldering Iron, Soldering Station for removing Mobile Components
- Study of Block diagram and PCB pictorial
- Tracing and trouble shooting through circuit diagram အားလုံးကို သင်ပေးနိုင်တဲ့ သင်တန်းကိုသာ ရွေးချယ်တက်သင့်ပါတယ်။
- Mobile Phone မျိုးစုံအတွက် Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းများကို ကျွမ်းကျင်စွာ တတ်မြောက်သည်အထိသင်ကြားပေးမည်။
- Phone တစ်လုံးအတွင်းရှိ ပစ္စည်းတစ်ခုချင်းစီ၏ အလုပ်လုပ်ပုံ Component များပေါင်းစပ်လုပ်ကိုင်ထားပုံကို သင်ကိုယ်တိုင်နားလည်တတ်ကျွမ်းစေရမည်။
- Component များကို Printed Circuit Board (PCB) ပြင်ပတွင် တိုင်းတာစစ်ဆေးခြင်းကို (Analog Multimeter, Digital Multimeter, Inductance & Capacitance Meter, သင်တန်းတွင်ကိုယ်တိုင်ပြုလုပ်သော Frequency Meter) တို့ဖြင့် သင်ကြားပေးပါသည်။
- Component များကို ဖြုတ်စရာမလိုပဲ PCB ပေါ်တွင် Power ပေးပြီးတိုင်းတာစစ်ဆေးခြင်းအားဖြင့် ပျက်စီးသောအပိုင်းကို အချိန်မကုန်ဘဲ လွယ်ကူစွာရှာဖွေ ပြင်ဆင်နိုင်အောင်သင်ကြားပေးမည်။
- Schematic Diagram များကို ကိုယ်တိုင် ကျွမ်းကျင်စွာဖတ်တတ်စေပြီး ဖုန်းတစ်လုံး၏ အစိတ်အပိုင်းများအားလုံးကို ခွဲခြားတတ်စေရမည်။
- Phone အတွင်းပိုင်းရှိ Section များကို အမှန်တကယ်နားလည်စေပြီး Component and Part များခွဲခြားပုံကို စနစ်တကျ သင်ကြားပေးခြင်းဖြင့်ပြစ်ချက်မှန်ကန်စွာရှာဖွေပြုပြင်နိုင်စေရမည်။

**Software / Hardware** ပိုင်းဆိုင်ရာ ပြစ်ချက်များကို ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေရှင်းပေးနိုင်သည် အထိ တိကျပြည့်စုံသော သင်ရိုးညွှန်းတန်းဖြင့် စာတွေ့ / လက်တွေ့ စနစ်တကျ သင်ကြားပေးပါသည်။

**နယ်ကျောင်းသားများအတွက် (အခမဲ့) Air-Con အဆောင်ကို သင်တန်းနှင့်အတူပူးတွဲစီစဉ်ထားပါသည်။**

### မိုဘိုင်းဆက်သွယ်ရေးနည်းပညာများဖြစ်သော

Queing Analysis
Switching & Hand-Off Process
Modulation Theorems (AM,FM,PM)(PCM,PWM,PAM,PPM)
Traffic Analysis
Base Band Transmission
Multiplexing Techniques & their Advantages and Disadvantages
Cell Splitting Knowledge အားလုံးကိုထည့်သွင်း သင်ကြားပေးပါသည်။

(Software Class ~ 20% Off )
(Hardware Class ~ 20% Off )

သင်တန်းသားများအား စတင် လက်ခံနေပါပြီ။

တန်းခွဲသစ်များ စတင်မည့်ရက် 16.9.2013

အသေးစိတ်သိရှိလိုသူများသင်တန်းသို့ လူကိုယ်တိုင်လာရောက်ဆွေးနွေးမေးမြန်းလေ့လာခြင်းကို ဝမ်းမြောက်စွာကြိုဆိုပါသည်။

**တန်းခွဲသစ်အတွက် Software+Hardware သင်တန်းအပ်နှံသူများအား သင်တန်းကြေး 30% OFF**

Vol . 3, Issue . 1




## Squadrons




Squadrons ဟာ အာကာသထဲမှာယာဉ်ပျံကို ကိုယ့်စိတ်ကြိုက်မောင်းနှင်ပြီး တိုက်ပွဲတွေဆင်နွှဲသွားရမယ့် ယာဉ်ပျံတိုက်ခိုက်ရေး ဂိမ်းပဲဖြစ်ပါတယ်။ လမ်းတစ်လျှောက်မှာတွေ့ရတဲ့ ရန်သူတွေကို တိုက်ခိုက်သွားရမှာဖြစ်တဲ့အပြင် ကိုယ့်အတွက် အကျိုးရှိစေမယ့် တူးဖော်ရေးလုပ်ငန်းတွေ၊ ကုန်သွယ်ရေးလုပ်ငန်းတွေကိုပါ လုပ်ဆောင်သွားရပါမယ်။ ရန်သူတွေကို ကိုယ်တစ်ယောက်တည်း မတိုက်ခိုက်ချင်ဘူးဆိုရင် bluetooth နဲ့ ချိတ်ဆက်ကာ ကိုယ့်သူငယ်ချင်းတွေနဲ့အတူတူ အသင်းတစ်သင်းဖွဲ့ပြီး ၁၀ ယောက်အထိ multiplayer ကစားနိုင်ပါတယ်။ ဒါ့အပြင် LAN နဲ့ အင်တာနက်ကို သုံးပြီးလည်း အချင်းချင်း ချိတ်ဆက်ကစားနိုင်ပြီး Game Center မှလည်း အခြားသူငယ်ချင်းတွေကို ဖိတ်ခေါ်ကာ အတူတူလက်တွဲကစားနိုင်ပါတယ်။ ကိုယ်ချိတ်ဆက်ကစားနေတဲ့ သူငယ်ချင်းအချင်းချင်း အပြန်အလှန် စကားပြောနိုင်အောင် Multiplayer Voice Chat နဲ့ အပြန်အလှန်စာရိုက်ပြီး အကြောင်းကြားနိုင်အောင် Multiplayer Text Chat စနစ်လည်း ပါရှိတာကြောင့် ကစားရတာအလွန်အဆင်ပြေတဲ့ ဂိမ်းတစ်ခုဖြစ်ပါတယ်။ စွမ်းအားပြည့်ဝတဲ့ယာဉ်ပျံပေါင်း ၃၀ လောက်ကို ရွေးချယ်အသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားပြီး ကိုယ်ရွေးချယ်ထားတဲ့ယာဉ်ပျံကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်နိုင်ပါတယ်။ ကိုယ့်ယာဉ်ပျံကို မောင်းနှင်မယ့်လေယာဉ်မှူးရဲ့ ကျွမ်းကျင်မှုစွမ်းရည်တွေကို ပြောင်းလဲမြှင့်တင်ပေးနိုင်အောင်လည်း စီမံပေးထားပါတယ်။ ရန်သူတွေကို တိုက်ခိုက်ချေမှုန်းနိုင်အောင် လေဆာလက်နက်၊ ဒုံးကျည်၊ အဏုမြူလက်နက်၊ တော်ပီဒို၊ စစ်ပွဲသုံးလျှပ်စစ် လက်နက်တွေအစရှိတဲ့ ယာဉ်ပျံမှာတပ်ဆင် အသုံးပြုမယ့်လက်နက်တွေ ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ကိုယ့်စိတ်ထဲရှိတဲ့ နေရာတွေကို လှည့်လည်သွားလာနိုင်ဖို့အတွက် အာကာသစခန်း ၅၀ ကျော်ပါရှိပြီး အနိုင်ယူတိုက်ခိုက်ရမယ့် Missions ပေါင်း ၂၀၀ ကျော်ကိုလည်း ရင်ဆိုင်သွားရမှာ ဖြစ်ပါတယ်။ ကိုယ့်ဂိမ်းတိုးတက်မှုတွေကို iCloud မှာတစ်ပြိုင်နက်တည်း သိမ်းဆည်းထားပေးနိုင်တာကြောင့် ကိုယ်ကစားချင်တဲ့အချိန်မှာ ဂိမ်းအစကနေ ပြန်ကစားနေစရာမလိုဘဲ ရောက်နေတဲ့နေရာကနေအချိန် မရွေးပြန်လည်ကစားနိုင်ပါတယ်။ အထူးပြုလုပ်တဲ့ graphics အင်ဂျင်ကို ထည့်သွင်းအသုံးပြုထားတဲ့အတွက် ဂိမ်းအရည်အသွေးပိုင်းက ကောင်းမွန်ရုံမက နောက်ခံအသံတွေနဲ့ သဟဇာတဖြစ်လှပါတယ်။ ဒါကြောင့် အချိန်ဘယ်လောက်ကြာအောင် ကစားပါစေ ပျင်းရိငြီးငွေ့သွားခြင်း မရှိနိုင်ပါဘူး။ ဒီ Squadrons အာကာသတိုက်ပွဲဂိမ်းကို ကစားချင်တယ်ဆိုရင်တော့ iOS 4.3 နဲ့အထက် လိုအပ်ပါတယ်။




## Dark Nebula HD - Episode Two



Dark Nebula HD-Episode Two ဟာ ထောင်ချောက်တွေပေါများတဲ့ တောနက်ကြီးထဲမှာ အဝိုင်းလေးပန်းတိုင်ကို ချောချောမွေ့မွေ့ရောက်အောင် ကူညီပို့ဆောင်ပေးရမယ့် ဝက်ပါဂိမ်းပဲ ဖြစ်ပါတယ်။ အန္တရာယ်ထောင်ချောက် အမျိုးမျိုးကို ဖြတ်ကျော်ရှောင်ကွင်းသွားနိုင်ဖို့ device ကို ဘယ်ညာယိမ်းပြီး သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် တံခါးဖွင့်တာတွေ၊ ခုန်တက်သွားတာတွေ၊ လျှောဆင်းသွားတာတွေကို သတိနဲ့လိုသလို စိတ်ကြိုက်လုပ်ဆောင်သွားရမှာဖြစ်ပြီး အောက်ကိုပြုတ်မကျသွားအောင်လည်း ဂရုစိုက်ကာ ချိန်ဆသွားရပါမယ်။ ရန်သူအမျိုးအစားအသစ်တွေ ၂၅ မျိုးကျော်ကို ထည့်သွင်းထားပြီး တိုက်ခိုက်သွားရမယ့် အင်အားကြီးမားတဲ့အန္တရာယ်တွေကိုလည်း ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ရန်သူတွေနဲ့ အန္တရာယ်တွေကို ပြန်လည်တိုက်ခိုက် ဖျက်ဆီးနိုင်တဲ့ စွမ်းရည်အသစ်တွေလည်း ပါရှိပါတယ်။ စိမ်းလန်းစိုပြည်တဲ့တောကြီးတွေ၊ ဘာမှမရှိတဲ့ မြေရိုင်းတောကြီးတွေ စတဲ့ပတ်ဝန်းကျင်နေရာ ၆ မျိုးကို ဖြတ်ကျော်ကစားနိုင်ပြီး တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ကစားနိုင်တဲ့ levels ပေါင်း ၁၉ ခုကို ထောက်ပံ့ပေးထားပါတယ်။ HD graphics ဒီဇိုင်းဖြစ်ပြီး လိုက်ဖက်တဲ့နောက်ခံအသံတွေကြောင့် ကစားရတာ ပိုမိုကောင်းမွန်ပါတယ်။ ဒီ Dark Nebula HD-Episode Two ဂိမ်းကို ကစားဖို့အတွက် iOS 6.0 နဲ့ အထက် လိုအပ်ပါတယ်။




## International Boxing Champions




လက်ဝှေ့ဝါသနာရှင်တွေအတွက် အလွန်စိတ်ကြိုက်ဖြစ်မယ့် ကြိုးဝိုင်းထဲမှာ ကမ္ဘာအနှံ့အပြားမှ တကယ့် လက်ဝှေ့ဆရာကြီးတွေနေရာကနေ တိုက်ခိုက်ရမှာဖြစ်ပါတယ်။ ကိုယ်တိုင်ဆန်းသစ်တဲ့ တိုက်ကွက်တွေကိုသုံးကာ ကမ္ဘာကျော်လက်ဝှေ့ပညာရှင်တွေနဲ့ တိုက်ခိုက်နိုင်ပြီး ကြိုးဝိုင်းထဲမှာ ကိုယ့်ပြိုင်ဘက်ကို ဗိုက်လက်သီးတွေ၊ ပင့်လက်သီးတွေနဲ့ ဖြောင့်လက်သီးတွေနဲ့ ကိုယ်ခန္ဓာချင်း ပူးတိုက်တာတွေကို လိုသလို စိတ်ကြိုက်ပြုလုပ်နိုင်ပါတယ်။ ဒီလိုကောင်းမွန်ထိရောက်တဲ့ လက်သီးတွေက သင့်ရဲ့ရမှတ်တွေကို အများကြီး တိုးပွားသွားစေနိုင်ပါတယ်။ သင်တိုက်ခိုက်တဲ့ တိုက်ကွက်ဆန်းတွေကိုပြိုင်ဘက်ကလည်း ပြန်လည်သင်ယူတိုက်ခိုက်နိုင်ပါတယ်။ တရုတ်၊ အမေရိကန်၊ ဘရာဇီး၊ ကနေဒါ၊ မက်ဆီကို၊ ရုရှား၊ အင်္ဂလန်ဆိုတဲ့ နိုင်ငံတွေက လက်ဝှေ့အကျော်အမော်တွေထဲမှ ကြိုက်နှစ်သက်တဲ့ ဇာတ်ကောင်ကိုရွေးချယ်နိုင်ပြီး ၎င်းတို့တစ်ယောက်စီရဲ့ ကိုယ်ပိုင်လုပ်ဆောင်နိုင်တဲ့စွမ်းရည်တွေကို ကြိုးဝိုင်းထဲမှာ ရရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ လက်ဝှေ့သမားတွေရဲ့ စွမ်းဆောင်ရည်တွေကိုလည်း ပိုမိုမြန်ဆန်သွက်လက်မှုရှိအောင် upgrade လုပ်နိုင်ပါတယ်။ ဒီ International Boxing Champions လက်ဝှေ့ဂိမ်းကို ကစားချင်တယ်ဆိုရင်တော့ iOS 4.3 နဲ့အထက် လိုအပ်ပါတယ်။




## Fast & Furious 6 : The Game




Fast & Furious ဇာတ်လမ်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေ ကိုယ်တိုင် အဲဒီဇာတ်လမ်းတွေထဲက ကားတွေကိုမောင်းပြီး ကားမောင်းပြိုင်နိုင်ပါပြီ။ Fast & Furious 6 ဇာတ်လမ်းကို အခြေခံထားတဲ့ဂိမ်းဖြစ်ပြီး တကယ့်ကို သည်းထိတ်ရင်ဖို ကားပြိုင်ပွဲကြီးကို ဆင်နွှဲရမှာပါ။ ကားပြိုင်ကွင်းနေရာကို လန်ဒန်မြို့ လမ်းမပေါ်မှာ ဖန်တီးထားပြီး အသုံးပြုထားတဲ့ graphic တွေက တကယ့်ကို အဆင့်မြင့်ပါတယ်။ ဂိမ်း mode အသစ်တွေ ထည့်ပေးထားပြီး online ပြိုင်ပွဲတွေလည်း ယှဉ်ပြိုင်နိုင်မှာပါ။ ကားမောင်းပြိုင်ကြမယ့် Fast & Furious 6 အဖွဲ့ထဲဝင်ပြီး ပြိုင်ဘက်တွေကို အနိုင်ရရှိအောင် သင်က ထိန်းချုပ်မောင်းနှင်ရမှာဖြစ်ပါတယ်။ ပြိုင်ဘက်တွေက တကယ်တော်တဲ့ ကြေးစားယာဉ်မောင်းတွေ ဖြစ်တဲ့အတွက် ကစားသူအနေနဲ့ မောင်းနှင်တာ ကျွမ်းကျင်ဖို့လိုပါမယ်။ အရင်ဆုံး ကိုယ်သုံးမယ့်ကားကို ရွေးယူလိုက်ပြီး ကားကို အမျိုးမျိုး ပြင်ဆင်မှုတွေ လုပ်ပေးနိုင်ပါတယ်။ ဇာတ်လမ်းထဲက ကားတွေအပါအဝင် အင်ဂျင်အားကောင်းတဲ့ အဆင့်မြင့်ကားတွေ အများကြီးပါ, ပါတယ်။ ဒါ့အပြင် အဖွဲ့သားတွေနဲ့အတူ ဓားပြတိုက်၊ လုယက်မှုတွေပြုလုပ်ပြီး ရွှေ၊ ငွေတွေ ရရှိအောင် လုပ်ဆောင်ပါ။ Global leaderboard နဲ့အတူ online ပေါ်မှာ တခြားသူတွေနဲ့ ယှဉ်ပြိုင်ကစားနိုင်ဦးမှာပါ။ Android 2.3 နဲ့ အထက်တွေမှာ ကစားနိုင်ပါတယ်။




## Angry Bird Friends




Angry Bird ဂိမ်းကို တစ်ယောက်တည်း ကစားတာမျိုး မဟုတ်ဘဲ သူငယ်ချင်းတွေနဲ့အတူ အုပ်စုဖွဲ့ ကစားနိုင်မှာဖြစ်လို့ တကယ့်ကို ထူးခြားတဲ့ ဂိမ်းဖြစ်ပါတယ်။ Facebook ကနေတစ်ဆင့် သူငယ်ချင်းတွေကို ဖိတ်ခေါ်ပြီး ကစားရမှာပါ။ အဆင့် ၆ ဆင့်ပါတဲ့ ပြိုင်ပွဲစဉ်တွေကို အပတ်စဉ်အလိုက် ကစားရမှာ ဖြစ်ပါတယ်။ အဆင့်အသစ်အသစ်တွေကို အပတ်စဉ်ထည့်ပေးသွားမှာဖြစ်လို့ ကစားရတာ ပျင်းရိငြီးငွေ့ မနေတော့ပါဘူး။ သူငယ်ချင်းတွေကို ဖိတ်ခေါ်ကစားပြီး ကြေးဖလား၊ ငွေဖလား၊ ရွှေဖလားတွေ ရယူနိုင်အောင် ကြိုးစားပါ။ Power-ups တွေပေးတဲ့ အဆင့် ၄ ဆင့်ပါပြီး အဲဒီအဆင့်တွေကို အောင်မြင်ရင် Power-ups တွေကို အများကြီးအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ နေ့စဉ်အလိုက် ပေးတဲ့ဆုတွေကို ရအောင်ယူပြီး ကစားတဲ့သူ အချင်းချင်း လက်ဆောင်တွေပို့ပေးတာ၊ ယူတာတွေ လုပ်နိုင်ပါတယ်။ Facebook account နဲ့ ဝင်ပြီးကစားနိုင်သလို account မရှိဘဲလည်း ကစားနိုင်ပါတယ်။ Facebook account နဲ့ ကစားရင်တော့ သင့်ရဲ့ဂိမ်းတိုးတက်မှုကို အလိုအလျောက် update လုပ်ပေးပါလိမ့်မယ်။ Tutorial အဆင့်ကို အောင်မြင်ရုံနဲ့ coin တွေ ရရှိနိုင်ပါတယ်။ ဂိမ်းမြင်ကွင်းနောက်ခံတွေကို သစ်တောနောက်ခံ၊ ပင်လယ်နောက်ခံ၊ တောင်တန်းနောက်ခံတွေနဲ့ ပြင်ဆင်ထားပြီး graphic ကောင်းမွန်မှုကြောင့် မြင်ကွင်းတွေက လှပနေမှာပါ။ ဒီဂိမ်းကိုကစားမယ်ဆိုရင်တော့ အင်တာနက်လိုအပ်ပြီး Android 2.3 နဲ့ အထက်မှာ ကစားနိုင်ပါတယ်။



## Temple Run: Brave




Temple Run: Brave ဂိမ်းဟာ Disney/ Pixar Brave ဇာတ်လမ်းကို အခြေခံပြီး တည်ဆောက်ထားတဲ့ အပြေးဂိမ်းဖြစ်ပါတယ်။ မာရီဒါဆိုတဲ့ ဇာတ်ကောင်မလေးရဲ့နေရာမှာ ဝင်ရောက်ပြီး သူ့ကို အန္တရာယ်ကနေ လွတ်မြောက်အောင် ထိန်းချုပ်ကစားရမှာ ဖြစ်ပါတယ်။ စကော့တလန်ဒေသ တောရိုင်းမြေရိုင်းကြီးထဲမှာ ဖြတ်သန်းပြေးလွှားပြီး အဆုံးမရှိတဲ့ စွန့်စားခန်းကြီးကိုပြုလုပ်ရမှာပါ။ အန္တရာယ်ကနေ လွတ်မြောက်အောင် ပြေးရမယ်၊ လွှားရမယ်၊ ခုန်ရမယ်၊ ပြီးရင်ရှေ့မှာတွေ့တဲ့ ရန်ပြုမယ့်သူတွေကို မြားနဲ့ ပစ်ခတ်ရှင်းလင်းရမှာဖြစ်ပါတယ်။ ပြေးရင်းလွှားရင်းနဲ့ လမ်းမှာတွေ့သမျှ ဒင်္ဂါးတွေ၊ ရတနာတွေကို ရယူသွားနိုင်ဖို့လိုပါတယ်။ အကွေ့အချိုးတွေ ကွေ့ဖို့၊ ခုန်ဖို့နဲ့ လျှောဆင်းဖို့အတွက် ဖုန်းမျက်နှာပြင်ကို ဘယ်ညာရွှေ့ပေးရမှာဖြစ်ပြီး ဖုန်းကို ဘယ်ညာယိမ်းပေးတာလည်း လုပ်နိုင်ပါတယ်။ ပစ်မှတ်အလယ်တည့်တည့်ကို မြားနဲ့ထိမှန်အောင် ပစ်ခတ်နိုင်ဖို့အတွက်တော့ ကိုယ်ပစ်မယ့်ပစ်မှတ်တွေကို လက်နဲ့ပုတ်ပေးလိုက်ပါ။ ပစ်မှတ်ကို မြားထိမှန်အောင် ပစ်နိုင်ရင် ဒင်္ဂါးတွေ အပိုရရှိမှာဖြစ်ပါတယ်။ Power-ups တွေ သုံးနိုင်ဖို့အတွက် ဒင်္ဂါး ၂၅၀၀ ကို free ပေးထားပါတယ်။ မကောင်းဆိုးဝါးဝက်ဝံကြီး Mordu ထက်ကျော်အောင် ပြေးပြီးတော့ ဆုဖလားရယူပါ။ ဂိမ်းမြင်ကွင်းတွေကို ဆန်းသစ်အံ့သြစရာကောင်းအောင် တွေ့ရမှာဖြစ်ပြီး အရင် Temple Run ဂိမ်းတွေမှာထက် ပိုမိုထူးခြားမှာပါ။ Android 2.3 နဲ့အထက် ဖုန်းတွေမှာ ကစားနိုင်ပါတယ်။

Authorised Distributor (Dell Consumer): KMD
174-182, Pansodan Road (Middle Block), Kyauktada Tsp.
Tel: 01- 385177, 381035

DELL
The power to do more

# XPS 12 Ultrabook™



## Beautiful, fast, fluid.

Instant access to your people, apps, and stuff.

Toch Enabled

**$1,379** Windows 8 intel inside CORE i5

- 3rd Gen.Intel® Core i5 -3337U (2.7 GHz)
- 8GB DDR3 • 128GB Solid State Drive
- 12.5" FHD 1080p Touch
- Window 8 Single Language, Eng (64bit)
- Intel® HD Graphics 4000
- WiFi , Bluetooth 4.0 • 5 in 1 CardReader
- 6-cell Lithium Ion Battery

**$1,609** Windows 8 intel inside CORE i7

- 3rd Gen.Intel® Core i7 -3537U (3.1 GHz)
- 8GB DDR3 • 256 GB Solid State Drive
- 12.5" FHD 1080p Touch
- Window 8 Single Language, Eng (64bit)
- Intel® HD Graphics 4000
- WiFi , Bluetooth 4.0 • 5 in 1 CardReader
- 6-cell Lithium Ion Battery



TOUCH SCREEN

Small size. Big value.

## DELL™ INSPIRON 3421

**$729** intel inside CORE i5

- 3rd Gen.Intel® Core i5-3337U (1.8GHz)
- 4GB DDR3 • 500GB SATA HDD
- 14" LED HD
- DVD+/- RW Optical Drive
- Nvidia Geforce GT625M 1GB DDR3
- WiFi , Bluetooth 4.0 • 5 in 1 CardReader
- 6-cell Lithium Ion Battery

## DELL™ INSPIRON 3421

**$679** intel inside CORE i5

- 3rd Gen.Intel® Core i5 -3337 U (2.60GHz)
- 4GB DDR3 • 750GB SATA HDD
- 15.6" LED HD
- DVD+/-RW Optical Drive
- AMD Radeom™HD8730M 2GB DDR3
- WiFi , Bluetooth 4.0 • 5 in 1 CardReader
- 4-cell Lithium Ion Battery

## Dell Inspiron 660MT



**$419**

- 3rd Gen.Intel® Core i3
- 2GB DDR3 • 500GB SATA HDD
- Intel® HD Integrated Graphics
- Dell DW 1506 (802.11 b/g/n)
- DVD+RW (Double Layer)
- USB 3.0, USB 2.0 • HDMI

**$549**

- 3rd Gen.Intel® Core i5
- 4GB DDR3 • 1TB SATA HDD
- Nvidia®Geforce®GT620M 1GB DDR3
- Dell DW 1506 (802.11 b/g/n)
- DVD+RW (Double Layer)
- USB 3.0, USB 2.0 • HDMI

## DELL™ INSPIRON 3421

**$429** intel Pentium inside

- Intel Pentium 2127 (1.6GHz)
- 4GB DDR3 • 500GB SATA HDD
- 14" LED HD
- DVD+/- RW Optical Drive
- Intel HD Graphic
- WiFi , Bluetooth • 5 in 1 CardReader
- 6-cell Lithium Ion Battery

## Dell Vostro V5560

**$719** intel inside CORE i5

- 3rd Gen.Intel® Core i5 -3230 M (2.60GHz)
- 4GB DDR3 • 750GB SATA HDD
- 15.6" LED HD
- DVD+/-RW Optical Drive
- Nvidia®Geforce®GT630M 2GB DDR3
- WiFi , Bluetooth 4.0 • 5 in 1 CardReader
- 3-cell Lithium Ion Battery

## Dell LED Monitor

### 18.5" IN 1930

**$104**



- HD Display
- 1366 x 768 Pixels Resolution
- TN Panel Type
- 18.5 inch LED Backlit LCD Monitor
- Brightness: 300 nits
- 1000:1 Contrast Ratio

### 23" S2340L

**$169**



- HD Display
- 1920 x 1080 Pixels Resolution
- VGA • HDMI
- 23 inch LED Backlit LED Monitor
- Brightness: 300 nits
- 1000:1 Contrast Ratio

စစ်မှန်သောပစ္စည်း၊ မှန်ကန်ခိုင်မာသောအရည်အသွေး၊ ပြီးပြည့်စုံသောဝန်ဆောင်မှုများ ရရှိစေရန်အတွက်
Dell ရောင်ပြန်အမှတ်တံဆိပ် Sticker Logo များပါဝင်သော Dell မှ တရားဝင်ပစ္စည်းများကိုသာဝယ်ယူပါ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| Technoland -73024327, 91024812 | UNIQUE -391789, 0973171212 | citicom -382979, 374544 | iCE -216484 215353 | Life Mark -391691 | INNWA -385183, 02-71108 | EASTERN -398224 | KING POWER -398008 |
| IDEA LINK -376212, 73026840 | MRS Computer & Network -392259 | CTM Cyber Techno Mart -224502, 09-8617210 | RIT -376067, 09-31294699 | KSW -398037 246837 | Smart Computer Technology -256636, 389112 | MAT -09 2015503 | ME -02 - 74322 |

LINN 067-22884

# APPS OF THE WEEK




## 1. Djay 2 For iPhone

သင့်ရဲ့ iPhone ကို ပြီးပြည့်စုံတဲ့ DJ စနစ်တစ်ခုအဖြစ်ပြောင်းလဲနိုင်မယ့် app ဖြစ်ပါတယ်။ DJ ပွတ်တာကျွမ်းကျင်သူဖြစ်စေ၊ အခုမှစပြီး DJ ကိုစလုပ်ကြည့်မယ့်သူဖြစ်စေ အကုန်လုံးနဲ့အဆင်ပြေအောင်ပြုလုပ်ထားပါတယ်။ ထူးခြားတဲ့ DJ အတွေ့အကြုံကိုပေးစွမ်းနိုင်တဲ့ ဖျော်ဖြေရေး app ကောင်းတစ်ခုပါပဲ။ iPhone မှာရော၊ iPod touch မှာပါသုံးနိုင်ပါတယ်။ Music library ထဲဝင်ပြီးအသုံးပြုနိုင်တဲ့အတွက် နှစ်သက်ရာသီချင်းတွေ၊ playlist တွေကိုတိုက်ရိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Performance Layer တွေအများကြီးပါရှိပြီး turntable, waveform နဲ့ Sampler တို့ကြား အလွယ်တကူအကူးအပြောင်းလုပ်နိုင်မှာပါ။ Deck mode ကတော့တစ်ခုတည်းပါ။ Parallel Scrolling Wave view ဖြစ်လို့ သီချင်း ၂ ပုဒ်ကိုဘေးချင်းယှဉ်ထားပြီး remix လုပ်နိုင်ပါတယ်။ Waveform တွေကိုအရောင်နဲ့ပြပေးတဲ့အတွက် ဒရမ်သံ၊ စကားသံတွေလိုမျိုး အသံတွေကို color mapping ပေါ်အခြေခံထားတဲ့လှိုင်းနှုန်းတွေနဲ့တွေ့မြင်ရမှာပါ။ သီချင်းတစ်ပုဒ်မှာ structure ၊ ခြေဆင်း၊ သံပြိုင်အပိုဒ်၊ verse အပိုဒ် စတာကိုအလွယ်တကူသိရှိနိုင်ဖို့အတွက် သီချင်းအသံလှိုင်းစဉ်နဲ့ခွဲခြားပြပါတယ်။ Waveform နဲ့ရှိနေတဲ့စည်းချက်တွေကို စည်းချက်ပြင်းပြင်းတွေအဖြစ်ပြောင်းလဲပြီး remix လုပ်နိုင်ပါတယ်။ စည်းချက်တွေအချိတ်အဆက်မှန်ဖို့နဲ့လိုက်ဖက်ညီဖို့အတွက် အလိုအလျောက်စစ်ဆေးပေးတဲ့ Beat Grids တွေပါတယ်။ ကြိုတင်ထည့်ပေးထားတဲ့အချက်အလက်တွေထဲကနေ အသံတွေအစပျိုးဖို့အတွက် sample pad ၈ ခုပေးထားပါတယ်။ ကိုယ်ပိုင် one-shot sample တွေဖန်တီးဖို့ ဖွင့်ထားတဲ့သီချင်းကနေ တိုက်ရိုက် recording လုပ်နိုင်ပါမယ်။ သီချင်းတွေအတွက် playlist တည်ဆောက်နိုင်ပြီး ဘယ်သီချင်းကိုတော့ဖွင့်နားထောင်ပြီးပြီဆိုတာကို History နဲ့ပြပေးပါတယ်။ သီချင်းတစ်ပုဒ်ကိုဖွင့်နားမထောင်ခင်မှာ အဲဒီသီချင်းကို preview ကြည့်ဖို့အတွက် library ထဲမှာ tap ခေါက်ပြီးကြည့်နိုင်ပါတယ်။ Audio format အားလုံးနီးပါးကိုပံ့ပိုးပေးနိုင်ပြီး DJ MIDI Controller တွေက Vestax Spin 2, Numark Mixdeck Quad, Numark iDJ Live, Numark iDJ Live II, ION iDJ 2 Go တို့ဖြစ်ပါတယ်။ ဒီ App ကို iOS 6.0 နဲ့အထက်မှာသုံးနိုင်ပါတယ်။

## 2. Truecaller-Caller ID & Block




Truecaller ဟာဖုန်းလမ်းညွှန်တွေအများဆုံးထည့်ထားပေးနိုင်တဲ့ phone directory app ဖြစ်ပါတယ်။ ဒီ app ကိုအသုံးပြုထားမယ်ဆိုရင်ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့လူတွေနဲ့ အလွယ်တကူဆက်သွယ်မှုပြုလုပ်နိုင်မှာပါ။ ကမ္ဘာပေါ်မှာရှိတဲ့ ဖုန်းနံပါတ်ပေါင်း သန်း ၉၅၀ ကျော်ကိုရှာဖွေနိုင်ပြီး သူတို့တွေနဲ့အဆက်အသွယ်လုပ်နိုင်ပါတယ်။ ကိုယ့်ရဲ့ဖုန်းထဲကဖုန်းစာအုပ်ကိုလှပအောင်အမြဲတမ်း up to date ဖြစ်အောင်လုပ်နိုင်ပြီး သူငယ်ချင်းတွေရဲ့လိပ်စာအချက်အလက်တွေ၊ ပုံတွေကိုအမြဲတမ်း update လုပ်ပေးနိုင်မှာပါ။ Caller ID Feature နဲ့အတူ ဝင်လာတဲ့ unknown caller တွေကိုဖုန်းပြန်မထူးခင်ဘယ်သူဆိုတာရှာကြည့်နိုင်ပါတယ်။ ဒီ feature အတွက် 3G နဲ့ Wi-Fi ရှိဖို့လိုပါမယ်။ နောက်ပြီး မလိုတဲ့ဖုန်းနံပါတ်တွေမဆက်ရအောင် Blacklist လုပ်ထားနိုင်သလို spam call တွေကိုလည်းတားဆီးနိုင်ပါတယ်။ Facebook တို့၊ LinkedIn account တို့နဲ့ချိတ်ဆက်နိုင်ပြီး သူငယ်ချင်းတွေကမိမိဆီဖုန်းခေါ်တဲ့အချိန်မှာ သူတို့ရဲ့ status တွေကိုချက်ချင်းဖတ်နိုင်မှာဖြစ်ပါတယ်။ Call Log ပါရှိပြီး အဝင် call အထွက် call တွေအားလုံးကိုကြည့်နိုင်သလို ရှာဖွေမှုလည်းပြုလုပ်နိုင်ပါတယ်။ ဒီလိုမျိုးကမ္ဘာအနှံ့က ဖုန်းနံပါတ်တွေရှာဖွေချိတ်ဆက်နိုင်တဲ့ Truecaller app ကို Android 2.2 နဲ့အထက်တွေမှာအသုံးပြုနိုင်ပါတယ်။

## 3. iColorama




iColorama ဟာကိုယ့်ရဲ့ဓာတ်ပုံကိုပိုမိုဆန်းပြားသွားအောင်ဖန်တီးမှုအသစ်တွေ ပြုလုပ်ချင်တဲ့သူတွေအတွက်အလွန်အသုံးဝင်တဲ့ကင်မရာ app ပဲဖြစ်ပါတယ်။ ဓာတ်ပုံကိုဆေးရေးပန်းချီကားချပ်တစ်ခုလိုဖြစ်သွားအောင် အရောင်တွေနဲ့ထပ်မံခြယ်သနိုင်ပါတယ်။ စိတ်ကြိုက်ယူသုံးနိုင်တဲ့အရောင်တွေကိုထည့်သွင်းပေးထားပြီး အရွယ်အစားစုံလင်တဲ့ brush အမျိုးအစားပေါင်း ၄၀၀ ကျော်လောက်ကိုလည်းထောက်ပံ့ပေးထားပါတယ်။ ဓာတ်ပုံထဲမှာထည့်သွင်းအသုံးပြုနိုင်တဲ့ effects ပေါင်းများစွာပါရှိပြီး Touch တစ်ချက်တည်းနဲ့ Effects တွေကိုထည့်နိုင်တာကြောင့် ပြုလုပ်ရတာလည်းလွယ်ကူပါတယ်။ ကိုယ့်ဓာတ်ပုံကိုစိတ္တဇဆန်ဆန်ပန်းချီကားပုံစံမျိုးဖြစ်သွားအောင်လုပ်ဆောင်နိုင်ပြီး ဓာတ်ပုံတစ်ပုံတည်းကို effects ပေါင်းများစွာထည့်သုံးနိုင်တဲ့အပြင် ကိုယ်လိုချင်တဲ့ပုံစံရတဲ့အထိ effects တွေအမျိုးမျိုး ထည့်ကြည့်နိုင်ပါတယ်။ ကိုယ်ဖန်တီးထားတဲ့အနုပညာလက်ရာမြောက်တဲ့ပုံတွေကို Photo gallery ထဲမှာသိမ်းဆည်းထားနိုင်သလို facebook, Twitter, Instagram နဲ့ Flickr တွေမှတစ်ဆင့် ကိုယ့်သူငယ်ချင်းတွေဆီကိုတိုက်ရိုက် share လုပ်နိုင်ပါတယ်။ ဒီလိုဆန်းသစ်ကောင်းမွန်တဲ့ iColorama app ကိုအသုံးပြုချင်တယ်ဆိုရင်တော့ iOS 5.1 နဲ့အထက်လိုအပ်ပါတယ်။

## 4. Pearl Guitar




Pearl Guitar ဟာတကယ့်ဂစ်တာမှာပါရှိတဲ့ကြိုး ၆ ကြိုးလုံး အပြည့်အဝထောက်ပံ့ပေးထားပြီး သဘာဝကျတဲ့အသံတွေကိုအကောင်းဆုံးပေးစွမ်းနိုင်တဲ့ဂစ်တာ app တစ်ခုပဲဖြစ်ပါတယ်။ စည်းချက်တွေကိုညီညာသေသပ်မှုရှိအောင် နာရီချိန်စက်ပါရှိတဲ့အပြင် Conga drum လည်းပါရှိပါတယ်။ Solo passage ကိုအကောင်းဆုံးတီးခတ်နိုင်ဖို့အတွက် အဆန်းသစ်ဆုံးနည်းလမ်းတစ်ခုဖြစ်တဲ့ SoloBoard buttton ကိုလည်းထည့်သွင်းပေးထားပါတယ်။ လက်ကွက်နှိပ်နိုင်တဲ့ဖရက်ဘားတန်းကြားထဲမှာ ကြိုးတွေကို ကွေးနိုင်၊ ညှတ်နိုင်တာကြောင့် သံစဉ်အသစ်တွေကိုရှာဖွေဆန်းသစ်တီထွင်နိုင်ပါတယ်။ နားကြပ်နဲ့ချိတ်ဆက်ပြီး ဂစ်တာတီးကာသီချင်းဆိုနေစဉ် ကိုယ့်ရဲ့အသံတွေကိုလည်းမှတ်သားသိမ်းဆည်းထားနိုင်ပါတယ်။ ကိုယ်တီးချင်တဲ့သီချင်းရဲ့လက်ကွက်ကိုမသိရင်လည်း အဆင်ပြေပြေတီးခတ်နိုင်ပြီး တစ်ဆင့်ပြီးတစ်ဆင့်တီးရမယ့်လက်ကွက်တွေကိုကြိုတင်ပြသပေးနိုင်တဲ့ Smart Follow feature ပါရှိပါတယ်။ Standard version မှာလက်ကွက်ပေါင်း ၁၆ ခုကိုပံ့ပိုးပေးထားပါတယ်။ Audiobus ၊ File Manager ၊ Chords menu တွေကို unlock လုပ်နိုင်တဲ့ Premium mode ကိုလည်း upgrade လုပ်နိုင်ပါတယ်။ ဒီ app ကိုအသုံးပြုဖို့အတွက် iOS 6.0 နဲ့အထက်လိုအပ်ပါတယ်။

## 5. Evernote




Evernote ဟာ ကိုယ်ရေးမှတ်သားချင်တဲ့အကြောင်းအရာတွေကို အလွယ်တကူရေးမှတ်နိုင်ပြီး တခြားလုပ်ဆောင်နိုင်တဲ့ features တွေအများကြီးကိုထောက်ပံ့ပေးထားတဲ့ app တစ်ခုပဲဖြစ်ပါတယ်။ ဒီ app ထဲမှာ ဓာတ်ပုံရိုက်တာတွေ၊ စာရင်းဇယားမှတ်သားတာတွေပြုလုပ်နိုင်ပြီး voice reminder လည်း ပါရှိပါတယ်။ အသုံးပြုနေတဲ့ device နဲ့ကွန်ပျူတာရဲ့ကြားမှာ မှတ်စုတွေကို တစ်ပြိုင်နက်တည်းချိတ်ဆက်နိုင်တာကြောင့် ကွန်ပျူတာကနေတစ်ဆင့် ဖုန်းထဲမှာမှတ်သားထားတဲ့အကြောင်းအရာတွေကိုအချိန်မရွေးဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ မှတ်စုတွေထဲမှာ ဓာတ်ပုံတွေကိုလည်းပေါင်းထည့်နိုင်ပြီး မှတ်စုတွေကိုပေါင်းစည်းကာမှတ်စုစာအုပ်တွေပြုလုပ်နိုင်ပါတယ်။ ကိုယ်ရေးသားတဲ့မှတ်စုအကြောင်းအရာတွေကိုပြန်ပြင်တာတွေ၊ ဖျက်ထုတ်တာတွေကိုလည်း အလွယ်တကူလုပ်ဆောင်နိုင်ပြီး ဖိုင်တွေကိုသိမ်းဆည်းထားနိုင်တဲ့အပြင် facebook, twitter တို့မှတစ်ဆင့် share လုပ်လို့လည်းရပါတယ်။ ဒါ့အပြင် Evernote အကောင့်မှာ save လုပ်ထားနိုင်ပြီး email နဲ့လည်းပို့နိုင်ပါတယ်။ မှတ်စုတွေကိုဘယ်အချိန်ပဲဖြစ်ဖြစ် offline နဲ့လည်းဝင်ကြည့်နိုင်သလို လုံခြုံစိတ်ချမှုရှိအောင် pin lock လုပ်ထားနိုင်ပါသေးတယ်။ Android 2.2 နဲ့အထက်လိုအပ်ပါတယ်။

## 6. Homestyler




အိမ်အလှပြင်လုပ်ငန်းကို စိတ်ဝင်စားတဲ့သူတွေရော၊ လက်တွေ့လုပ်ဆောင်နေတဲ့သူတွေအတွက်ပါ တကယ့်ကိုအသုံးဝင်မယ့်အိမ်အလှပြင်ဆင်ရေးဆိုင်ရာဒီဇိုင်းဖန်တီးမှု app ဖြစ်ပါတယ်။ အခန်းတွင်းအပြင်အဆင်ပိုင်းနဲ့ပတ်သက်လို့ အထားအသို၊ ပုံစံ၊ အနေအထားတွေကို စိတ်ကြိုက်ပြင်ဆင်နိုင်ပြီး ကိုယ့်ရဲ့လုပ်ငန်းအတွက် လက်တွေ့အသုံးပြုနိုင်မှာပါ။ အိမ်ဒီဇိုင်းဖန်တီးဖို့အတွက် အရင်ဆုံးအခန်းတစ်ခုရဲ့ပုံကိုရယူလိုက်ပါ။ ပြီးရင်အခန်းထဲမှာတကယ့်ပရိဘောဂတွေနဲ့တူတဲ့ အရည်အသွေးမြင့် 3D ပရိဘောဂတွေကို နေရာချပေးရမှာဖြစ်ပါတယ်။ လိုက်ကာတွေတပ်မယ်၊ ဆိုဖာခုံတွေ၊ စားပွဲတွေ၊ မီးအုပ်ဆောင်း၊ မီးလုံးတွေကို နေရာချပြီးလှပဆန်းသစ်တဲ့ဒီဇိုင်းဖြစ်အောင်ဖန်တီးပါ။ ကော်ဇော၊ မှန်၊ ပန်းချီကား စသဖြင့်မျိုးစုံပါရှိပြီး တကယ့်အစစ်တွေလိုထင်ရမှာပါ။ နောက်ထပ်လှပတဲ့ပုံတွေ၊ ပစ္စည်းတွေကိုလည်း Design Stream ထဲကနေ browse လုပ်နိုင်ပြီး Design Gallery ထဲမှာတော့ "Heart" ဒီဇိုင်းတွေရယူနိုင်ပါတယ်။ Facebook ၊ အီးမေးလ်ကနေတစ်ဆင့် share လုပ်ကာ တခြားသူတွေရဲ့အကြံဉာဏ်တွေရယူနိုင်ပါတယ်။ အိမ်တွင်းအလှပြင်ဆင်မှုတွေကိုပုံဖော်ဖန်တီးနိုင်ဖို့အတွက် Homestyler ကို Android 3.0 နဲ့အထက်မှာအသုံးပြုနိုင်ပါတယ်။


msi
Authorized Distributor
Royal Smart Trading Co., Ltd.
Supports Intel® Small Business Advantage
SUPPORTS intel inside CORE
intel inside CHIPSET B85
MOTHERBOARD
B85M-G43
4th Gen Intel® Core™ / Pentium® / Celeron® processors LGA1150
Intel® B85 Express Chipset
1 * PCI-E 3.0 x16 slot with 4th Gen Intel® Core™ processors,
AMD CrossFire Support
HDMI, DVI, D Sub – Requires Processor Graphics
4 * SATA 6Gb/s, 2 * SATA 3Gb/s
4 * USB 3.0, 8 * USB 2.0
4 DIMMs, Dual Channel DDR3-1600
1 * PCI E 2.0 x16 slot, 2 * PCI E x1 slots, 3 * PCI slots
10 / 100 / 1000 Mbps LAN
8-channel (7.1) HD Audio, OC Genie 4, ClickBIOS 4
TOP QUALITY & STABILITY
msi MILITARY CLASS 4
MIL-STD-810G CERTIFIED COMPONENTS
MILITARY CLASS ESSENTIALS
HUMIDITY PROTECTION
The latest Gen 4 Fabric PCB helps to against moisture cause by some humid conditions and environments.
EMI PROTECTION
The optimized EMI-proof design helps to keep users safe when during a long-time computer operation.
ESD PROTECTION
Anti-ESD ICs and fuses onboard helps to totally protect your motherboard from electrostatic damage.
HIGH TEMPERATURE PROTECTION
Certificated Military Class 4 components help to work stable under some extreme conditions.
No.158, 36th Street (Middle), Kyauktada Township, Yangon. Tel : 01-240110, 09-730 20981
www.msi.com


I.C.E
Special Promotion
ယခုတစ်ပတ်အတွင်းဝယ်ယူအားပေးသူများရရှိမည့်အထူးအခွင့်အရေး။ (7-17.Sept.2013)
acer
Cash Back : 10000K, 15000K, 20000K
( ငွေပြန်အမ်းမည့် အစီအစဉ် )
acer Lucky Draw Progm
5000k / 10000k / 20000k / 30000k / 50000k / 100000k
Acer Unbrella / Acer Bottle
Free Gift
Cash Back : 10000K, 15000K, 20000K
( ငွေပြန်အမ်းမည့် အစီအစဉ် )
Memory 2GB(Free Upgrade) + Mouse
Toshiba Free Gift
Memory 2GB(Free Upgrade) + Wirless Mouse
Memory 2GB(Free Upgrade) + GB Stick + Wirless Mouse
4GB Stick + Mouse
8GB Stick + Mouse
TOSHIBA
Leading Innovation
အမှတ် (၄၁၊ ၄၃၊ ၄၄၊ ၄၅)၊ လမ်းမတော် လှည်းတန်းလမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(၁၀လမ်းနှင့်၁၁လမ်းကြား၊ အလယ်ဘလောက်)
218202, 216484, 214808

## Short News




### Note 3 နှင့် Galaxy Gear တို့၏ UK ဈေးနှုန်းများသတ်မှတ်ပြီး

Samsung က Galaxy Note 3 နှင့် Galaxy Gear တို့၏ UK ဈေးနှုန်းများကို သတ်မှတ်ခဲ့ရာတွင် Note 3 အတွက် ၆၄၉ ပေါင်နှင့် Galaxy Gear အတွက် ၂၉၉ ပေါင် ကျသင့်မည်ဖြစ်ပြီး ၂ မျိုးတွဲဖက်ယူပါက စုစုပေါင်းတန်ဖိုးထက် ပေါင် ၁၀၀ သက်သာမည်ဖြစ်ကာ စက်တင်ဘာ ၂၅ တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

### Lenovo က 5-inch Vibe X စမတ်ဖုန်းသစ်ကို ပြသသွားခဲ့

IFA ပွဲတွင် Lenovo က 6.9mm အထူရှိ 5-inch Full HD display သုံးထားသော Vibe X စမတ်ဖုန်းသစ်ကို ပြသသွားခဲ့ပြီး quad-core MediaTek 6589T CPU, 2GB RAM 16GB storage, 5MP/13MP dual cameras နှင့် Android 4.2.2 တို့ကို အသုံးပြုထားသည်။

### Nexus 5 နှင့်ပတ်သက်သည့် အချက်အချို့ထပ်မံထွက်ပေါ်

LG က အသစ်ထုတ်မည့် Nexus 5 ဖုန်း၏အချက်အချို့ထပ်မံထွက်ပေါ်ခဲ့ပြီး မျက်နှာပြင်မှာ Full HD 4.96-inch, Snapdragon 800 SoC နှင့် Google က အသစ်မိတ်ဆက်ထားသော Android 4.4 KitKat OS အသုံးပြုမည်ဟုသိရှိရသည်။

### Galaxy S4 နှင့် S3 ဖုန်းများကို Android 4.3 မြှင့်ပေးမည်

Samsung ၏ အဓိကစမတ်ဖုန်းထုတ်ကုန်များဖြစ်သော Galaxy S4 နှင့် S3 ဖုန်းများကို OS ပိုင်းအဆင့်မြှင့်တင်မှုအဖြစ် Android 4.3 ကိုတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး လာမည့်အောက်တိုဘာမှစတင်ကာ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် Note 2 ကိုလည်း 4.3 version မြှင့်တင်ပေးရန်ပါရှိနေသည်ဟုသိရှိရသည်။

### UK တွင် Xperia Z1 ကို QX10 lens ဖြင့်ရောင်းချပေးရန်ရှိ

Sony က ထုတ်ထားသည့် Xperia Z1 ဖုန်းကို UK ရှိအရောင်းဆိုင်အချို့က Sony ကပင်ထုတ်ထားသော QX10 lens ကိုအခမဲ့အဖြစ်ထည့်သွင်းရောင်းချသွားရန်ရှိနေပြီး QX10 lens ၏သီးသန့်ဈေးနှုန်းမှာ ပေါင် ၁၈၀ အထိကျသင့်မည်ဖြစ်သည်။



# Surface Pro 2 အသေးစိတ်ထွက်ပေါ်လာခဲ့



Microsoft သည် ၎င်းတို့၏ ကိုယ်ပိုင် tablet အဖြစ် Surface RT tablet နှင့် အဆင့်မြင့် Surface Pro tablet တို့ကိုထုတ်လုပ်ပြီး ဈေးကွက်ချဲ့ထွင်မှုလုပ်ခဲ့ရာတွင် ငွေကြေးများစွာဆုံးရှုံးမှုများရှိခဲ့သည်ဟု သုတေသီများကဆိုခဲ့ကြသည်။ ထို့ကဲ့သို့ Windows အမျိုးအစား Surface tablet များထုတ်လုပ်မှုကို Microsoft အနေဖြင့် အလွယ်တကူလက်လျှော့ဦးမည်မဟုတ်ဘဲ နောက်ထပ်အဆင့်မြှင့်ထားသော Surface Pro 2 ကိုပါ ဆက်လက်ထုတ်လုပ်ပြီး တခြားသောပြိုင်ဘက်များကိုယှဉ်ပြိုင်သွားရန်ရှိနေသည်။

လက်ရှိထွက်ပေါ်လာသော သတင်းများအရ Microsoft မှာ Surface Pro ၏ မျိုးဆက်သစ်အဖြစ် Surface Pro 2 ကိုထုတ်လုပ်လျက်ရှိသလိုင်းနှင့်ပတ်သက်သည့်အချက်အသေးစိတ်ကိုလည်း တွေ့ရှိခဲ့ရပြီဖြစ်သည်။ အရွယ်အစား အနေအထားတွင်ပြောင်းလဲသွားမည်မဟုတ်သော်လည်း အတွင်းပိုင်း hardware များတွင်မူ ပိုကောင်းသည့်အရာများနှင့် အစားထိုးအသုံးပြုမည်ဖြစ်သည်။ Windows Super Site က Surface Pro 2 နှင့် ပတ်သက်သည့်အချက်များကို ဖော်ပြခဲ့ခြင်းဖြစ်ပြီး Intel ၏နောက်မျိုးဆက် Haswell Core i5 CPU ကိုသုံးထားကာ RAM ကို 4GB မှ 8GB အထိ အသုံးပြုနိုင်မည်ဖြစ်သည်။ battery သက်တမ်းကိုလည်း ယခင် ၅ နာရီမှ ၇ နာရီကြာအထိ သုံးစွဲနိုင်မည်ဖြစ်သလို Windows 8.1 OS ကို တစ်ပါတည်းထည့်သွင်းပေးမည်ဖြစ်သည်။ tablet ကိုအနေအထား ၂ မျိုးဖြင့်တင်ကာအသုံးပြုနိုင်မည့် kickstand ကိုလည်း ပုံစံအဆင့်မြှင့်ကာထုတ်လုပ်ပေးဦးမည်ဖြစ်သည်။ သို့ရာတွင် Surface Pro 2 မှာ touch စနစ်သုံး မျက်နှာပြင်မဟုတ်သည့်အတွက် Touch စနစ်ကိုအလေးပေးထားသည့် Windows 8.1 ၏ထောက်ပံ့မှုကို အပြည့်ရရှိနိုင်ဖွယ်မရှိပေ။ Microsoft မှာ Surface RT မျိုးဆက်သစ်နှင့် Surface Mini ကိုပါ ထုတ်လုပ်နေသည်ဟုလည်းသိရှိရသည်။

# Windows eye-tracking စနစ်သုံး SDK အတွက် အမှာများကိုစတင်ခေါ်ယူ

ပြီးခဲ့သည့် ၂၀၁၂ အတွင်းက Tobii ဟုခေါ်သောကုမ္ပဏီတစ်ခုမှာ Windows PC တွင်သုံးနိုင်သော Gaze အမည်ရှိ hardware device တစ်ခုကို စမ်းသပ်ထုတ်လုပ်ပြသခဲ့ပြီးအဆိုပါ device မှာမျက်လုံး၏ရွေ့လျားမှုဖြင့် PC လုပ်ဆောင်မှုများကို ထိန်းချုပ်နိုင်စေမည်ဖြစ်သည်။ သို့ရာတွင် Tobii ၏ အဆိုပါနည်းပညာသုံး device မှာအသင့်သုံးစွဲနိုင်သည့်ထုတ်ကုန်အဖြစ် ထွက်ပေါ်ခြင်းမရှိခဲ့ပေ။ ယခုတစ်ကြိမ်တွင်တခြားသောကုမ္ပဏီတစ်ခုက Tobii Gaze ကဲ့သို့မျက်လုံးရွေ့လျားမှုစနစ်ကနေထိန်းချုပ်လုပ်ဆောင်နိုင်စေသော ထုတ်ကုန်တစ်ခုကိုရောင်းချရန်ရှိနေပြီး Eye Tribe Tracker ဟုခေါ်သော အဆိုပါထုတ်ကုန်သစ်မှာ Windows device များအတွက်ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကာ USB Port မှတစ်ဆင့် PC နှင့် tablet များကိုချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါထုတ်ကုန်မှာဒိန်းမတ်နိုင်ငံအခြေစိုက် Eye Tribe အဖွဲ့၏ အားထုတ်ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး အဆိုပါထုတ်ကုန်၏ hardware SDK (software development kit) အတွက် ကြိုတင်အမှာများကို စတင်ခေါ်ယူနေပြီဖြစ်သည်။ အဆိုပါနည်းပညာကိုသုံးကာ developer များအနေဖြင့် မျက်လုံးဖြင့် ထိန်းချုပ်လုပ်ဆောင်နိုင်မည့် apps များကိုဖန်တီးနိုင်မည်ဖြစ်ပြီး နမူနာ prototype ၏တန်ဖိုးမှာ ၉၉ ဒေါ်လာကျမည်ဖြစ်သည်။ Surface Pro တွင်တိုက်ရိုက်တပ်ဆင်အသုံးပြုနိုင်စေမည့် အထူး mount ပါဝင်သော prototype မှာမူ နောက်ထပ် ဒေါ်လာ ၅၀ ထပ်ဆောင်ပေးရမည်ဖြစ်သည်။ တင်ပို့မှုကိုမူ ယခုနှစ်မကုန်ခင် စတင်မည်ဖြစ်သော်လည်း Eye Tribe Tracker ၏ consumer version ကို မည်သည့်အချိန်တွင် ထုတ်မည်နှင့်တန်ဖိုးမည်မျှဆိုသည်ကို ပြောဆိုခဲ့ခြင်းမရှိပေ။

# LG က G Pad 8.3 Tablet ကို IFA ပွဲတွင် အသေးစိတ်ထပ်မံမိတ်ဆက်သွားခဲ့

LG က Optimus G Pad 8.3 tablet ကို IFA ပြပွဲတွင်အသေးစိတ်ထပ်မံမိတ်ဆက်သွားခဲ့ပြီး ကနဦးစတင်မိတ်ဆက်ခဲ့သည်မှာ ဩဂုတ်လ ၃၁ ရက်နေ့တွင်ဖြစ်သည်။ အဆိုပါ tablet သစ်မှာ iPad mini, Nexus 7 (2) နှင့် Samsung Galaxy Tab 3 8.0 tablet များကိုအဓိကယှဉ်ပြိုင်သွားမည်လည်းဖြစ်သည်။

G Pad 8.3 မျက်နှာပြင်မှာ သူ့အမည်တွင်ပါသည့်အတိုင်း 8.3-inch ရှိပြီး 1920x1200 Pixel ထောက်ပံ့မှုရှိကာ ppi သိပ်သည်းမှုမှာ 273ppi ရှိမည်ဖြစ်သည်။ tablet ၏အထူမှာလည်း 8.3mm သာရှိ၍ သူ့အတန်းအစားထဲတွင် ပါးလွှာမှုရှိမည်ဖြစ်သည်။ အလေးချိန်မှာ 338g သာရှိမည်ဖြစ်သည့်အတွက် 7.9-inch အရွယ်ရှိသော Apple iPad mini ၏ အလေးချိန်နှင့် သိပ်ကွာခြားမည်မဟုတ်ပေ။ ကိုယ်ထည်ပိုင်းကိုလည်း ပေ့ါပါးစေမည့် အလူမီနီယံဖြင့်တည်ဆောက်ထားသည့်အချက်က အရွယ် 8.3-inch ရှိသော်လည်း အလွန်လေးသည့်အနေအထားမျိုး မရှိစေခြင်းဖြစ်သည်။ quad-core 1.7GHz မြန်နှုန်းရှိ Snapdragon 600 processor ကိုသုံးထားပြီး Adreno 320 GPU နှင့် 2GB RAM တို့က လိုက်ဖက်ညီစွာပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ OS ပိုင်းအတွက် Android 4.2.2 ကိုအသုံးပြုပေးထားသည်။ 5MP rear camera က ကြည်လင်ပြတ်သားသောပုံများရိုက်ယူစေနိုင်ပြီး video calling အတွက် 1.3MP front camera ကို ပံ့ပိုးပေးထားသည်။ 16GB storage ပါဝင်ပြီး SD card ထောက်ပံ့မှုမှတစ်ဆင့် 64GB အထိတိုးမြှင့်သုံးစွဲနိုင်မည်ဖြစ်သည်။ စွမ်းအားမြင့် 4600 mAh battery ကိုသုံးထားပြီး ယခုနှစ်မကုန်ခင် ဈေးကွက်ထဲတင်ပို့သွားမည်ဟုသိရှိရသည်။

# Xiaomi က အဆင့်မြင့် MiPhone 3 စမတ်ဖုန်းသစ်ကိုကြေညာ

တရုတ်အခြေစိုက် စမတ်ဖုန်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Xiaomi မှာ ၎င်းတို့ထုတ်လုပ်ခဲ့သမျှစမတ်ဖုန်းထဲတွင် အကောင်းဆုံးနှင့် အမြန်ဆုံးဆိုသည့် MiPhone 3 ကိုတရားဝင်မိတ်ဆက်ပြသလိုက်ပြီဖြစ်သည်။

အဆိုပါစမတ်ဖုန်းသစ်ကို တရုတ်နိုင်ငံတွင်သာမက ပြည်ပဈေးကွက်များသို့ပါ ဖြန့်ချိတင်ပို့သွားမည်ဖြစ်၍ဈေးကွက်ယှဉ်ပြိုင်မှုတွင် တခြားသောအဆင့်မြင့်စမတ်ဖုန်းများနှင့်ပါ ထိပ်တိုက်တွေ့ဆုံရန်ရှိနေသည်ဟုလေ့လာသုံးသပ်သူများက ဆိုထားကြသည်။

MiPhone 3 စမတ်ဖုန်း၏မျက်နှာပြင်မှာ 5-inch Full HD IPS display ကိုအသုံးပြုထားပြီး 441ppi ထောက်ပံ့မှုရရှိမည်ဖြစ်သည်။ CPU ပိုင်းတွင် quad-core 1.8GHz မြန်နှုန်းရှိ Nvidia Tegra 4 နှင့် quad-core 2.3GHz မြန်နှုန်းရှိ Qualcomm Snapdragon 800 processor တို့ကို ထုတ်လုပ်ထားပြီး နှစ်သက်ရာရွေးချယ်နိုင်စေမည်ဖြစ်သည်။ RAM အတွက် 2GB သုံးထားပြီး Sony ၏ 13MP Exmor RS CMOS rear camera ကို တပ်ဆင်ပေးထားသည်။ aperture မှာ F2.2 ရှိ၍ 28mm အထိ မြင်ကွင်းကျယ်ကိုရရှိစေကာ lens ၅ ခုခံသုံးထားကာ dual-LED flash ကိုပါတပ်ဆင်ပေးထားသည်။ BSI စနစ်သုံး 2MP front camera ကလည်း video calling လုပ်ဆောင်မှုအပြင် ကောင်းမွန်သည့်ရုပ်ထွက်များကို ရရှိစေဦးမည်ဖြစ်သည်။ NFC, 2.4/5G Wi-Fi ထောက်ပံ့မှုများပါဝင်ပြီး ရေရှည်သုံးစွဲနိုင်စေရန် 3050mAh Battery အမျိုးအစားကိုထည့်သွင်းပေးထားသည်။

ဖုန်း၏အထူမှာလည်း 8.1mm သာရှိမည်ဖြစ်၍ အလွန်ပါးလွှာသည့်အတန်းအစားထဲတွင်မပါဝင်သော်လည်း Samsung ၏ Galaxy S4 ထက် 0.2mm သာပိုထူမည်ဖြစ်သည်။ အလေးချိန်တွင်လည်း S4 ထက် 15g သာပိုလေးသည့် 145g သာရှိသည်။ ဖုန်းမှာ အလူမီနီယံကိုယ်ထည်ကို အသုံးပြုထားကာ Nokia ထုတ်ဖုန်းနှင့်ဆင်တူမှုရှိသည်။ LG G2, Sony Xperia Z1 ဖုန်းများကဲ့သို့ စွမ်းဆောင်ရည်မြင့်မားသည့်အပြင် ဈေးနှုန်းပိုင်းတွင်မူ 16GB အတွက် ၃၂၇ ဒေါ်လာကျသင့်မည်ဖြစ်ပြီး 64GB အတွက် ၄၀၈ ဒေါ်လာကျမည်ဖြစ်သည်။ MiPhone 3 ကိုစက်တင်ဘာလ ၉ ရက်မှစတင်ရောင်းချပေးလျက်ရှိသည်။

# Panasonic Toughpad 4K Tablet ကို ဥရောပသို့ဖြန့်ရန်ရှိ

Panasonic သည် ယခုနှစ်အစောပိုင်းတုန်းက prototype နမူနာအမျိုးအစားဖြစ်သော Toughpad 4K tablet ကိုစတင်ပြသခဲ့ပြီးနောက် ယခုအခါတွင် အဆိုပါ 20-inch အရွယ် Windows tablet ကို လာမည့်နိုဝင်ဘာတွင် ဥရောပသို့ ယူရို ၄,၅၀၈ (၃၈၀၀ ပေါင်)နှုန်းဖြင့် စတင်ဖြန့်ချိသွားရန်ရှိနေသည်။ သို့ရာတွင် UK သို့ဖြန့်မည့်ရက်နှင့် ဈေးနှုန်းအတိအကျကိုမူ Panasonic က ပြောဆိုခြင်းမရှိသေးပေ။ အဆိုပါ tablet မှာ အကြမ်းခံအတန်းအစားထဲတွင်ထည့်သွင်းနိုင်မည်ဖြစ်ပြီး အမြင့် ၁ မီတာမှ ပြုတ်ကျဒဏ်ကိုခံနိုင်သည်ဟုဆိုထားသည်။

Toughpad 4K Tablet မှာ Windows 8 Pro ကို တစ်ပါတည်း run ပေးထားပြီး 3840x2560 IPS display ကိုသုံးထားကာ 230ppi နှင့် 15:10 aspect Ratio ရှိမည်ဖြစ်သည်။ ထို့အပြင် tablet ပေါ်တွင်စာရေးသားခြင်းနှင့်ပုံကြမ်းရေးဆွဲခြင်းတို့အတွက် သုံးနိုင်မည့် Anoto Live Pen ကိုပါ တစ်ပါတည်းထည့်သွင်းပေးထားမည်ဖြစ်ပြီး တစ်ကြိမ်အားသွင်းရုံဖြင့် ၆ နာရီကြာအသုံးခံမည်ဖြစ်၍ ၂ နာရီသာဆက်တိုက်သုံးနိုင်မည့် tablet ထက်ပိုမိုကြာရှည်စေမည်ဖြစ်သည်။ standard နှင့် performance ဆိုပြီး အမျိုးအစား ၂ ရပ်ထုတ်မည်ဖြစ်ကာ ၂ မျိုးစလုံးမှာ 1.8GHz Intel Core i5 processor, Nvidia GeForce GT 745M graphics card နှင့် Windows 8.1 တို့ပါဝင်မည်ဖြစ်သလို USB 3.0 port တစ်ခု၊ HDMI port တစ်ခုနှင့် SD card slot တစ်ခုတို့လည်းတပ်ဆင်ပေးထားသည်။ video chat သုံးနိုင်မည့် Front-facing Camera လည်း ပါဝင်မည်ဖြစ်သည်။ Standard model ရှိ 4GB RAM ကို 8GB အထိတိုးမြှင့်နိုင်ပြီး 128GB SSD နှင့် 2.3kg အလေးချိန်ရှိကာနိုဝင်ဘာမှာဥရောပသို့ စတင်ဖြန့်မည်ဖြစ်သည်။ performance model ရှိ 8GB RAM ကိုမူ 16GB အထိတိုးနိုင်မည်ဖြစ်ကာ 256GB SSD နှင့် 2.7kg အလေးချိန်ရှိပြီး ၂၀၁၄ မှာသာဝယ်ယူနိုင်ဖွယ်ရှိသည်။

# HP က Windows 8 ထုတ်ကုန်သစ်များကို IFA ပွဲတွင် ထုတ်ဖော်ပြသ

HP ကုမ္ပဏီသည် IFA ပြပွဲတွင် ၎င်းတို့၏ Windows 8 ထုတ်ကုန်သစ်ပြသသွားခဲ့ရာတွင် ENVY Reclind ဟုခေါ်သည့် all-in-one PC လည်းပါဝင်ခဲ့ပြီး အဆိုပါ PC မှာ touch စနစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါ all-in-one PC မှာ အရွယ်အစားအားဖြင့် 23-inch နှင့် 27-inch ဆိုပြီး ၂ မျိုးထုတ်ထားပြီး Beats Edition version သုံးထားသော 23-inch အမျိုးအစားမှာ speakers စနစ်ပိုကောင်းသလို case ပေါ်တွင်လည်း အနီနှင့်အနက်ရောင် ၂ မျိုး ခြယ်သထားသည်ကိုပါတွေ့ရှိရမည်ဖြစ်သည်။ ENVY Recline PC တွင် touch-screen အတွက် ပတ္တာတစ်ခုပါဝင်ပြီး အကွေးအညွှတ်လုပ်နိုင်စေရန်သာမက stand ရှိနေသောခုံမျက်နှာပြင်ပေါ်တွင်ပါ ရွေ့လျားမှုပြုလုပ်နိုင်စေမည်ဖြစ်သည်။ အဆိုပါ ENVY Recline PC အမျိုးအစားများတွင် Intel ၏ စတုတ္ထမျိုးဆက် Core processor များသုံးစွဲမည်ဖြစ်ပြီး RAM ကို 16GB အထိမြှင့်နိုင်သလို storage ကိုလည်း 1TB အထိ သုံးစွဲနိုင်မည်ဖြစ်သည်။ 23-inch နှင့် 27-inch အမျိုးအစားများကို HP ဝက်ဘ်ဆိုက်တွင် စတင်ရောင်းချနေပြီဖြစ်ပြီး ဈေးနှုန်းမှာ ၁,၀၉၉ ဒေါ်လာမှ စတင်မည်ဖြစ်သည်။ အသံစနစ်ပိုကောင်းသော Beats special edition version မှာမူ နိုဝင်ဘာရောက်မှသာ ရောင်းချနိုင်ဖွယ်ရှိသည်။ ထို့အပြင် HP မှာ ENVY Phoenix 810 desktop အမျိုးအစားကိုပါ မိတ်ဆက်ခဲ့ပြီး gaming PC အတွက် အထူးသင့်လျော်မည်ဖြစ်ကာ Intel Core i7 processor, up to 16GB RAM, up to 3 TB storage တို့အထိသုံးနိုင်ပြီး Nvidia GTX 760 GPU တပ်ဆင်ပေးထားသည်။ အောက်တိုဘာ ၁၆ တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁,၂၉၉ ဒေါ်လာမှ စတင်မည်ဖြစ်သည်။နောက်ဆုံးထုတ်ကုန်တစ်ခုမှာ Pavilion 23tm touch-screen monitor ဖြစ်ပြီး Windows 8 PC နှင့် တွဲဖက်သုံးစွဲပါက အကောင်းဆုံးအလုပ်လုပ်စေနိုင်မည်ဖြစ်သည်။ 23-inch Full HD display မျိုးဖြစ်ပြီး အဆင့်မြင့် speaker ၂ လုံးပါဝင်ကာ ၃၄၉ ဒေါ်လာဖြင့် အောက်တိုဘာ ၆ ၌ စတင်ရောင်းချသွားမည်ဟုသိရသည်။


acer
explore beyond limits™
ACER SEPTEMBER 2013 LUCKY DRAW PROMOTION
6th - 30th SEPTEMBER
SPECIAL
LUCKY DRAW
FOR ASPIRE V5-431 ONLY
ACER LIQUID Z3 HAND SET
